
www.burmeseclassic.com

…ာင်မြင့်စာပေ

ဂ န္တိ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု

# ကြိုစဏ (၂)

သစ္စာပါလဘား



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ထံသို့ အနယ်နယ်အရပ်ရပ်မှ ထူးခြား ဆန်းကြယ်သော အကြောင်းအရာများနှင့် ဝတ္ထုဇာတ်လမ်း ပေးပို့ကြသူများ ရှိပါတယ်။

ထိုအကြောင်းအရာ အချက်အလက်များကို အလျဉ်း သင့်သော ဝတ္ထုဇာတ်လမ်းများထဲတွင် ထည့်သွင်းရေးသားပါမည်ဟု ပန်ကြားရင်း ထိုသို့ ပေးပို့ကြသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါသည်။

ကျွန်တော်တို့ထံသို့ စာရေး ဆက်သွယ်ကြသူများကို ကြိုးစား၍ စာပြန်ပေးလျက် ရှိပါကြောင်းနှင့် မိမိတို့၏ လိပ်စာများ ထည့်သွင်းရေးသားကြပါရန် ပန်ကြားရင်း ကျွန်တော့်ရဲ့ စာဖတ်ပရိတ်သတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်. . . . ။

စာဖတ်သူများရဲ့ မေတ္တာရိပ်အောက်မှ. . .

(ကြီးစက္ကူ)

ဆက်သွယ်ရန် အမှတ်- ၂၂၆၊ ဘုရင့်နောင်လမ်း၊
ကျောက်ရေတွင်း မြောက်ပိုင်း၊
(၅)ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်။
ဖုန်း- ၀၁- ၆၅၀၀၃၆

☺ အောင်မြင်စာပေ ☺



# ဒဿနလက်ဆောင်

* မိုးချုန်းသံတွေကို ကြောက်ရွံ့ပြီး အပြင်မထွက်ဝံ့တဲ့သူဟာ မိုးရေရဲ့ အေးမြမှုအရသာကို ဘယ်သောအခါမှ ရမည် မဟုတ်ပေ။

* မိခင်တစ်ယောက်အနေနဲ့ သားကောင်းရတနာ တစ်ယောက်ကို လိုချင်ရင် မွေးဖွားခြင်းဆိုတဲ့ ဒုက္ခကိုတော့ လက်ခံရမှာပဲ။ အသက်စွန့်ပြီး ကျော်ဖြတ်ရမှာပဲ။

* အချိန်နဲ့ အခွင့်အရေးဆိုတာ ပူဆွေးသောက ရောက်နေတဲ့သူတွေအတွက် ကြန့်ကြာတတ်ပေမယ့် ပျော်ရွှင်နေသူတွေအတွက်ကတော့ အကုန်မြန်လှပါတယ်။ ဒါဟာ အချစ်ရဲ့ လှည့်စားမှုကို ခံရတာပါပဲ။

* စိတ်ရဲ့ပျော်ရွှင်မှုကို အလျင်မြန်ဆုံး ဆောင်ရွက်ပေးနိုင်သောအရာမှာ ချစ်သူရဲ့ ကြင်နာခြင်းပင် ဖြစ်သည်။

အောင်မြင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



* စိတ်သောကတွေကို ကြာရှည် သိုလှောင်ထားခြင်းဟာ ရှင်သန်ခြင်းဆိုတဲ့ အပင်ကို အမြစ်ပုတ်စေတတ်ပါတယ်။

* ဘယ်သူမဆို စိတ်ချမ်းသာမှုကို လိုချင်ကြတယ်၊ ဒါပေမယ့် စိတ်ချမ်းသာမယ့်အလုပ်ကို တကယ်လုပ်ပါဆိုပြန်တော့လည်း ဝန်လေးနေကြတယ်။

* ဘဝဆိုတာ ချိန်ခွင်လျှာ တစ်ခုလိုပါပဲ။ ငယ်စဉ်က မကြိုးစားခဲ့ရင် ကြီးတဲ့အခါ လေးလံတဲ့တာဝန်တွေကို ထမ်းရွက် ရတတ်တယ်။ ငယ်ရွယ်စဉ်က ကြိုးစားခဲ့မှသာ အသက်ကြီးတဲ့အခါ သက်တောင့်သက်သာ နေနိုင်ကြမှာပါ။

* ပျားတစ်ကောင်ချင်းအတွက် ဂရုပြုစရာ မလိုပေမယ့် ပျားအုံ စုမိတဲ့အခါ ဘယ်လို သတ္တဝါမှ မခံနိုင်သလိုပဲ၊ ပညာနဲ့ ဥစ္စာ စုမိတဲ့အခါ လောကမှာ မကြောက်မရွံ့ ဖြတ်သန်းနိုင်ပါတယ်။





* အချစ်ကြောင့် စိတ်ချမ်းသာခြင်းကို လူတိုင်း နှစ်သက်သဘောကျသော်လည်း ထိုအချစ်ကြောင့် စိတ်ဆင်းရဲမှုဒဏ်ကိုတော့ ဘယ်သူမှ မခံနိုင်ပါဘူး။

* နေပူတယ်ဆိုပြီး ထိုင်နေရင် မိုးရွာတဲ့အခါ ရေစိုထဲမှာ နေရခက်ပါတယ်။

* အခြားသူများကို အားကိုးလွန်းတဲ့သူဟာ ကျီးကန်းသိုက်ထဲမှာ ဥဝင်ဥတဲ့ ဥဩငှက်လိုပါပဲ၊ သားပေါက်တဲ့အချိန်ကျတော့ အတူနေခွင့် မရနိုင်တော့ပါဘူး။

* တစ်ခါတစ်ရံမှာ အချစ်ဆိုသောအရာသည် လေပြေလေညင်းလို နူးညံ့ပျော့ပြောင်းပေမယ့် တစ်ခါတစ်ရံမှာတော့ မုန်တိုင်းလို ကြမ်းတမ်းခက်ထန်လှပါတယ်။ အဲဒီမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရင် လေပြေလေညင်းကို ပြန်တွေ့ရတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



* သစ်ပင်တစ်ပင်သည် ရေလုံးဝမရလျှင် အမြစ်ခြောက်၍ သေသည်။ ရေထဲ မြှုတ်နေပြန်တော့လည်း အမြစ်ပုတ်၍ သေပြန်လေသည်။ "မျှတမှု"သည် "အသက်" အတွက် အရေးအကြီးဆုံး ဖြစ်၏။

* ဘီစီ၊ ခရစ်၊ သာသနာ၊ ကောဇာ အစရှိသော သက္ကရာဇ်တို့သည် သမိုင်းခြေရာများကို ချိန်ရစ်၍ ကမ္ဘာကြီးအား အမျိုးမျိုး အဖုံဖုံ ပြောင်းလဲပစ်နေသည့် အရာများသာ ဖြစ်ပေသည်။

* ခန္ဓာကိုယ်ပေါ်၌ ရှိသောဒဏ်ရာ အဘယ်မျှပင် ကြီးမားစေကာမူ ခေတ်မီ နည်းပညာများဖြင့် ကုသပါက အလွယ်တကူ ပျောက်စေနိုင်သော်လည်း နှလုံးသားပေါ်မှာ ကျန်သော ဒဏ်ရာဒဏ်ချက်များကတော့ သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ၊ မည်သည့် နည်းပညာနှင့်မှ ကုသ၍ မပျောက်နိုင်ပါပေ။



# ပါဝင်သော အခန်းများ


အခန်း (၁) ယောဂကျင့်စဉ်နှင့် ထူးခြားသော ပုံရိပ်
အခန်း (၂) စွန်လွှန်တောင်မှ သူရဲကောင်း
အခန်း (၃) ရဲတိုက်ထဲမှ အကျဉ်းစံ မင်းသမီး
အခန်း (၄) ရှောဟာဏီနှင့် ပါစကာ
အခန်း (၅) ရှမ်ဗဲလားဆိုတာ
အခန်း (၆) မရကာလိုက်ဂူမှ မြွေဖြူအန္တရာယ်
အခန်း (၇) အနုရာဓ စိန်ရောင်ခြည်နှင့် ကိုယ်ပွားရန်စွယ်
အခန်း (၈) နွေပန်းချီထဲက ကေသရီ
အခန်း (၉) နက္ခတ်တာရာနှင့် ကံကြမ္မာ
အခန်း (၁၀) ကံကြမ္မာနှင့် ဆန်းကြယ်မှုများ
အခန်း (၁၁) သိဒ္ဓိဝင် ပြဒါးလုံးနှင့် ဝံပုလွေမျိုးနွယ်များ
အခန်း (၁၂) ဗျူဟာ၏ အကြံအစည်
အခန်း (၁၃) အနုရာဓ အောင်ပွဲ
အခန်း (၁၄) မကြင်ဝေးဝေး ဆွေးပေဦးတော့ ချစ်သူ
အခန်း (၁၅) ကေလာသမှ ပုတ္တရအမွေ
အခန်း (၁၆) ပုတ္တရအမွေနှင့် သားကောင်းရတနာ
အခန်း (၁၇) သူရဲကောင်းတို့၏ မျိုးဆက်တို့ပွဲ
အခန်း (၁၈) သစ္စာထုံသည့် မေတ္တာဆုံပွဲ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

# ယောဂကျင့်စဉ်နှင့် ထူးခြားသောပုံရိပ်

မြန်မာနိုင်ငံ၏ အရှေ့မြောက်စူးစူးဘက်၌ တရုတ်ပြည် ရှိသည်။ တရုတ်ပြည်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သောနေရာ ဖြစ်သည်နှင့်အညီ ရှေးဟောင်း အမွေအနှစ်များစွာ၊ ရှေးဟောင်း ဆေးပညာ၊ သိုင်းပညာနှင့် ဂမ္ဘီရပညာဟု ဆိုအပ်သော လျှို့ဝှက်ဆန်းကြယ်သော ပညာများ ကြွယ်ဝ ပေါများသော နေရာတစ်နေရာ ဖြစ်ပေသည်။

ထိုအထဲတွင် မဟာရံ တံတိုင်းကြီးနှင့် ခွန်[illegible] တောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းတို့မှာ အထူး ထင်ရှားကျော်ကြားသော နေရာကြီးများလည်း ရှိပေသည်။

တရုတ်တို့က ခွန်လွန် တောင်တန်းကြီးကို ဂန္ဓာရီ ပင်ရင်းဒေသကြီးအဖြစ် သတ်မှတ်ထားကြလေသည်။ ထိုကဲ့သို့ သတ်မှတ်ရန်လည်း အကြောင်းများစွာ ရှိပေသည်။ ၎င်းတို့နှင့် နယ်မြေချင်း ဆက်စပ်လျက် ရှိသောနေရာများကလည်း ဘာသာရေးအရရော ဂမ္ဘီရပညာများပါ လျှို့ဝှက်ဆန်းကြယ်သော နေရာများ ဖြစ်ကြပေသည်။

၎င်းတို့နှင့် နယ်မြေချင်း ဆက်စပ်လျက် ရှိသော တိဘက်နိုင်ငံများ၊ ရှမ်ဗဲလားနယ်မြေနှင့် တိဗက် လားမားရဟန်းတော်ကြီးများ၏ ဂူအောင်းကျင့်စဉ်များမှာ ထူးခြား၍ ထင်ရှားလှပေသည်။

အိန္ဒိယနိုင်ငံ ဆိုလျှင်လည်း ဘာသာရေးအရရော အိန္ဒိယနိုင်ငံ ယောဂီကြီးများ၏ ကျင့်စဉ်များသည် အံ့သြဖွယ်ရာ ကောင်းလှပေသည်။ ဟိမဝန္တာမှ ဆရာသခင်များဟု တင်စား ခေါ်ဝေါ်ကြသည့် အိန္ဒိယ ယောဂီကြီးများ အကြောင်းမှာ လူသိများလှပေသည်။

မြန်မာနိုင်ငံဆိုလျှင်လည်း ဘာသာရေးအရ ထူးခြားလေးစားယုံကြည်သော နိုင်ငံတစ်နိုင်ငံ ဖြစ်စေရုံမက ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်များနှင့် ဆန်းကြယ်သော ပညာရပ်





များလည်း ရှိပေသည်။ ထိုအထဲတွင် အစွမ်းထက်လှသော ဓါတ်ပညာနှင့် အင်္ဂရုတ် ပညာများကို ယနေ့အထိ ဘယ်နိုင်ငံက ဘယ်ပညာရှင်မှ လိုက်လံ တုပ၍ မမီနိုင်ကြသေးပေ။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ နှစ်ပေါင်း တစ်ရာကျော် သိမ်းပိုက်၍ မြန်မာနိုင်ငံမှာ အဖိုးတန် သယံဇာတ ပစ္စည်းများစွာတို့ကို ယူဆောင်သွားကြသော်လည်း ဓါတ်ပညာနှင့် ဆေးပညာတို့ကိုတော့ မရကြပေ။

ထို့ပြင် အင်္ဂရုတ်ပညာတို့ကိုလည်း တစ်စွန်းတစ်စမျှပင် မရသွားခဲ့ကြပေ။ မြန်မာနိုင်ငံမှာ အင်္ဂရုတ်ပညာနှင့် ဓါတ်ပညာရှင်များကလည်း တစ်စွန်းတစ်စမျှပင် အသိမပေးခဲ့ကြပေ။ နှစ်ပေါင်းတစ်ရာကျော် ကျွန်ပြုခံရပြီး အခြားအဖိုးတန်ရွှေငွေရတနာ၊ ကျွန်းသစ်၊ ရေနံ၊ ဓါတ်သတ္တုများ ပါသွားစေကာမူ အဖိုးတန် ပညာရပ်များ ပါမသွားသည်ကပင် ဖြေသာသော အချက် ဖြစ်၏။

သို့ကြောင့်လည်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာသာ ရှိသော၊ မြန်မာနိုင်ငံမှ ပညာရှင်များသာ တတ်ကျွမ်းသော အင်္ဂရုတ်ပညာနှင့် ဓါတ်ပညာ၊ ဆေးပညာကို ကမ္ဘာပေါ်မှာ ရှိသော မည်သည့် နိုင်ငံ၊ မည်သည့် ပညာရှင်ကမှ လိုက်၍ တုပ၍ မရသေးပေ။

တရုတ်နိုင်ငံသည် ထိုကဲ့သို့သော ဂမ္ဘီရဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



ပညာများဖြင့် ထူးခြားသော တိဗက်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ဖြင့် ဆက်စပ်လျက် ရှိသည့် တရုတ်နိုင်ငံသည်လည်း ဂန္ဓာရီပင်ရင်း ဒေသကြီးတစ်ခုအဖြစ် လူအများ ထင်ရှားလေသည်။

အထူးသဖြင့် ခွန်လွန်တောင်တန်းကြီးသည် တရုတ်တို့၏ ဂန္ဓာရီ ပင်မဒေသကြီးအဖြစ် သတ်မှတ်ကြလေသည်။ ခွန်လွန် တောင်တန်းကြီးသည် မြူနှင်းများအောက်၌ တည်ငြိမ်စွာ တည်ရှိလေသည်။ ဝေ့ဝိုင်းလျက် ရှိသော အအေးဓာတ်တို့က ပတ်ဝန်းကျင်တဝိုက်သို့ ထွေးပတ်ထားရာ ကြည့်လေမြင်လေရာတို့၌ မှိုင်းမှိုင်းလျက် ရှိနေပေသည်။ ခွန်လွန်တောင်တန်းကြီးမှာ တရုတ်ပြည် မြောက်ဘက်၌ တည်ရှိပြီး အိန္ဒိယမှ ဟိမဝန္တာ တောင်တန်းကြီးတို့နှင့်လည်း ဆက်စပ်လျက် ရှိသည်။

ထိုပတ်ဝန်းကျင်တဝိုက်တွင် ထူထပ်သော သစ်တောကြီးများ၊ ကျောက်တောင် ကျောက်ခွက်များ၊ ဂူများ၊ လွင်ပြင်ချိုင့်ဝှမ်းများ၊ သဲကန္တာရများ၊ မြစ်ချောင်းများစွာတို့က ဝန်းရံထားလေသည်။

အမှန်တော့ ခွန်လွန်တောင်တန်းကြီး မြစ်ဖျားခံရာဒေသမှာ တရုတ်ပြည် မြောက်ဖက်ဖျားရှိ 'စင်ကျန်နယ်' ၏ အနောက်ဘက်၌ ဖြစ်ပေသည်။ ထိုနေရာသည် သားရဲတိရစ္ဆာန် ထူပြောခြင်း၊ ရာသီဥတု ကြမ်းတမ်းခြင်း၊ ခရီးလမ်း





ခက်ခဲခြင်းများကြောင့် လူသူအရောက်အပေါက် နည်းလှသော နေရာလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများက မြန်မာနိုင်ငံ မြောက်ဘက်ဖျားမှ ခါကာဘိုရာဇီ တောင်ကြီးကို မြတ်နိုးကြသည်။ အိန္ဒိယနိုင်ငံသူ နိုင်ငံသားများက ဟိမဝန္တာတောင်တန်းကြီးကို အလေးအမြတ် ထားကြသည်။ ထိုကဲ့သို့ပင် တိဗက်နယ်သူ နယ်သားများက ကေလာသ တောင်တော်မြတ်ကို အထွတ်အမြတ် ထားကြလေသည်။

တရုတ်တို့ကတော့ ခွန်လွန်တောင်တန်းကြီးကို ဂန္ဓာရီပင်မ ဒေသကြီးအဖြစ် သတ်မှတ်ကြလေသည်။ ထိုခွန်လွန်တောင်တန်းကြီး၌ ကျောက်စိမ်း တောင်ထွတ်ကြီး ရှိသည်ဟု တရုတ်သမိုင်းနှင့် ဒဏ္ဍာရီများ၌ ဖော်ပြလေ့ ရှိကြသည်။

ထို့ပြင် ထိုကျောက်စိမ်းတောင်ထွတ်ကြီး၌ သာယာတင့်ဆန်းလှသည့် နန္ဒဝန် ဥယျာဉ်တော်ကြီး တည်ရှိသည်ဟုလည်း ဆိုသည်။ ထိုနန္ဒဝန် ဥယျာဉ်တော်ကြီး၌ နှစ်ပေါင်း (၃၀၀၀)တွင် တစ်ကြိမ်သာ သီးသော အမတ သစ်တော်သီးပင်ကြီး ရှိသည်။ ထိုသစ်တော်သီးကို တရုတ်ဘာသာစကားဖြင့် 'ပန်းတောက်ဟွိ' ဟု ခေါ်ကြသည်။

တရုတ်ပြည်၌ ရှိကြသော ဂန္ဓာရီ ပညာရှင်များက ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များတို့သည် အိုခြင်း၊ နာခြင်း ကင်း



www.burmeseclassic.com

www.burmeseclassic.com



သော ပန်းတောက်ဟွိ သစ်တော်သီးကို မှီဝဲ၍ တရားဓမ္မ ရှာဖွေရန် နန္ဒဝန် ဥယျာဉ်ကြီးသို့ လာရောက်ကြသည်ဟု ဆိုသည်။ ထွက်ရပ်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ရှစ်ပါးတို့သည်လည်း ခွန်လွန်တောင်တန်းရှိ သူတော်စင်တို့ စုဝေးရာ နန္ဒဝန်ဥယျာဉ်သို့ လာကြသည်။

ထိုသို့ စုဝေးနေရာကိုပင် ရှမ်ဗဲလား၏ ဝင်ပေါက်သို့မဟုတ် တစိတ်တဒေသ ပါဝင်သောနေရာ ဖြစ်မည်ဟု ခန့်မှန်း ရေးသားကြသည်။ အမတ ပန်းတောက်ဟွိ(ခေါ်) သစ်တော်ပင်ကြီးကို စောင့်ရှောက် တာဝန်ယူရသော ပုဂ္ဂိုလ်မှာ မယ်တော့် "ရှိဝမ်းမူ" ဖြစ်လေသည်။

မယ်တော် ရှိဝမ်းမူကပင် နန္ဒဝန် ဥယျာဉ်သို့ လာရောက် စုဝေးကြသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအား အမတ ပန်းတောက်ဟွိ သစ်တော်သီးများ မှီဝဲ ဘုဉ်းပေးနိုင်ရန် စီမံဆောင်ရွက်ပေးရသည်ဟု ဆိုသည်။

တရုတ်ပြည်မှ ဂန္ဓာရီ မှတ်တမ်းများတွင် ခွန်လွန်တောင်တန်းအနီးတွင် တာဝန်ယူ စောင့်ရှောက်ရသော ယင်စီရှိသည်။ ယင်စီသည် လူတို့ လွန်စွာ နှစ်သက်သော လက်ဖက်ရည် အဖန်ကို လမ်းညွှန် ပြသပေးခဲ့သည်ဟု ဆိုပါသည်။ ယင်စီက လူသားတစ်ဦးအား ထိုလက်ဖက်ရည် အဖန်ကို တိုက်ပြီး ဦးစွာ အသိပေးခဲ့ခြင်း ဖြစ်သည်။





ထိုလူသားမှာ ဘီစီ(၆၀၀)ခန့်က နာမည်ကျော်ခဲ့သော 'လာအိုဇူ' ဆိုသူ ဖြစ်သည်။ လာအိုဇူသည် တောက်ဝါဒကို ထူထောင် ဟောပြော ပို့ချသူ ဖြစ်သည်။ သူသည် ပိဋကတ်တိုက်မှူးအဖြစ် အမှုတော် ထမ်းရွက်နေရာမှ လူ့ဘောင် လောကီအရှုပ်အထွေးကို ခင်တွယ်ခြင်း မရှိတော့သဖြင့် ခွန်လွန်တောင်၌ စံမြန်းနေထိုင်သူ မယ်တော် ရှိဝမ်းမူရှိရာသို့ ကျွဲစီး၍ ထွက်လာခဲ့သည်။

ထိုသို့ လာရာ ခွန်လွန်တောင်အနီးသို့ ရောက်သောအခါ 'ယင်စီ' နှင့် တွေ့ဆုံပြီး ယင်စီသည် လာအိုဇူအား လက်ဖက်ရည်အဖန်ဖြင့် ဧည့်ခံကာ မယ်တော် ရှိဝမ်းမူ ရှိရာသို့ လမ်းညွှန်ပေးခဲ့လေသည်။

ထိုအချိန် လာအိုဇူမှတဆင့် လမ်းညွှန် ပြသပေးသောကြောင့် တရုတ်လူမျိုးတို့၏ လက်ဖက်ရည် အဖန်သောက်သော ဓလေ့ ပေါ်ပေါက်လာခဲ့သည်။ လက်ဖက်ရည်အဖန်သောက်လျှင် ကောင်းကျိုးချမ်းသာ ဖြစ်ပြီး သူတော်ကောင်းများနှင့် တွေ့ရတတ်သည်ဟု အစဉ်အဆက် ယုံကြည်လာကြသည်။

အာယုသိဒ္ဓိ ပြီးမြောက်သော အမတ ပန်းတောက်ဟွိ သစ်တော်ပင်အကြောင်းနှင့် ထိုသစ်သီးကို စားသောက်ခွင့်ရသူများအကြောင်း၊ မယ်တော် ရှိဝမ်းမူနှင့် သူတော်စင်များတို့



www.burmeseclassic.com

www.burmeseclassic.com



တရားရှာမှီးရန် တရားဆွေးနွေးရန်အတွက် နန္ဒဝန် ဥယျာဉ်ကြီးအတွင်းသို့ လာရောက်ကြသော အကြောင်းများကို ရေးသားပြီးနောက် ထိုနေရာသည်ပင် ရှမ်ဗဲလား၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု တွေးတော ရေးသားခဲ့ကြပေသည်။

ရှမ်ဗဲလားသို့ ရောက်ရန်၊ ရှမ်ဗဲလား အစစ်အမှန်ကို တွေ့ရှိရန် ကြိုးစား ရှာဖွေကြသူ အများအပြား ရှိသော်လည်း တကယ်တမ်း ရောက်ဖူးသူနှင့် ရှာဖွေ တွေ့ရှိသူကတော့ လွန်စွာ နည်းလှပေသည်။ မည်သို့ပင်ဖြစ်စေ၊ သူတော်စင်တို့ ပျော်မွေ့ရာ၊ ဂန္ဓာရီ လှည့်လည်သူတို့ နှစ်သက်ရာ ခွန်လွန် တောင်တန်းကြီးကတော့ ကမ္ဘာပေါ်မှာ ဂမ္ဘီရဆန်သော နေရာအဖြစ် နှစ်ပေါင်း ကြာမြင့်စွာ တည်ရှိနေခဲ့လေသည်။

နေရောင်ခြည်သည် မြူနှင်းများကို ထိုးဖောက်က ခွန်လွန်တောင်တန်းပေါ်သို့ ဖြာဆင်းကျလျက် ရှိသည်။ နေရောင်ခြည်၏ ဖျန်းပက် ထိတွေ့မှုကြောင့် တောင်ထွတ် တောင်တန်းများပေါ်၌ ရှိနေသော နှင်းခဲများမှာ ငွေရောင် တလက်လက် တောက်ပလျက် ရှိနေသည်။

ထိုတောင်တန်းကြီး၏ တောင်ထွတ် တစ်နေရာ၌ ကွက်လပ် တစ်နေရာ၌ လူရွယ်တစ်ယောက် ရှိနေလေသည်။ ၎င်းမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့် ရှိပြီး သွက်လက် ဖျတ်လတ်သော လူရွယ်တစ်ဦး ဖြစ်သည်။ လည်ဂုတ်အထိ





ကျနေကြသော ကြေးနီရောင် ဆံပင်ရှည်များ နဖူးမှ သားရေပြားဖြင့် စည်းပြီး နောက်ဘက်သို့ ချထားလေသည်။

သို့ကြောင့် ခန့်ထည်သော မျက်နှာမှာ ပေါ်လွင်လျက် ရှိသည်။ ကိုယ်ပေါ်မှာ ဝက်ဝံဖြူ သားရေဖြင့် ချုပ်ထားသော အင်္ကျီနှင့် ဒူးဆစ်အထိ ရှည်သော ဘောင်းဘီတို့ကို ဝတ်ဆင်ထားရ ကျစ်လစ်ကြံ့ခိုင်သော ကိုယ်ခန္ဓာမှာ ပေါ်လွင်လျက် ရှိနေတော့သည်။

ခြေထောက်တွင် ခြေသိုင်း သားရေဖိနပ်ကို စီးထားသည်။ ခါး၌ ဝံသားရေဖြင့် ချုပ်ထားသည့် ဓါးအိမ်တစ်လက် ချိတ်ဆွဲထားပြီး (၆)လက်မခန့် အလျားရှိသည့် အသွားထက်လှသော ဓါးမြှောင်တစ်လက်ကို ချိတ်ဆွဲထားသည်။

၎င်းနံဘေးမှာ ဓါးရှည်တစ်လက် ရှိသည်။ အဘိုးကိုယ်တိုင် စီမံပြုလုပ်ပေးထားသော "သစ္စာပါလ" ဓါးပင် ဖြစ်သည်။ ဓါးမှာ ငွေရောင်နှင့် အပြာလဲ့လဲ့အရောင် သမ်းလျက် ရှိသည်။

အားဖြင့် ခုတ်ပါက သံသံချင်းပင် တိကနဲ ပြတ်ကျသွားနိုင်လောက်ပြီး နူးညံ့သော ပုဝါတစ်ထည်ကို ဓါးသွားပေါ်တင်၍ လေဖြင့် မှုတ်ပါက တိကနဲပင် ပြတ်ကျလောက်အောင် အသွားထက်လှသည်။ ဓါးရိုးမှာ ဆင်စွယ်ဖြင့် ပြုလုပ်ထားပြီး လက်ကိုင်မြဲစေရန် ငွေကြိုးလိုင်းများဖြင့် ကွပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး. . . ဒီဓားဟာ အဘိုး နှစ်ပေါင်းများစွာ စီစဉ်ပြုလုပ်ထားခဲ့တဲ့ ဓားပဲ၊ လူကလေးအတွက် ရည်စူးပြီး ပြုလုပ်ခဲ့တာပါ. . . မင်းဟာ တစ်နေ့ကျရင် ဒီဓားနဲ့ တိုက်ပွဲပေါင်း များစွာ တိုက်ခိုက်ရလိမ့်မယ်၊ သစ္စာပါလ ဆိုတဲ့ အဓိပ္ပါယ်က သစ္စာဆိုတာ မှန်ကန်ခြင်း၊ ပါလဆိုတာ စောင့်ရှောက်ခြင်းလို့ အဓိပ္ပါယ် ရှိတယ်၊ ဒီတော့ ဒီဓားကို ကိုင်ဆောင်ခွင့် ရတဲ့သူဟာ အမှန်တရားကို စောင့်ရှောက်နိုင်တဲ့သူ ဖြစ်ပါစေကွယ်" ဟု ပြောဆို မှာကြားပြီး ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

လူရွယ်သည် လွန်စွာ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး ထိပ်၌ ရှိသော ကျောက်ဖျာတစ်ချပ်ပေါ်မှာ ငြိမ်သက်စွာ ထိုင်နေလေသည်။

သူသည် ထူးဆန်းသော ကျင့်စဉ်တစ်ခုကို ကျင့်နေခြင်း ဖြစ်၏။ သူသည် ကိုယ်ခန္ဓာအတွင်းမှာ ရှိသည့် 'နဒီများ' ကို ထွက်လေ ဝင်လေဖြင့် ရိုက်ခတ် လှုပ်နှိုးနေခြင်း ဖြစ်သည်။ ထိုကျင့်စဉ်မှာ ရှေးသူမြတ်တို့ အစဉ်အဆက် ကျင့်သုံးသွားခဲ့ကြသော ထူးခြားသည့် ကျင့်စဉ်တစ်ခု ဖြစ်သည်။

ပင်လယ် သမုဒ္ဒရာများ၌ ဒီရေသည် နေလနှင့် ကောင်းကင်ရှိ အခြား နက္ခတ်တာရာများ၏ သွားလာ လှုပ်ရှားမှု ဆွဲငင်အား၊ တွန်းကန်အားကြောင့် တက်လိုက်ကျလိုက်





ရှိလေသည်။ တစ်နည်း ဆိုရပါမူ လျော့ကျသွားလိုက်၊ ပြန်ပြည့်လာလိုက် ဖြစ်နေလေ၏။

ထိုကဲ့သို့ပင် လူတို့၏ ကိုယ်ခန္ဓာအတွင်းသို့ ရှူသွင်းပြီးနောက် ရှိုက်ထုတ်လိုက်သော ထွက်သက် ဝင်သက်သည်လည်း နေလနှင့် အခြားကောင်းကင်ရှိ နက္ခတ်တာရာများ ဓါတ်သဘာဝတို့နှင့် လိုက်လျောညီထွေ ဖြစ်ရလေသည်။

ဒီရေအတက်အကျ ဖြစ်ပေါ်မှုကို အစွမ်းသတ္တိ ထူးကဲသော နေ၏စွမ်းအားက လွှမ်းမိုးသည့်နည်းတူ လူတို့၏ ထွက်သက် ဝင်သက်အပေါ်မှာလည်း နေ၏ စွမ်းအားက ထူးထူးခြားခြား လွှမ်းမိုးထားလေသည်။

လူတို့၏ ကိုယ်ခန္ဓာ အဆောက်အအုံအတွင်း၌ အဓိက "နဒီများ" သို့မဟုတ် ညှို့ဓါတ်များ သုံးခုရှိသည်ဟု အိန္ဒိယ ယောဂီအတော်များများက လက်ခံထားကြသည်။ "မိရုဒန္ဓ" (မြင့်မိုရ်တောင်ဝှမ်းနဲ့ တောင်ချိုင့်) ဟု ခေါ်သော ကျောရိုး၏ အပြင် ဝဲဘက်တွင် "ဧဠနဒီ" (သာယာအေးမြသော) နှင့် ယာဘက်၌ "ပင်္ဂလနဒီ" (နေကဲ့သို့ ပူပြင်းသော)တို့ ရှိရာ ၎င်းတို့ နှစ်ခုကြားတွင် "သုသမ္မဏနဒီ" (ကောင်းသောညီမျှခြင်း) တို့ တည်ရှိလေသည်။ ဧဠနဒီ ဆိုသည်မှာ "လ" ဖြစ်၍ ပင်္ဂလနဒီမှာ "နေ" ဖြစ်ကာ သုသမ္မဏ ဆိုသည်မှာ ဝါယု (ဝါယော) ဟု ခေါ်သည့် လေဖြစ်သည်။ အဓိပ္ပါယ်က နေ့ကာလဓါတ်



www.burmeseclassic.com

www.burmeseclassic.com



အပူအအေး နှစ်ခုကြား၌ ရှိသည့်လေဟု အဓိပ္ပါယ်ရပါသည်။

ခေါနဒီသည် ဝဲဘက် နှာခေါင်းပေါက်မှ ရှူရှိုက်ခြင်း ဖြစ်၍ ပင်္ဂနဒီသည် ယာဘက် နှာခေါင်းပေါက်မှ ရှူရှိုက်ခြင်း ဖြစ်ပေသည်။





## အခန်း (၂)

# ခွန်လွန်တောင်မှ သူရဲကောင်း

ဟိမဝန္တာတောင်တန်းကြီး၏ အရှေ့ဘက်. . .၊

ဗြဟ္မပုတ္တရ မြစ်အနီး၌ " ပုတ္တရ" အမည်ရှိသော ဒေ ဗ
မြို့ကြီးတစ်မြို့. . .၊

ဆန်ရေစပါး၊ ကောက်ပဲသီးနှံများ ပေါများရုံမက ရွှေ ငွေ ကျောက်သံပတ္တမြားတို့ ကြွယ်ဝချမ်းသာသောကြောင့် ကြက်ပျံမကျ စည်ကားခဲ့ပေသည်။

ဥတ္တရ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့မှ သား



www.burmeseclassic.com

www.burmeseclassic.com



ဦး ရတနာလေး ဖွားမြင်ပြီး မကြာသောကာလ၌ ကျောက်တောင် ကျောက်ဆောင်များပေါ်၌ မြို့တည်ထားသော အနုရာဓ တိုင်းပြည်များက ပုတ္တရကို အလုံးအရင်းဖြင့် ချီတက်တိုက်ခိုက်ကြသောကြောင့် ဥတ္တရာဘုရင် စစ်ရှုံးပြီး မြို့လည်း ပျက်လေတော့သည်။

ဥတ္တရာဘုရင် ကျဆုံးပြီး ပုတ္တရနိုင်ငံ အခြားသူများလက်အောက်သို့ ရောက်သွားသောအခါ မိဖုရားကြီး စန္ဒာဒေဝီသည် နန်းစဉ်ရတနာအချို့ကို ယူဆောင်၍ သားတော်လေးကို ခေါ်ဆောင်ပြီး လူယုံတော်အချို့နှင့် ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ရလေသည်။

လမ်းခရီး တစ်လျှောက်လုံး ရန်သူများက လိုက်လံတိုက်ခိုက်ကြရာ လူယုံတော်များက အသက်ပေးပြီး ခုခံတိုက်ခိုက်ကြသောကြောင့် စန္ဒာဒေဝီမှာ သားတော်လေးနှင့်အတူ ဘေးလွတ်ရာ ခွန်လွန်တောင်တန်း တစ်နေရာသို့ ရောက်သွားလေတော့သည်။

ထိုတောင်တန်း၌ တရားအားထုတ်နေသော သူတော်စင်ကြီးတစ်ဦးက ခေါ်ယူ စောင့်ရှောက်ထားသောကြောင့် အသက်ချမ်းသာရာ ရလေသည်။ စန္ဒာဒေဝီသည် နန်းစဉ်ရတနာများကို လျှို့ဝှက်၍ နန်းဆက်သွေးများကို ဖျောက်ကာ သားတော်လေးကို ကြီးပြင်းအောင် ပြုစု စောင့်





ရှောက်ပေးခဲ့လေသည်။

သားတော်လေး ကြီးပြင်းလာသောအခါ သူတော်စင်အဘိုးက ဇာတာကို တွက်ချက်စစ်ဆေးပြီး. . .

"ငါ့မြေးရဲ့ဇာတာက တစ်နေ့ကျရင် နေလို လလို ထင်ရှား ကျော်ကြားမယ့် ဇာတာဖြစ်လို့ "ကျော်စွာ" လို့ အမည်ပေးရမယ်. . . သူ့ကို အခု အရွယ်ကတည်းက ယောကျ်ား ကောင်းတို့ တတ်အပ်တဲ့ အဋ္ဌာရသပညာတွေကို သင်ကြားပေးရမယ်. . ."

ဟု ပြောဆိုကာ ကျော်စွာ ငယ်စဉ်ကပင် အဋ္ဌာရသပညာများ၊ ယောဂကျင့်စဉ်များ၊ စိတ်စွမ်းအား ကျင့်စဉ်များ၊ နက္ခတ်ပညာ၊ ဓါတ်ပညာနှင့် ဂမ္ဘီရနှင့် စပ်လျဉ်းသော ထူးခြားဆန်းကြယ်သော ပညာများကို လေ့ကျင့် သင်ကြားပေးလေသည်။

သာမဝေဒင်ဟု ခေါ်သော နေလတို့၏ ကောင်းက သွားလမ်းများကို (၁၂)ရာသီ ပြုလုပ်၍ ရာသီနှင့် ဂြိုဟ်မျှ သာကြည့်သော အတတ်ပညာ. . .၊

ယဇုဝေဒင်ပညာဟု ခေါ်သော မကောင်းသော ဘေးအန္တရာယ်တို့မှ ကင်းလွတ်အောင် ဂြိုဟ်နတ်တို့အား ပူဇော်သော အတတ်ပညာ. . .၊

ဣရုဗ္ဗေဒင်ပညာဟု ခေါ်သော နေကြတ်လကြတ်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အချိန်ကို ကြည့်ပြီး ကောင်းမှု၊ မကောင်းမှုတို့ကို သိစေသော အတတ်ပညာ စသည့် ဗေဒင်သုံးပုံကို ကျွမ်းကျင် တတ်မြောက်အောင် သင်ကြားပေး၏။

"ငါ့မြေး အရွယ်ရောက်လာလို့ ကိုယ့်စိတ်ကို နိုင်နင်းအောင် ထိန်းချုပ်နိုင်တဲ့ တစ်နေ့မှာ ဗေဒင်လေးပုံထဲက ကျန်တဲ့ အာတပ္ပန ဗေဒင်ကျမ်းကို သင်ပေးမယ်"

"အဲဒီကျမ်းက ဘယ်လို ကျမ်းမျိုးလဲ အဘိုး"

"လူတစ်ယောက်ကို ဘယ်ဘဝက လာတယ်၊ ဒီဘဝ တစ်လျှောက်လုံးမှ မွေးကတည်းက သေဆုံးတဲ့အထိ ဘာတွေ ဖြစ်မယ် ဆိုတာကို သိစေနိုင်တဲ့ပညာပဲ. . . မြတ်စွာဘုရား အလောင်းတော် ဖွားမြင်စမှာ ကောဏ္ဍညပုဏ္ဏား ဟောတဲ့ ဗေဒင်ပညာပဲ. . ."

ဟု ပြောလေသည်။

ထို့အပြင်. . .

စိတ်စွမ်းအား တည်ဆောက်ပုံများ၊

ကိုယ်စွမ်းအား၊ စိတ်စွမ်းအားများ ပူးပေါင်း အသုံးချပုံမျှ နှင့် ယောက်ျားတို့ တတ်အပ်သော အတိုက်အခိုက် အသတ်အပုတ် ပညာများကို လေ့ကျင့် သင်ကြားခဲ့ရသည်မှာ ယခုအခါ နှစ်ပေါင်းနှစ်ဆယ် ကျော်၍ သုံးဆယ်နီးပါး ရှိခဲ့လေပြီ။





သူ့ဘဝသည်လည်း ရင့်ကျက်ခဲ့လေပြီ. . .။

မိခင်ဖြစ်သူ စန္ဒာဒေဝီပင် တရားဓမ္မဖြင့်မွေ့လျော်နေလေပြီ. . .။

ကျော်စွာဘဝတွင် မိတ္တဟု အမည်ပေးထားသော လူပုလေး တစ်ယောက်ကို အဖော်အဖြစ် ရရှိထားကာ ခွန်လွန်တောင်တန်းကြီးမှာပင် သူ့ဘဝကို မြှုပ်နှံထားခဲ့လေသည်။ ကျော်စွာသည် စိတ်စွမ်းအင်များကို လေ့ကျင့်နေစဉ်မှာပင် အနိဋ္ဌာရုံ မြင်ကွင်းများက မကြာခဏ ပေါ်လာလေ့ ရှိသည်။

ထိုအခါ စိတ်သည် မုန်တိုင်းတစ်ခု ဝင်လာသလို ခက်ထန်လာတတ်ပေသည်။ သူ့စိတ်တွေ မတည်မငြိမ် လှုပ်ရှားလာစဉ်မှာပင် နားထဲသို့ ထူးခြားသော အသံအချို့ ဝင်လာလေသည်။

ကျော်စွာသည် မျက်လုံး ပိတ်ထားရာမှ ဖျတ်ကနဲ ဖွင့်လိုက်လေသည်။ နံဘေးနား၌ ချထားသော ဓါးကို ကောင်းကိုင်ပြီး နေရာမှ ဆတ်ကနဲ ထရပ်လိုက်သည်။ သူ၏နားထဲမှ အလွန်ဝေးလံသော နေရာဆီမှ ပြေးလွှား ဖြတ်သန်းလာသော မြင်းခွာသံများကို ကျောက်သားပြင်များ တုန်ခါမှုမှတဆင့် ကြားနေရသည်။

သာမန်လူတစ်ယောက်အဖို့ ဝေးလံလှသောနေရာမှ မြင်းခွာသံများကို ဘယ်လိုမှ မကြားနိုင်သော်လည်း သူ့လို



www.burmeseclassic.com

www.burmeseclassic.com



စိတ်စွမ်းအား ကောင်းသူအဖို့ ကောင်းစွာ ကြားနေရလေသည်။ သို့ကြောင့်. . . တောင်ခြေသို့ ရောက်အောင် အလျင်အမြန် ပြေးဆင်းလာခဲ့သည်။

တောင်ခြေ ကွက်လပ်သို့ ရောက်သောအခါ နေရောင်ခြည် တစ်စွန်းတစ်စ ဖြာကျနေသော သဲပြင်ပေါ်မှာ အရောင်တလက်လက် ထွက်နေသည့် ရွှေတုံးရွှေခဲကလေးများကို အိတ်တစ်လုံးဖြင့် လိုက်လံ ကောက်ထည့်နေသည့် လူပုလေး မိတ္တာကို လှမ်းမြင်ရသည်။

လူပုကလေး မိတ္တာမှာ အသက်လေးဆယ်ကျော် ငါးဆယ် နီးပါး ရှိပြီဖြစ်သော်လည်း ၎င်း၏အရပ်မှာ သုံးပေကျော်ကျော်ခန့်သာ ရှိသဖြင့် ရုတ်တရက် ကြည့်လျှင် ကလေးတစ်ယောက်ကဲ့သို့ ဖြစ်နေတော့သည်။

သူသည်လည်း တစ်စတစ်စ နီးလာပြီ ဖြစ်သော မြင်းခွာသံများကို ကြားဟန်တူသည်။ ရွှေတုံးရွှေခဲများ စုထည့်ထားသော အိတ်ကို ကျောက်ဖျာတစ်ချပ်အောက်မှာ သွားဝှက်နေလေသည်။

တဖြည်းဖြည်း နီးလာသော မြင်းခွာသံများက တောင်နံရံများမှ တစ်ဆင့် ကျယ်လောင်စွာ ကြားလာရသည်။ လူပုလေး မိတ္တာက 'ဘယ်လိုလဲ' ဟူသော အကြည့်ဖြင့် တစ်ချက် လှမ်းကြည့်လေသည်။





မြင်းခွာသံ၊ မြင်းဟီသံများက ကျောက်နံရံများမှ ပဲ့တင်သံများအဖြစ် တစ်နေရာမှ တစ်နေရာ ဆက်ကာ ဆက်ကာ ပေါ်ထွက်လျက် ရှိနေသည်။

မကြာမီ. . .

သူတို့နှစ်ယောက် ရှိနေရာ မြေကွက်လပ်ကြီး၏ လေးဘက် လေးတန် နေရာများမှ မြင်းစီး စစ်သည်တော်များ ပေါ်လာလေသည်။

အနူရာဓ တောင်ပေါ်တိုင်းပြည်မှ စစ်သည်တော်များဖြစ်ကြောင်း သိရသည်နှင့် သစ္စာပါလဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ သူ့အမူအရာမှာ တိုက်ပွဲဝင်တော့မည့် သူရဲကောင်းတစ်ဦး၏ အားမာန်အပြည့် ရှိလေသည်။

ခဏကြာတော့ လေးဘက်လေးတန်မှာ စစ်သည် အချို့တို့မှာ မြင်းများကို စိုင်းကာ ကျော်စွာ ရှိရာသို့ ဝင်လာကြသည်။ သူတို့လက်ထဲမှာ ပိုက်ကွန်ကဲ့သို့ အရာများ ပါလာသောကြောင့် ကျော်စွာအား အရှင် ဖမ်းဆီးလိုဟန် ရှိပေသည်။

စစ်သည်တော်များ အနားသို့ ရောက်လာသောအခါ လက်ထဲမှ ဓားဖြင့် ကာကွယ်၍ အဝေးသို့ ရောက်အောင် ခုန်ထွက်လိုက်သည်။ မြင်းပေါ်မှ စစ်သည် တစ်ယောက် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မြင်းပေါ်မှ ပြုတ်ကျသွားသည်။ သူရောက်နေသော နေရာသို့ ထပ်ဝိုင်းကြပြန်သည်။

ခုန်ထွက်သွားပြီး လူရှဲလိုက်တော့ သဲပြင်ပေါ်မှ နှစ်ယောက် သုံးယောက် ကျန်ခဲ့ပြန်သည်။ အမှန်တော့ သူတို့ လူအုပ်ကြားထဲမှ ရိပ်ကနဲ ထွက်သွားသော ပုံရိပ်ကိုသာ မြင်လိုက်ရပြီး နှစ်ယောက် သုံးယောက် လဲကျခဲ့ပြန်သည်။

ကျော်စွာ၏ ခုန်ပျံ နေရာရွှေ့မှုမှာ လျင်မြန် သွက်လက်လှသောကြောင့် လေထဲမှ ရိုးတိုးရိပ်တိတ်လောက်သာ မြင်လိုက်ရသောကြောင့် မယ်မယ်ရရ မတိုက်ခိုက်ရခင်မှာ မြင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျ ကျန်ခဲ့ကြလေသည်။

ထို့ထက် . . .

ရန်သူများ ရှုပ်ထွေးနေချိန်ဝယ် လူပုလေး မိတ္တမှာ ဓါးမြှောင်နှစ်လက် ကိုင်ပြီး ခုန်ဝင် တိုက်ခိုက်ပြီးနောက် မျောက်တစ်ကောင်ကဲ့သို့ ပြန်ခုန်ထွက်သွားသောအခါ ရန်သူအချို့ လဲကျ ကျန်ခဲ့လေသည်။ လူပုလေး မိတ္တ၏ တိုက်ခိုက်ပုံမှာ မျောက်တစ်ကောင်လို ပေါ့ပါးပြီး ကြောင်တစ်ကောင်လို လျင်မြန် သွက်လက်လေရာ ရန်သူများမှာ အခက်တွေ့ရလေတော့သည်။

အတန်ကြာသောအခါ နေရောင်ခြည် ဖြာကျနေ





သည့် သဲပြင်ပေါ်မှာ ဒဏ်ရာရနေသော ရန်သူများက တဖြည်းဖြည်း များလာပြီး မြင်းပေါ်မှာ ကျန်နေသူ သိပ်မရှိတော့ပေ။ ထိုအခါ ခေါင်းဆောင်လုပ်သူက ၎င်း၏လူများကို ရပ်တန့်ရန် အော်ဟစ် အမိန့်ပေးလိုက်လေသည်။ ၎င်းအော်သံကြားမှ မြင်းစီး စစ်သားများက တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ကြသည်။

ထိုအခါ ခေါင်းဆောင်က မြင်းစီးရင်းနှင့် သဲပြင်ပေါ်သို့ ဆင်းလာကာ ကျော်စွာနှင့် မလှမ်းမကမ်း နေရာ ရောက်သောအခါ ရပ်တန့်လိုက်သည်။ ၎င်းကိုင်ဆောင်သော လက်နက်မှာ အသွားထက်လှသော ရဲဒင်း အကြီးစားဟု ခေါ်သည့် ကပ်ပါး လက်နက်ကြီးပင် ဖြစ်သည်။

“ကျွန်ုပ်အမည်က အနုရာဓ တပ်မှူးဗျဂ္ဃ ဖြစ်ပါတယ်။ သင့်ရဲ့သတင်းကို ကျွန်ုပ်တို့ ကြားထားတာ ကြာပါပြီ၊ ဒါကြောင့် အခုလို စမ်းသပ်ကြည့်တာ ခွင့်လွှတ်စေချင်ပါတယ်”

တပ်မှူး ဗျဂ္ဃက အောင်မြင် လေးနက်သော အသံဖြင့် ပြောလိုက်လေသည်။

“ကျွန်တော်အကြောင်းကို ဘယ်လိုများ ကြားထားတာပါလိမ့်”

ကျော်စွာက ဓါးကို လက်တစ်ဖက်ဖြင့် ကိုင်ထားရင်းမှ ပင် ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ခွန်လွန်တောင်တန်း တကြောမှာ ပန်းတွေရဲ့ ရနံ့ဟာ မွှေးကြိုင်လှပါတယ်၊ ဒီလိုပဲ၊ ခွန်လွန်တောင်တန်းက သူရဲကောင်းတစ်ဦးရဲ့ သတင်းဟာလည်း အနုရာဓအထိ ရောက်ပါတယ်"

"အခု လာတဲ့ကိစ္စလည်း ဆိုပါဦး တပ်မှူး"

"ကျွန်ုပ်တို့ရဲ့ အနုရာဓ ဘုရင်မက သင့်အား အလိုတော် ရှိသဖြင့် လာရောက် ခေါ်ဆောင်ခြင်း ဖြစ်ပါတယ်"

"မိတ်ဆွေလို မဆက်ဆံဘဲ ရန်သူတစ်ယောက်လို ဖမ်းဆီး ခေါ်ဆောင်ဖို့ ကြံစည်တာ သင့်မြတ်ပါရဲ့လား"

"ဒီအတွက် ထပ်မံ တောင်းပန်ပါတယ်၊ ရန်ပြုလိုခြင်း မဟုတ်ဘဲ ကျွန်ုပ်တို့ ကြားထားသော သတင်းနှင့် ကိုက်ညီမှု ရှိမရှိ စမ်းသပ်မှု ပြုခြင်းသာ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ တပါတည်း လိုက်ဖို့သာ ပြင်ပါချေတော့"

"ဒီကိစ္စ ကျွန်တော့်တစ်ယောက်တည်း ဆုံးဖြတ်ရမယ့် ကိစ္စ မဟုတ်ဘူး၊ တိုင်ပင် ခွင့်ပန်ရမယ့် အဘိုး ရှိပါသေးတယ်"

"ကောင်းပြီ၊ ကျွန်ုပ်တို့ ဟိုတောင်တန်းတစ်နေရာက စောင့်နေပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်ပါရစေ. . . အနုရာဓ ဘုရင်မရဲ့ အလိုဆန္ဒနဲ့ အမိန့်အာဏာကို ဖီဆန်မယ်လို့ လုံးဝ မစဉ်းစားပါနဲ့၊ အဲဒီလို ငြင်းဆန်ဖို့ ဆိုရင်တော့ ကျွန်ုပ်တို့အနေနဲ့ ဘယ်လိုမှ သည်းခံ ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ





တော့ တစ်ခါတည်း မှာလိုက်ပါရစေ. . ."

ဟု ပြောဆိုကာ တပ်မှူးဗျူဟနှင့် စစ်သည်များက မြင်းများနှင့် ပြန်ထွက်သွားကြလေသည်။ ထိုအခါ ကျော်စွာနှင့် လူပုလေး မိတ္တာတို့လည်း အဘိုးရှိရာ ဂူဘက်သို့ တက်လာခဲ့ကြသည်။

အဘိုးက ဂူပေါက်ဝမှ ရပ်ကြည့်နေသည်။ အဘိုး၏ ဆွတ်ဆွတ်ဖြူနေသော ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့က လေနှင့်အတူ လှုပ်ရှားနေသည်။ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်တို့မှာလည်း အဖြူရောင်ပင် ဖြစ်ရာ အဘိုး၏ သဏ္ဌာန်မှာ ဖြူစင်သော အသွင်သဏ္ဌာန်ပင် ဖြစ်၏။

ကျော်စွာက အဘိုးရှေ့ ရောက်သောအခါ ဓါးကို ထောက်၍ ဒူးထောက်ထိုင်ကာ အရိုအသေ ပေးလိုက်သည်။

"ငါ့မြေးကို ခေါ်ဖို့ အနုရာဓက စစ်သည်တွေ ရောက်လာကြပြီလား"

ဟု အဘိုးက မေးသည်။

"ဟုတ်ပါတယ် အဘိုး၊ လိုက်သွားသင့် မသွားသင့် အဘိုးဆီမှာ လာရောက် ခွင့်ပန်တာပါ"

ထိုအခါ အဘိုးက. . .

"ဘဝရဲ့ အတုံ့အလှည့် ဝဋ်ကြွေး၊ မိသားစု မျိုးနွယ်တွေအတွက် တာဝန်၊ မျိုးဆက်တွေရဲ့ အမွေဟောင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရယူဖို့အတွက် ငါ့မြေး ခြေလှမ်းသစ်တွေ စရတော့မယ်"

ကျော်စွာ ဦးခေါင်းကို ငုံ့ပြီး သေချာစွာ နားထောင်သည်။

"လောကလမ်းကို ဖြတ်သန်းတော့မယ်ဆိုရင် ကိုယ်ရဲ့ ခွန်အား၊ စိတ်ရဲ့စွမ်းအား ရှိဖို့ လိုသလို အတတ်ပညာတွေကိုလည်း ကျွမ်းကျင်ဖို့ ပြည့်စုံဖို့ လိုတယ် လူကလေး"

"ဟုတ်ကဲ့"

"ငါ့မြေးရဲ့ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းမှုနဲ့ စိတ်ရဲ့ စွမ်းအား ပြည့်စုံမှု ရှိတာတွေအတွက်တော့ အဘိုး စိတ်ချပါတယ်၊ အခုက ကတော့ လောကလမ်းကို လျှောက်လှမ်းတဲ့အခါ ဘယ်လို အခက်အခဲတွေ တွေ့လို့မှ ကိုယ့်ရဲ့ရည်ရွယ်ချက် ဦးတည်ချက်တွေ မပျက်စေနဲ့၊ ဘယ်လမ်းမျိုးကိုပဲ လျှောက်လျှောက် အနှောင့်အယှက် အဖျက်အဆီးနဲ့ အခက်အခဲ ဆိုတာကတော့ တွေ့မှာပဲ. . . တခြား မဆိုထားနဲ့၊ လောကမှာ အကောင်းဆုံးအလုပ် ဆိုတဲ့ ဘုရားအလုပ် လုပ်တာတောင် အနှောင့်အယှက်ဆိုတာ ရှိတယ်"

"ဟုတ်ပါတယ် အဘိုး"

"မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတောင်မှ ဘုရားအဖြစ်ကို ရောက်တော်မူပြီး (၄၅)ဝါလုံးလုံး ဝေနေယျ သတ္တဝါတွေရဲ့ ကောင်းကျိုးကို မနားမနေ ဆောင်ရွက်တော်မူတဲ့ အ





ချိန်မှာ 'ဒေဝဒတ်' ဆိုတဲ့ ဘုရားကို အမြဲတမ်း အနှောင့်အယှက်ပေး၊ ဒုက္ခပေးမယ့် လူတစ်ယောက်က အနားမှာ အမြဲ ရှိနေခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အနှောင့်အယှက် အဖျက်အဆီးဆိုတာ သူ့ကို နည်းနည်းကလေး ဝင်ခွင့်ပေးလိုက်တာနဲ့ အများကြီး ရောက်လာလေ့ ရှိတယ်၊ ဒီတော့ ဘယ်လို အနှောင့်အယှက်ပဲ တွေ့တွေ့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်သွားပေတော့"

"စိတ်ချပါ အဘိုး၊ ကျွန်တော် အဘိုးရဲ့ စကားတွေကို အမြဲ မှတ်သားထားပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါ့မယ်"

ဟု ပြောဆိုကာ အဘိုးအား ကန်တော့ကြလေသည်။

"အေး သာဓုကွယ်၊ သာဓု သာဓု၊ ငါ့မြေးရဲ့ လိုအင်ဆန္ဒ အဝဝတွေကို ရရှိပြီး အောင်မြင်မှု သရဖူကို ဆောင်းနိုင်ပါစေကွယ်၊ အကြောင်းကိစ္စ အရေးကြုံလာရင် အဘိုးဆီကို သတိရတဲ့စိတ်ကလေးသာ ပို့လိုက်ပါ၊ ငါ့မြေး တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အဘိုး လာပြီး အကူအညီ ပေးပါ့မယ်၊ ကိုင်း. . . မင်းရဲ့မိခင်ကို ကန်တော့ရင်းနှင့် အသိပေးလိုက်ပါဦး"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နေရာမှ ထကာ မိခင် နေထိုင်သော ဂူရှိရာသို့ သွားလေသည်။ သူရောက်သွားတော့ မိခင်ဖြစ်သူက တရားထိုင်နေရာမှ ထလာလေသည်။

"သူတို့ ရောက်လာပြီလား သား"

"ဟုတ်ကဲ့ ရောက်လာကြပါပြီ"

"သား လိုက်သွားမယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မယ်မယ် ခွင့်ပြုရင် သား လိုက်သွားပါ့မယ်"

"လိုက်သွားရမှာပေါ့ကွယ်၊ သားတော်ဟာ တောထဲတောင်ထဲမှာ နေရပေမယ့် အညတြ လူတစ်ယောက်မှ မဟုတ်တာ၊ မိဘတွေရဲ့ အမွေဖြစ်တဲ့ ပုတ္တရ ထီးနန်းအမွေကို ပြန်ရအောင် ကြိုးစားရတော့မှာပေါ့"

"ဟုတ်ကဲ့၊ သား ကြိုးစားပါ့မယ်"

"သားကောင်းရတနာ သမီးကောင်းရတနာဆိုတာ မိဘတွေရဲ့ အမွေအနှစ်ကို မဆုံးရှုံး မပျက်စီးရအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်မှ သားသမီးဝတ္တရား ကျေမှာပေါ့၊ ငါ့သား ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ မင်းအဘိုး ပေးလိုက်တဲ့ ပညာတွေနဲ့ မိဘတွေရဲ့ အမွေကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ပါစေကွယ်. . ."

ထိုသို့ ပြောပြီးသောအခါ မိခင်ဖြစ်သူကို ရိုသေစွာ





ကန်တော့ပြီး သစ္စာပါလဓါးကို လွယ်၍ လူပုလေး မိတ္တကို ခေါ်ကာ တောင်အောက်သို့ ပြန်ဆင်းလာကြသည်။

...ဇအအမ...



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# ရဲတိုက်ထဲမှ အကျဉ်းစံ မင်းသမီး

အနုရာဓ မြို့တော်. . .။

ကျောက်ဆောင် ကျောက်ကမ်းပါး အမြင့်၌ တည်ထားသော မြို့ဖြစ်ပြီး မြို့ပတ်ဝန်းကျင်၌ ကျောက်တောင်များ၊ မတ်စောက်လှသည့် ချောက်ကမ်းပါးကြီးများ၊ သဲကန္တာရကြီးများက ဝန်းရံထားလေသည်။

အနုရာဓမြို့ တည်ထားပုံမှာ ကျောက်တောင်တန်းများက အနုရာဓမြို့အား ရန်သူများ အလွယ်တကူ ဝင်ရောက်မတိုက်ခိုက်စေရန်အတွက် ကာကွယ်ထားသကဲ့သို့ ရှိနေပေတော့သည်။

မြို့တွင်းသို့ ရောက်ရန် တောင်တက်လမ်းတစ်လမ်း

www.burmeseclassic.com



သာ ရှိပြီး မြို့ပတ်လည်ကို ကျောက်တံတိုင်း အမြင့်ကြီးများဖြင့် ကာရံထားလေသည်။ တောင်ခြေသို့ ရောက်သွားသောအခါ မြို့တွင်းသို့ ဝင်ရောက်ကြမည့် လူနှင့် လှည်းအချို့ကို တွေ့ရသည်။

ထိုဧည့်သည်များအား အစောင့်စစ်သည်များက စစ်ဆေးပြီးမှ တောင်တက်လမ်းပေါက်ဝသို့ ဝင်ခွင့်ပြုနေသည်။ တပ်မှူး ဗျူဟအား မြင်သောအခါ စစ်သားများက အရိုအသေပြုပြီး လမ်းရှင်းပေးကြသည်။ မြို့ဝင် တံခါးပေါက်သို့ ရောက်သောအခါ အစောင့်များက တံခါးဖွင့်ပေးသောအခါ ထိုအပေါက်မှ မြို့တွင်းသို့ ဝင်သွားကြလေသည်။

မြို့သူမြို့သားများက သူတို့ ဝင်သွားသည်ကို မြင်သောအခါ ဝိုင်းဝန်း အော်ဟစ် နှုတ်ဆက်ကြလေသည်။ မြို့လယ်ဘက်ရှိ ဈေးတန်းတစ်နေရာသို့ ရောက်သောအခါ ခွန်လွန် သူရဲကောင်း၊ ခွန်လွန်သူရဲကောင်း ဟူ၍ အော်ဟစ်နှုတ်ဆက်သံများက နေရာအနှံ့အပြားမှ ပေါ်ထွက်လာသည်။

မြို့ထဲမှ ဖြတ်၍ အတန်ကြာအောင် လာကြသောအခါ ရဲတိုက်ကြီးပမာ ဆောက်လုပ်ထားသည့် အနုရာဓ နန်းတော်ကြီးဆီသို့ ရောက်သွားကြသည်။ အထဲသို့ ရောက်သောအခါ အားလုံး မြင်းပေါ်မှ ဆင်းလိုက်ကြသည်။





နန်းတော်ကြီးအား ကြီးမားသော ကျောက်လုံးတိုင်ကြီး၊ ကျောက်လှေခါးကြီးများဖြင့် မြင့်မားစွာ တည်ဆောက်ထားလေသည်။ နံရံနှင့် ကျောက်တိုင်များတွင် ပန်းဆွဲ ပန်းခက်များ၊ ရုပ်ထုများစွာနှင့် နတ်စစ်သည် ရုပ်ထုများကို ထွင်းထုပြုလုပ်ထားသည်။

သူတို့သည် ကျောက်တိုင်ကြီးများ ဝန်းရံထားသော မြေကွက်လပ် တစ်နေရာသို့ ရောက်သောအခါ အားလုံး ရပ်လိုက်ကြသည်။

ထို့နောက်. . .

တပ်မှူးဗျူဟမှ ဦးဆောင်ပြီး ကျောက်လှေခါးကြီးများမှ အပေါ်သို့ တက်သွားလေရာ ကျော်စွာနှင့် လူပုလေး မိတ္တတို့ကလည်း နောက်မှ လိုက်သွားလေသည်။ ပိတ်ထားသော တံခါးချပ်ကြီးအနီးသို့ ရောက်သောအခါ ရပ်လိုက်ကြလေသည်။

သူတို့ ရောက်ပြီး မကြာမီ အဝင်ပေါက် တံခါးကြီးနှစ်ချပ် ဖြေးညင်းစွာ ပွင့်လာပြီးနောက် ကိုယ်ရံတော် အခြွေအရံများနှင့်အတူ အနုရာဓ ဘုရင်မ ဘရဏီ ထွက်တော်မူလာလေသည်။ ဘုရင်မ ထွက်လာသောအခါ အားလုံးက ဦးညွှတ်ပြီး အရိုအသေ ပေးကြရသည်။

"ခွန်လွန်တောင်တန်းက လူစွမ်းကောင်းကို အနုရာဓ



www.burmeseclassic.com

www.burmeseclassic.com



မြို့ရဲ့ ဘုရင်မက ခရီးဦးကြို ပြုလိုက်ပါတယ်"

ဟု ခက်ထန် စူးရှသော အသံဖြင့် နှုတ်ဆက်စကား ဆိုလေသည်။

ဘုရင်မ ဘရဏီမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့် ရှိပြီး ကိုယ်ခန္ဓာ အချိုးအစား ကျနကာ လှပတင့်တယ်သူ တစ်ဦး ဖြစ်လေသည်။ အထူးခြားဆုံးကတော့ သူမ၏မျက်လုံး များမှာ သိမ်းငှက်မျက်လုံးကဲ့သို့ စူးရှတောက်ပြောင်လှသည်။

ဘုရင်မ စကားကြောင့် ကျော်စွာက ဦးညွှတ်ကာ အရိုအသေ ပြုလိုက်တော့ လူပုလေး မိတ္တကပါ ရောယောင် ၍ ဦးညွှတ်လိုက်လေသည်။

ထို့နောက်. . .

ဘုရင်မက ကျော်စွာ တစ်ယောက်တည်းကိုပင် အတွင်းဆောင်သို့ ခေါ်ဆောင်သွားလေသည်။ အထဲသို့ ရောက်သောအခါ အတွင်းခန်းမဆောင်၏ အရှေ့ဘက်၌ သီးသန့် အဆောင်ကြီးတစ်ခု ရှိပြီး ထိုနေရာမှာ ကျောက်ဆောင် တစ်ဆောင်၏ အစွန်ဘက်၌ ရှိသောကြောင့် တောင်အောက်သို့သော် လည်းကောင်း၊ ကောင်းကင်ပြင်သို့သော် လည်းကောင်း ကောင်းစွာ မြင်နိုင်လေသည်။ ထိုအဆောင်သည် နက္ခတ်မျှော်စင်ပင် ဖြစ်၏။

အဆောင်ထဲမှာတော့ အရပ်အမောင်းမြင့်မြင့်နှင့် အ





သက်အရွယ် ကြီးရင့်လှသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ ၎င်းမှာ ဘုရင်မ ဘရဏီ၏လက်စွဲတော် နက္ခတ်ဆရာကြီး ဝေဓနိပင် ဖြစ်တော့သည်။

ဝေဓနိသည် ဆံပင်နှင့် မုတ်ဆိတ်မွေးများ ဆွတ်ဆွတ် ဖြူနေပြီး အညိုရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားလေ သည်။ အခန်းထဲမှာတော့ သူတစ်ယောက်သာ ရှိလေသည်။ ဘုရင်မ ဝင်လာတော့ နက္ခတ်ဆရာကြီးက ဦးညွှတ်၍ အရိုအ သေ ပေးလေသည်။ ၂၈ခု

"ခွန်လွန်တောင်တန်းက သူရဲကောင်း ရောက်လာပြီ နက္ခတ်ဆရာကြီး" ။ တင်းမာ

နက္ခတ်ဆရာကြီး ဦးခေါင်းတစ်ချက် ညိတ်ပြီး ကျော်စွာအား အခန်းထောင့် တစ်နေရာမှာ တာများက နားကျောက်သေတ္တာကြီးတစ်လုံး ရှိရာသို့ ခေါ်သွား အနားရောက်မှ ကျောက်တလားကြီး ဖြစ်မှန်း ရိပ်ချက် သည်။ ထိုကျောက်တလားကြီးအား ကနုတ်ပန်းခိုင်း၊ အ နက္ခတ်တာရာ သင်္ကေတပုံများ၊ ရွှေနှင့် ကျောက်သံပတ္တမြား တို့နှင့် မွမ်းမံ ခြယ်သထားသည်။

နက္ခတ်ဆရာကြီးက ထိုနေရာသို့ ရောက်သောအခါ လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ကျောက်တလားကြီး အဖုံးမှာ တဖြည်းဖြည်း ပွင့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖုံးပွင့်သွားသောအခါ အတွင်း၌ ဆေးရည်စိမ်ထားသော အလောင်းတစ်လောင်းကို တွေ့ရသည်။ ထိုသူမှာ အသက် ငါးဆယ်ကျော် အရွယ်ခန့် ရှိပြီး ခက်ထန် ကြမ်းတမ်းသော သွင်ပြင်သဏ္ဌာန် ရှိလေသည်။

ဆေးရည်စိမ်ထားသဖြင့် ပျက်စီးခြင်း မရှိဘဲ လူတစ်ယောက် အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။ ကျော်စွာက ထိုလ၏ မျက်နှာကို တအံ့တသြ ကြည့်နေစဉ် နက္ခတ်ဆရာကြီး
မျ· ပြောပြသည်။

ါ အနုရာဓ ဘုရင် စိတြပဲ လူကလေး၊ သူ နတ်ရွာစံ
အရိုအသေ
တော်ကြာခဲ့ပြီ၊ သူရဲ့ဝိညာဉ်က ကောင်းကင်ကို
၍ ဦးညွှတ်လ
ဘက်မှုတဲ့၊ နက္ခတ်တာရာကို စောင့်ရှောက်တဲ့
ထို့
း ခေတ္တ သွားရောက်နေခြင်း ဖြစ်ပေတယ်. .
ဘုရ
သူ့ရဲ့ဝိညာဉ်ကို ဒီကိုယ်ခန္ဓာထဲ ပြန်ရောက်
တွင်းဆောင်
နိုင်ဖို့ အခွင့်အရေးတွေ ပေါ်လာတော့မယ်”
သောအ
က္ခတ်ဆရာကြီး ဝေခနိ ရှင်းပြ ပြောဆိုမှုများက သူ့
အခေ
မှာ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေလေသည်။
ခေ
နုရာဓ ဘုရင် စိတြ ဟူသော အမည်ကို ကြားလိုက်ရုံနှင့်
တစ်ကိုယ်လုံး ကျင်စက်ဖြင့် အတို့ခံရသလို ဖြစ်ကာ နှလုံးသွေးများ ချက်ချင်း ဆူတက်လာလေသည်။

သူ့အာရုံထဲမှာ ငယ်စဉ်က ပုံရိပ်များက ပြန်ပေါ်လာ





သည်။ အနုရာဓ ဘုရင်နှင့် စစ်သည်တော်များ လက်ချက်ကြောင့် မီးတောက်မီးလျှံကြားမှာ ပျက်စီးသွားခဲ့ရသော ပုတ္တရတိုင်းပြည်. . .။

စစ်မီးလျှံများကြားမှာ သွေးသံရဲရဲဖြင့် သေကြေ ပျက်စီးသွားကြသော ၎င်း၏ဖခင် ဥတ္တရဘုရင်နှင့် စစ်သည်ရဲမက်များ၊ နောက် အပြစ်မဲ့သော မြို့သူမြို့သားများ၊ လူမမယ် ကလေး ဘဝမှာပင် အနိဋ္ဌာရုံ မြင်ကွင်းများကြားမှ မိခင်၏ ကြိုးစားမှုကြောင့်သာ အသက်ဘေးမှ လွတ်ခဲ့ရပုံများက တစ်ခုချင်း ပြန်လည် မြင်ယောင်လာရာ ၎င်း၏ နှလုံးသွေးကြောများ ဆူတက်လာသည်နှင့် မျက်နှာမှာလည်း ချက်ချင်း တင်းမာခက်ထန်လာသည်။

ထိုအခါ သူတော်စင် အဘိုး၏ စကားသံများက နားထဲသို့ ဝေ့ဝဲကာ ဝင်လာလေသည်။

“ဒေါသတရားဆိုတာ ဦးတည်ချက်၊ ရည်ရွယ်ချက်တွေကို ဖျက်ဆီးနိုင်တယ်၊ အချိန်မကျသေးဘူး ငါ့မြေး၊ အနှောင့်အယှက် ပေးတော့မယ့် ဒေါသတရားတွေကို သတိတရားလေးနဲ့ ထိန်းထားပါ”

ထိုစကားသံကြောင့် သက်ပြင်းကို ချပြီး စိတ်ကို လျှော့ချလိုက်သည်။ သူ့အမူအယာ အနည်းငယ် ပြောင်းသွားတော့မှ နက္ခတ်ဆရာကြီးက ဆက်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လောကရဲ့အကျိုး၊ လူသားတွေရဲ့ ကောင်းကျိုးတွေကို များစွာ စွမ်းဆောင်နိုင်ခဲ့သော ဤလူသား၏ ဝိညာဉ်ကို ခေတ္တ စောင့်ရှောက်ပေးကြသော နတ်ဒေဝတာများထံမှ ခွင့်တောင်း၍ ပြန်လည် ခေါ်ယူနိုင်ရန် ဆန္ဒရှိပေတယ်"

"ဘယ်လိုနည်းနဲ့ ခေါ်ယူနိုင်မလဲ အဘိုး"

"ဝိညာဉ်များကို လာစေ သွားစေနိုင်သော ပြန်လည်ခေါ်ယူနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းက ခွန်လွန်တောင်တန်းနှင့် ဟိမဝန္တာ တောင်တန်းတို့ နှစ်ခုဆုံသောနေရာမှာ ရှိတဲ့ မရဏရေအိုင်ကြီးရဲ့အနီးဝန်းကျင်နေရာမှာ ရှိတယ် လူစွမ်းကောင်း"

"အဲဒီနေရာကို သွားဖို့ ဘယ်လို လမ်းသိနိုင်မလဲ အဘိုး"

"ကျွန်ုပ်တို့ဆီမှာ ထိုနေရာအကြောင်းများကို ကောင်းစွာ ကျွမ်းကျင်သော မိန်းကလေးတစ်ဦး ရှိပါတယ်၊ သူ့ရဲ့အမည်က ကေသရီ ဖြစ်ပါတယ်၊ ကေသရီဟာ အနုရာဓနန်းဆက်သွေး ပါတဲ့ မျိုးနွယ်တစ်ဦးပါပဲ"

"ဝိညာဉ်မရှိတော့တဲ့ လူတစ်ယောက်ကို အသက်ပြန်ရှင်လာအောင် ဘယ်လိုများ တတ်နိုင်မှာလဲ. . ."

"သေခြင်းရဲ့ အဓိပ္ပါယ်က ကိုယ်ထဲမှာ ရှိတဲ့ ဝိညာဉ်ခွာသွားခြင်းကြောင့်သာ ဖြစ်ပါတယ်၊ သေဆုံးခြင်းဆိုတာ ရုပ်ခန္ဓာနဲ့ သက်ဆိုင်တယ်၊ နာမ်လို့ ခေါ်တဲ့ ဝိညာဉ်နဲ့ မဆိုင်ပါဘူး၊





ရုပ်ဆိုတာ တစ်ဘဝစာအတွက် ခေတ္တ အသုံးချခံ တစ်ခုပါပဲ၊ ဝိညာဉ်ကတော့ ဘယ်တော့မှ ရုပ်တန့်သွားတယ် မရှိဘဲ တစ်နေရာက တစ်နေရာ ခန္ဓာတစ်ခုကနေ နောက်တစ်ခုကို ကူးပြောင်း နေနိုင်ပါတယ်"

နက္ခတ်ဆရာကြီးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ခန္ဓာကိုယ်ထဲက ဝိညာဉ်က တစ်နေရာကို ရောက်နေပြီး အချိန်တန်လို့ ပြန်မရောက်လာရင် ကျန်ခဲ့တဲ့ ခန္ဓာကိုယ်က ပျက်စီးသွားပါတယ်၊ ဒီလိုအခါမှ ဝိညာဉ်ပြန်လာရင်တော့ ပျက်စီးသွားတဲ့ ခန္ဓာကိုယ်ထဲကို ပြန်ဝင်လို့ မရပါဘူး၊ အဲဒီအခါမှာ နောက်နေရာတစ်ခုကို ရှာပြီး ဝင်ရပါတယ်၊ ဒါက သာမန်လူသားတွေအတွက်ပါ. . ."

ဟု ပြောကာ ဆေးရည်စိမ်ထားသော အလောင်းကို တစ်ချက် ကြည့်လိုက်သည်။ ကျောက်တလားထဲမှ ဆေးရည်စိမ်ထားသော အလောင်းမှာ ယခုချက်ချင်း အသက်ပြန်ဝင်လာတော့မည့် သဏ္ဍာန်မျိုး ဖြစ်နေသည်။

"မြင့်မြတ်လှတဲ့ အနုရာဓဘုရင်ရဲ့ ရုပ်ခန္ဓာကတော့ နောက်ထပ် နှစ်ပေါင်းများစွာ ကြာလည်း ဒီအတိုင်းပဲ ရှိနေအောင် ကျွန်ုပ်တို့ စီစဉ်ထားပါတယ်၊ တကယ်လို့ ဝိညာဉ်ကို နတ်ဒေဝတာများထံက ပြန်ခေါ်လို့ရရင် သူဟာ အသက်ပြန်ရှင်လာမှာပါ၊ ဒီအတွက် လူစွမ်းကောင်းကို အခုလို ခေါ်ယူရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပါတယ်"

ဟု ပြောပြပြီး ကျောက်တလား အဖုံးကို ပြန်ပိတ်လိုက်လေတော့သည်။ ထိုအခါ ဘုရင်မ ဘရဏီက. . .

"သူရဲကောင်းကို ခွန်လွန်တောင်တန်းကနေ ဒီကို ခေါ်ရတဲ့ အကြောင်းရင်းကတော့ မရဏ ရေအိုင်ကြီး အနီးတဝိုက်မှာ ရှိတဲ့ သိဒ္ဓိဝင် ပစ္စည်းကို ယူခိုင်းဖို့ပါပဲ၊ ဒီပစ္စည်းကို ရမှ ဝိညာဉ်များကို လာစေသွားစေနိုင်သော အနု၊ ၂၈ စိန်ရောင်ခြည်ကို ယူလို့ရမှာ ဖြစ်တယ်"

ဟု.ပြောသည်။

"ကျွန်ုပ်က ဘယ်လို အစီအစဉ်နဲ့ သွားရမယ်ဆိုတာ အမိန့်ရှိပါ သခင်မ"

"သင် ခရီးထွက်တဲ့အခါ လမ်းပြပေးနိုင်တဲ့ ကေသရီနဲ့ ကျွန်ုပ်ရဲ့တပ်မှူး ဇဠ္ဌကို ထည့်ပေးလိုက်ပါမယ်၊ ခရီးထွက်ဖို့ အတွက်လည်း အားလုံး အဆင်သင့် စီစဉ်ထားပေးပါပြီ၊ တကယ်လို့ ကျွန်ုပ် စေခိုင်းသော တာဝန်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ရင် သင့်ကို အနုရာဓ သူရဲကောင်းအဖြစ် သူကောင်းပြုပါ့မယ်"

"ကောင်းပါပြီ၊ သခင်မ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပေးပါ့မယ်"

ထို့နောက် ကျော်စွာအား ရဲတိုက်ကြီး တစ်နေရာသို့





ခေါ်သွားလေသည်။ မင်းသမီးလေး ကေသရီ ရှိသောနေရာပင် ဖြစ်၏။ ကေသရီအား ရဲတိုက်ကြီးထဲမှာ သီးသန့် အဆောင်နှင့် ထားသည်ဆိုသော်လည်း အစောင့်အကြပ်များဖြင့် အကျယ်ချုပ် သဘောမျိုး ဖမ်းဆီးထားခြင်း ဖြစ်ပေသည်။

ကေသရီမှာ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြီး မဟာနွယ် မဟာသွေး ဆန်သော အလှပိုင်ရှင်တစ်ဦးပင်ဖြစ်၏။ ဘုရင်မ ဝင်လာသည်ကို မြင်သောအခါ ကေသရီက သလွန်ပေါ်မှာ လဲလျောင်းနေရာမှ ထပြီး အရိုအသေ ပေးလေသည်။

ဘုရင်မက ကေသရီအား ကျော်စွာနှင့် ပတ်သက်သော အကြောင်းများ ပြောပြပြီး ခရီးထွက်ရာတွင် လိုက်ပါရန်အတွက် ပြောပြလေသည်။


သို့ကြောင့်. . .

ကေသရီက ကျော်စွာ ရှိရာသို့ တစ်ချက် လှမ်းကြည့်လေရာ မျက်လုံးချင်း ဆုံလိုက်ရသော အခိုက်အတန့်ဝယ် သူမအတွက် ဒုက္ခတွင်းမှ ကယ်တင်ပေးမည့်သူ ရောက်လာပြီဖြစ်ကြောင်း ရင်ထဲမှာ အလိုလို သိလိုက်သည့်အတွက် ဝမ်းသာသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၄)

# ရောဟဏီနှင့် ပါဝတာ

အနုရာဓမြို့မှ စတင် ခရီးထွက်ကြသောအခါ အားလုံး လေးယောက် ဖြစ်သည်။ ကျော်စွာ၊ လူပုလေး မိတ္တ၊ တပ်မှူး ဗျဂ္ဃနှင့် ကေသရီတို့ ဖြစ်ကြလေသည်။

ကျော်စွာ၌ သစ္စာပါလအားနှင့် ဓါးမြှောင်တစ်လက်ပါပြီး လူပုလေး မိတ္တကတော့ လက်စွဲတော် ဓါးမြှောင်နှစ်လက်ပါသည်။ တပ်မှူးဗျဂ္ဃကတော့ လက်စွဲတော် ရဲဒင်းကြီးနှင့် ဓားတို့ တစ်ချောင်း ပါကာ ကေသရီကတော့ မည်သည့်လက်နက်မှ မပါပေ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မြင်းကိုယ်စီနှင့် ဖြစ်ပြီး ရေဗူး၊ ရိက္ခာထုပ်နှင့် အခြား အသုံးအဆောင် ပစ္စည်းများကိုတော့ အထုပ်ငယ်များဖြင့် ထည့်ကာ မြင်း၌ ချိတ်ဆွဲယူလေသည်။

ကေသရီမှာ နုနယ်သော မိန်းမသားတစ်ဦး ဖြစ်သော်လည်း စိတ်ဓါတ်ကြံ့ခိုင်သူ ဖြစ်၏။ မြင်းစီးရာတွင် ယောကျာ်းများနှင့် တန်းတူ ရင်ဘောင်တန်းကာ အမီလိုက်နိုင်သူ ဖြစ်၏။ လူပုလေး မိတ္တာပင် သူမကို မီနိုင်ရန် ကြိုးစား၍ လိုက်ရလေသည်။

အနုရာဓမှ ထွက်ခဲ့ကြပြီး (၃)ရက်မြောက်သောနေ့တွင် လူသူ အရောက်အပေါက် နည်းသော တောအုပ်တစ်ခုသို့ ဖြတ်သန်းကြရလေသည်။

တောမှာ လူသွားလူလာ သိပ်မရှိသောကြောင့် လမ်းဟူ၍ မယ်မယ်ရရ မရှိဘဲ အဆင်ပြေသောနေရာများက ကွင်းရှောင်သွားကြရလေသည်။ ကေသရီကတော့ ထိုနေရာများကို ကောင်းစွာ သိရှိဟန်ဖြင့် လမ်းမှန်ရောက်အောင် ညွှန်ပြပေးနိုင်လေသည်။

"ဒီတောအုပ်ရဲ့ မြောက်ပိုင်း တောနက်တွေထဲမှာ လူသား စားတဲ့ လူရိုင်းအုပ်စုတွေ ရှိတယ်၊ ဒါကြောင့် ဒီနေရာတွေကို လူတွေ မလာဝံ့ကြတာ"

ဟု တစ်နေရာသို့ ရောက်သောအခါ ကေသရီက





ပြောပြလေသည်။ ထိုတောနက်ထဲမှာ ဖြတ်သန်းလာစဉ်မှာပင် တစ်နေရာသို့ ရောက်သောအခါ လူတစ်ယောက်၏ စူးစူးဝါးဝါး အော်ဟစ် အကူအညီ တောင်းနေသံကို ကြားလိုက်ရသဖြင့် မြင်းများကို ထိုအသံ ကြားရာဘက်သို့ ဦးတည်လိုက်ကြသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ လူတစ်ယောက်၏ ကြောက်လန့်တကြားဖြင့် စူးစူးဝါးဝါး အော်နေသံကို ကြားရသောကြောင့် ရပ်ကြည့်နေစဉ်မှာ တစ်နေရာမှ မီးခိုးလုံးများ တက်လာသည်ကို လှမ်းမြင်ရသောကြောင့် မြင်းများပေါ်မှ ဆင်းပြီး ထိုအသံကြားရာဘက်သို့ လျှို့ဝှက်စွာ သွားကြလေသည်။

ထိုနေရာ ရောက်တော့ မြင်ကွင်းက မကောင်းလှပေ။ လူရိုင်းတစ်စုက ကွက်လပ်နေရာ၌ မီးဖိုကြီး ဖိုပြီး ထိုင်စောင့်နေကြသည်။ ခဏကြာတော့ တောထဲမှ နောက်ထပ် လူရိုင်းတစ်စုက လူတစ်ယောက်ကို ဖမ်းခေါ်လာကြသည်။ ဖမ်းခေါ်လာပုံကတော့ ခြေရောလက်ပါ ကြိုးနှင့် တုပ်ကာ ဝါးလုံးဖြင့် လျှိုပြီး ရှေ့နောက် ထမ်းလာခြင်း ဖြစ်၏။ အော်သံက ထိုလူဆီမှပင် ဖြစ်၏။

လူရိုင်းများက ထိုသူကို အရှင်လတ်လတ် မီးဖိုပေါ် တင်ပြီး မီးရှို့သတ်ရန် ပြင်ဆင်နေသည်ကို မြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ၊ တပ်မှူးဗျတ္တ၊ လူပုလေး မိတ္တတို့ သုံးယောက်က နေရာမှ ပြေးထွက်သွားပြီး လူရိုင်းအုပ်စုများအား တရကြမ်း တိုက်ခိုက်ကြလေတော့သည်။

လူရိုင်းများကလည်း စူးစူးဝါးဝါး အော်ဟစ်ရင်း ဓါးလှံများဖြင့် ပြန်လည် တိုက်ခိုက်ကြသော်လည်း တိုက်ခိုက်မှု စွမ်းရည် မြင့်မားလှသော ကျော်စွာတို့ကို ဘယ်လိုမှ မယှဉ်နိုင်သောကြောင့် အတော်များများ လဲကျ သေဆုံးသွားသောအခါ ဖမ်းဆီးလာသောလူကို ချထားခဲ့ပြီး တောထဲသို့ ဝင်ပြေးသွားလေတော့သည်။

ထိုအခါမှ မီးပုံနားမှာ ချထားခဲ့သောလူကို ကြိုးများ ဖြေပေးလိုက်လေသည်။ ထိုသူမှာ တိဗက်လူမျိုးတစ်ဦး ဖြစ်ပြီး ကျော်စွာတို့အား ဦးညွှတ်ကာ အရိုအသေ ပေးလေသည်။

"ကျွန်ုပ်အား အခုလို အသက်ကယ်တင်ပေးတဲ့ အတွက် အရှင်တို့ကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်မှာ အရှင်တို့ ပေးတဲ့အသက်ပဲ ကျန်ပါတော့တယ်၊ ဒီကျေးဇူးကို ဆပ်ပါရစေ"

ဟု ပြောသည်။ ထိုသူမှာ အသက်လေးဆယ်ကျော် အရွယ်ခန့် ရှိပြီး အရပ်ပုပု ဂင်တိုတိုပင် ဖြစ်၏။ ကတုံးတုံးထားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှိသည်။ တိဗက်များ ဝတ်ဆင်လေ့ ရှိသော ရင်ဖုံးအင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်





ထားသည်။ လည်ပင်း၌ အလုံးအရွယ်အစား အတန်ငယ် ကြီးသော ပုတီးတစ်လုံးကို ဆွဲထားလေ၏။

၎င်းပြောပြသော အကြောင်းများမှာ ၎င်း၏အမည်မှာ ပါဝဏ ဖြစ်ပြီး စိတ်စွမ်းအားကို ကောင်းစွာ တည်ဆောက် အသုံးချနိုင်လေသည်။ နောင်သောအခါ ၎င်း၏ စိတ်စွမ်းအားကို များစွာ အသုံးချနိုင်ခဲ့ပေသည်။

သူသည် တစ်ကောင်ကြွက်သမားတစ်ဦး ဖြစ်ပြီး တိဗက် တောင်တန်းပေါ်မှာ နေထိုင်ကာ ဆေးဝါးဖော်စပ်သော အလုပ်နှင့် ဆေးကုသော အလုပ်လုပ်သူ ဖြစ်၏။ ခွန်လွန် တောင်တန်းဘက် လာပြီး ဆေးမြစ်ဆေးဥ ရှာဖွေရင်း လူရိုင်းများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်ဟု ပြောပြလေသည်။ ကျော်စွာ စိတ်ထဲမှာတော့ ၎င်းအနေနှင့် တစ်ခုခုကို လျှို့ဝှက်ထားသည်ကိုတော့ သိနေသည်။

သို့စေကာမူ . . .

ရန်သူတစ်ယောက် မဟုတ်သောကြောင့် ပါဝဏ ဆိုသူအား တစ်ပါတည်း ခေါ်ဆောင်သွားခဲ့ကြသည်။

"ရှေ့မှာ ကသည်းရွာကြီးတစ်ရွာ ရှိတယ်၊ အဲဒီရွာ ရောက်မှ သူ့အတွက် မြင်းတစ်ကောင် စီစဉ်ပေးပေါ့"

ဟု ပြောပြီး လောလောဆယ်တော့ လူပုလေး မိတ္တ မြင်းပေါ်မှာပင် အတူစီးကာ ခရီးဆက်ကြလေသည်။ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်လျှောက်လုံးမှာတော့ နောက်ထပ် ရန်အန္တရာယ် တစ်စုံတစ်ရာ မတွေ့ကြရဘဲ ခရီးဆက်ခဲ့ကြရာ တောင်ပေါ် ရွာကြီးတစ်ရွာသို့ ရောက်ခဲ့ကြသည်။

ထိုရွာသည် ကသည်းလူမျိုးများ နေထိုင်ကြသည့် ရွာကြီးတစ်ရွာ ဖြစ်လေသည်။ ရွာအဝင်လမ်း၏ ကွက်လပ်တစ်နေရာ၌ ရွာသူရွာသားများ စုဝေး ရောက်ရှိနေကြပြီး တဟေးဟေး တဝါးဝါး အော်သံများ ကြားရသဖြင့် ထိုနေရာသို့ လာခဲ့ကြသည်။

ကွင်းလယ် တစ်နေရာ၌ တိုင်တစ်လုံး စိုက်ထားပြီး ထိုတိုင်၌ ခြေထောက်တစ်ဖက်ကို သံခြေကျင်း ခတ်၍ ကြိုးရှည်ရှည် ထားကာ လူတစ်ယောက်ကို ဖမ်းထားသည်။ ထိုသူသည် အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သန်စွမ်းမှု ရှိပြီး နဖူး၌ သားရေပြားတစ်ချပ်ကို ပတ်စည်းထားသည်။

သူ့လက်ထဲမှာတော့ လှံကဲ့သို့ တုတ်ရှည်ကြီး တစ်ချောင်း ကိုင်ထားပြီး ထိုတုတ်ရှည်၏အဖျား၌ အသွားထက်လှသည့် သံချွန်ရှည်တစ်ခု တပ်ထားသည်။ ပုံစံကတော့ ဓါးလှံကဲ့သို့ ထိုးလို့ခုတ်လို့ ရဟန်ရှိသည်။

တုတ်၊ ဓါးနှင့် လှံရှည်များ ကိုင်ဆောင်ထားသော ရွာသူရွာသားများက ၎င်းအား ဝိုင်းဝန်း၍ အော်ဟစ် လှောင်ပြောင်လျက် ရှိနေကြသည်။ အခြားရွာသားအချို့ကတော့





ဘေးမှ ဝိုင်းကြည့်နေသည်။

သံကြိုးဖြင့် အဖမ်းခံထားသောသူမှာ ၎င်း၏တုတ်ရှည်ကို များစွာ အားကိုးအားထား ရှိဟန်တူသည်။ လက်တစ်ဖက်တည်းဖြင့် ထိုတုတ်ရှည်ကြီးအား ဝှေ့ယမ်းလိုက်လေရာ တဝိုးဝိုးဖြင့် အော်မြည်ကာ တုတ်ကို မမြင်ရလောက်သည်အထိ လျင်မြန် သွက်လက်လေသည်။

သူ၏ ခြေထောက်တစ်ဖက်အား လှုပ်ရှား၍ မရအောင် သံကြိုးခတ်ထားစေကာမူ ရုတ်တရက် အနားမကပ်ဝံ့ကြပေ. . .။ အနားကပ်လိုက်သည်နှင့် တုတ်ချက်မိကာ လွင့်စင် ထွက်လာသည်။ ပိတုံးကောင်များ အုပ်စုလိုက် ပျံသန်းနေသော အသံမျိုးကဲ့သို့ တဝီဝီ လည်ပတ်နေသော တုတ်ရှည်နှင့် ထိလိုက်သည်နှင့် မခံနိုင်ဘဲ အလဲလဲ အပြိုပြို ဖြစ်ကြလေသည်။

ထိုအခါ အနားမကပ်တော့ဘဲ မလှမ်းမကမ်းမှ ကျောက်တုံးကျောက်ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ကြရာ ပထမတော့ တုတ်ဖြင့် ဝှေ့ယမ်းထုတ်ရာ ပစ်သမျှ ကျောက်တုံးကျောက်ခဲများ ပြန်ထွက်လာသည်။

ကြာတော့လည်း ထိုသူမှာ လက်အံသေလာဟန်ဖြင့်နှေးကွေးလာသဖြင့် ကျောက်တုံး ကျောက်ခဲအချို့က ၎င်းအား ထိမှန်လေရာ သွေးများ ထွက်လာတော့သည်။ ထိုမြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကတော့ မကောင်းလှပေ. . .။ လူပုလေး မိတ္တက. . .

"သတ္တိ အတော်ကောင်းတဲ့လူပဲ၊ ခြေထောက် တစ်ဖက်ကို သံကြိုးချည်ထားတာတောင် သူတို့ အနားမကပ်ဝံ့ကြဘူး၊ သံကြိုးသာ မရှိရင် အားလုံး သေကုန်ကြမှာပဲ"

ဟု မှတ်ချက်ချသည်။ ထိုအခါ တပ်မှူး ဗျဂ္ဃကပါ. . .

"ဒီတိုက်ပွဲဟာ အတော် မမျှတတာပဲ၊ လူအများစုက လူတစ်ယောက်တည်းကို သံကြိုးနဲ့ ချည်ပြီး ဝိုင်းတိုက်နေကြတယ်"

ဟု ပြောသောအခါ ကျော်စွာက. . .

"ဒါတောင် သူတို့ တစ်ယောက်မှ အနားမကပ်ဝံ့ကြဘူးလေ၊ ကြိုးချည်ထားတဲ့ မျောက်ကို အဝေးကနေ ခဲနဲ့ ဝိုင်းပေါက်သလို ပေါက်နေကြတာကတော့ မတရားဘူး"

ကျော်စွာ စကားကြားသောအခါ ပါဝဏက. .

"သူ အသုံးပြုနေတဲ့ တုတ်သိုင်းပညာက မြောက်ပိုင်းနယ်ဘက်က ကနန်မျိုးနွယ်စုတွေ အသုံးပြုကြတဲ့ တုတ်သိုင်းပညာပဲ၊ တိဗက်တောင်တန်းနဲ့ ခွန်လွန်တောင်တန်းပေါ်မှာ ရှိကြတဲ့ ရှောင်လင် ဘုန်းတော်ကြီးတွေ အသုံးပြုတဲ့ပညာနဲ့ တူတယ်၊ တကယ်လို့သာ သူ့ခြေထောက်က သံကြိုးကို ဖြုတ်ပေးလိုက်ရင် သူ့ကို ဝိုင်းတိုက်နေတဲ့သူတွေ မလွယ်ဘူး"

ဟု ပြောသည်နှင့် ကျော်စွာက ဓါးကို ဆွဲထုတ်လိုက်





ကာ လူအုပ်ကြားထဲမှ တိုးထွက်ပြီး ကွင်းလယ်သို့ ခုန်ဝင်သွားသည်။ ထိုလူက သူ့ကို ရန်မူတော့မည်အထင်နှင့် တုတ်ဖြင့် ရိုက်ချလေသည်။

အပေါ်မှ ဝှီးကနဲ ကျလာသော တုတ်ချက်ကို ဓါးဖြင့် ရိုက်ဖယ်လိုက်ကာ တိုင်ခြေရောက်အောင် ဝင်သွားပြီး ချည်ထားသော သံကြိုးကို သစ္စာပါလစားဖြင့် ခုတ်ဖြတ်ပေးလိုက်သည်။ ထိုအခါမှ ရန်သူမဟုတ်မှန်း သိသွားပြီး နောက်ထပ် ရန်မမူတော့ဘဲ ကျေးဇူးတင်သော မျက်လုံးဖြင့် တစ်ချက်ကြည့်သည်။

"ဟင်"

အနီးကပ် ကြည့်တော့မှ ကျော်စွာမှာ များစွာ အံ့ဩသွားလေတော့သည်။ ထိုသူမှာ သူတို့ ထင်သလို ယောကျ်ားတစ်ယောက် မဟုတ်ဘဲ မိန်းမတစ်ယောက်မှန်း သိရလေသည်။

အနှောင်အဖွဲ့မှ လွတ်မြောက်သွားသော အမျိုးသမီးသည် ၎င်းလက်ထဲမှ တုတ်ရှည်ကြီးကို ဝှေ့ယမ်းကာ ၎င်းအားရန်မူကြသူများအား တရကြမ်း လိုက်လံ တိုက်ခိုက်ရာ အလဲလဲ အကွဲကွဲနှင့် ဖရိုဖရဲ ဖြစ်ကာ ထွက်ပြေးကြလေတော့သည်။ အချို့လည်း တုတ်ချက်မိကာ လဲကျန်နေခဲ့ကြသည်။

ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ဝိုင်းထားသော လူအုပ်ကြီးကို ထိုးဖောက်ပြီးနောက် မြင်းတစ်ကောင်ပေါ်သို့ တက်ကာ စူးစူးဝါးဝါး ဟစ်အော်လျက် ပြေးထွက်သွားလေတော့သည်။ ထိုအခါမှပင် ကျော်စွာတို့လည်း ခရီးဆက်ရန် ပြင်ကြလေသည်။ ထို့ရွာမှ မြင်းတစ်ကောင် ရှာဖွေပြီး ပါဝဏအတွက် စီစဉ်ပေးပြီးနောက် ခရီးဆက်ခဲ့ကြသည်။

သူတို့သည် မြောက်ဘက်စူးစူးသို့ နောက်ထပ် တစ်ညအိပ် ခရီးမျှ ဆက်သွားကြပြီးနောက် ကျောက်တောင်တန်းပေါ်မှ လွင်ပြင်ဆီသို့ ဆင်းသွားသည့် တောအုပ်တစ်ခုအတွင်းသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာတဝိုက်မှာ တောနက်သည်က တစ်ကြောင်း၊ လူသူ အရောက်အပေါက် နည်းသည်က တစ်ကြောင်း သားရဲတိရစ္ဆာန်များ ထူပြောလှသည်။ သူတို့သည် ခရီးပန်းလာကြပြီဖြစ်သောကြောင့် အတန်အသင့် ကျယ်ဝန်းသော ဂူပေါက်တစ်ခုကို ရှာဖွေ၍ အတွင်းဝင်၍ စခန်းချကြသည်။

ကေသရီနှင့် တပ်မှူး ဗျဂ္ဃတို့ကို ဂူထဲမှာ ထားခဲ့ပြီး ကျော်စွာ၊ လူပုလေး မိတ္တနှင့် ပါဝဏတို့က ရိက္ခာနှင့် ရေရှာဖွေရန် အပြင်သို့ ပြန်ထွက်ကြသည်။ တောထဲသို့ ရောက်သောအခါ သုံးယောက် အတူတူ မသွားဘဲ တစ်ယောက် တစ်နေရာစီ ခွဲသွားကြသည်။





ကျော်စွာက တောင်ကုန်းတစ်ခုပေါ်သို့ တက်လာခဲ့သည်။ ကံအားလျော်စွာ သူ တက်လာသော တောင်ကုန်းတဝိုက်မှာ သစ်တော်ပင် အများအပြား ရှိကာ အသီးများ သီးနေခိုက်နှင့် ကြုံသောကြောင့် ခူးဆွတ်ကာ အိတ်တစ်လုံးဖြင့် ထည့်ယူလေသည်။

တစ်နေရာသို့ ရောက်သောအခါ တောင်ကုန်းပေါ်၌ ပေါက်နေသည့် ကညင်ပင်ကြီးတစ်ပင်ပေါ်၌ သစ်ခွပန်းခိုင်များ ပွင့်နေသည်ကို တွေ့ရလေသည်။ သစ်ခွပန်းခိုင်များကို မြင်သောအခါ မင်းသမီးလေး ကေသရီကို ဖျတ်ကနဲ သတိရလိုက်မိသည်။

"အင်း. . . ဒီပန်းခိုင်တွေကို မင်းသမီးအတွက် ခူးသွားပေးရင် သူ သဘောကျမယ် ထင်တယ်"

ဟု တွေးတောကာ ဓါးနှင့် သစ်တော်သီး ထည့်ထားသော အိတ်ကို ကျောက်တုံးတစ်တုံးပေါ်သို့ ချကာ သွက်လက် ဖျက်လတ်စွာဖြင့် သစ်ပင်ပေါ်သို့ တက်သည်။ အဘိုးနှင့် နေစဉ်က နေ့စဉ်လိုလို မက်စောက်လှသော ကျောက်တောင်နံရံများကို ပြေးတက် ပြေးဆင်း လုပ်ခဲ့ရသော အလေ့အကျင့်သည် ယခုကဲ့သို့ မြင့်မားလှသည့် သစ်ပင်ပေါ်သို့ တက်ရသောအခါ အခက်အခဲ မရှိတော့ပေ။

သစ်ပင် ခွဆုံနေရာသို့ ရောက်သောအခါ သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ သစ်ခွပန်းခိုင်များ ရှိသောနေရာ ရောက်အောင် မတ်တတ် ရပ်ပြီး လျှောက်ရလေသည်။ လှုပ်ယမ်းနေသော သစ်ကိုင်းပေါ်မှာ ကိုယ်ဖော့ပညာကို အသုံးပြု၍ လျှောက်သွားကာ သစ်ခွပန်းခိုင်ကို အမြစ်မှ ဖြုတ်ယူပြီး ပြန်ဆင်းလာသည်။

ကျောက်ဂူသို့ ပြန်ရောက်သောအခါ ပါဝဏနှင့် လူပုလေး မိတ္တပင် ပြန်ရောက်နေကြလေပြီ။ သူတို့သည် ပျားရည်နှင့် အခြား စားသောက်စရာများ ရလာကြသဖြင့် ထိုအစားအသောက်များကိုပင် ဝေမျှ စားသောက်ကြသည်။ ကျော်စွာကမူ ခူးယူလာသော သစ်ခွပန်းခိုင်အား ကေသရီအား ပေးသောအခါ လူပုလေး မိတ္တ မျက်နှာမှာ ပြုံးစိစိ ဖြစ်သွားလေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို. . ."

ကေသရီ မျက်နှာပေါ်မှာ ရှားရှားပါးပါး နှစ်လိုဖွယ်ရာကောင်းသော အပြုံးရိပ်ကလေးကို တွေ့လိုက်ရသည်။ ညနေပိုင်း အချိန်လောက် ရောက်သောအခါ တောနက်ထဲမှ ဆူဆူညံညံ အသံများ ကြားရပြီး အန္တရာယ်များ ရောက်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။ တောနက်ထဲမှာ နေကြသော လူရိုင်းများ ရောက်လာပြီး သူတို့အား ပိုင်းဝန်း တိုက်ခိုက်ကြပြန်လေသည်။ ထိုအခါ ကျော်စွာတို့ကလည်း ကေသ





ရီအား ဂူအတွင်းပိုင်းတွင် ဝင်ရောက် နေစေပြီး ပြန်လည်တိုက်ခိုက်ကြသည်။

လူရိုင်းများ အသုံးပြုသော တုတ်ရှည်ကြီးများမှာ အဖျားထိပ်၌ သံချွန်များ ကပ်ထားကာ တိုက်ခိုက်သော ပညာမှာလည်း သူတို့ ကယ်တင်ပေးလိုက်သော အမျိုးသမီး တိုက်ခိုက်သော တုတ်သိုင်းပညာမျိုးပင် ဖြစ်၏။

လူရိုင်းများသည် ထိုတုတ်သိုင်းပညာကို အသုံးပြုပြီး တရကြမ်း ဝင်ရောက် တိုက်ခိုက်ကြရာ ကျော်စွာတို့ကလည်း ၎င်းတို့ လက်နက်များဖြင့် အစွမ်းကုန် ပြန်လည် တိုက်ခိုက်ကြရာ အော်ဟစ်သံ၊ လက်နက်ချင်း ထိခတ်သံ၊ ကြိမ်းမောင်းမာန်ဖီသံ၊ ငြီးငြူ အော်ဟစ်သံများဖြင့် ဆူညံနေတော့သည်။

အသံများမှာ ဂူနံရံများ၊ လိုဏ်ခေါင်းသံများဖြင့် ပဲ့တင်ထပ်နေသောကြောင့် ပိုမို ဆူညံနေတော့သည်။ လူအများနှင့်လူအနည်းစု ဖြစ်သော်လည်း ကျော်စွာနှင့် တပ်မှူး ဗျဂ္ဃတို့က တိုက်ခိုက်မှုစွမ်းရည် မြင့်သောကြောင့် လူရိုင်းများမှာ မယှဉ်သာကြချေ. . .။

နေဝင်ဆည်းဆာချိန်တွင် ရွှေအိုရောင် ဆည်းဆာရိပ်များအစား သွေးရောင်များက စွန်းထင်နေသည်။ အိပ်တန်းပြန် ကျေးငှက်သံများအစား ဓါးသံများဖြင့် အကျည်းတန်လျက် ရှိနေတော့သည်။ အေးချမ်းတိတ်ဆိတ်သောအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြောက်မက်ဖွယ်ရာ အော်ဟစ်သံ၊ နာကျည်း ငြီးငြူသံများက ဖုံးလွှမ်းထားသည်။

လူရိုင်းအတော်များများ ဂူထဲသို့ ဝင်ရန် ကြိုးစားကြသော်လည်း ဂူပေါက်ဝ အရောက်မှာပင် လန်ကျကုန်လေသည်။ ကျော်စွာ၏ သစ္စာပါလ ဓါးချက်ကြောင့် လူရိုင်းများ၏ သံရိုးတပ်ထားသော တုတ်ရှည်ကြီးများမှာ အပိုင်းပိုင်း ပြတ်ထွက်ကုန်သလို ဇမ္ဗူ၏ ရဲဒင်းချက် ထိသောအရာ မှန်လည်း မခံနိုင်ပေ။

ထိုသို့ တိုက်ပွဲပြင်းထန်နေချိန်မှာ တောထဲ တစ်နေရာဆီမှ စူးစူးဝါးဝါး အော်ဟစ် အမိန့်ပေးသံတစ်သံ ပေါ်လာလေရာ လူရိုင်းများမှာ တိုက်ခိုက်ခြင်းကို ရပ်တန့်ပြီး နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေသည်။

ကျော်စွာတို့က ဂူပေါက်ဝသို့ ထွက်လိုက်သွားကြစဉ် လူရိုင်းများကြားမှ လူတစ်ယောက် ထွက်လာသည်။ တုတ်ရှည် ကိုင်၍ တိုက်ခိုက်ရာတွင် စွမ်းရည် ထက်မြက်လှသည့် လမ်း၌ ကျော်စွာ ကယ်တင်ပေးလိုက်သောလူပင် ဖြစ်၏။ သူက ကျော်စွာတို့နှင့် မလှမ်းမကမ်းအထိ လျှောက်လာပြီး တုတ်ရှည်ကြီးကို မြေသို့ ထောက်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ်ရဲ့လူများက မသိနားမလည်ခြင်းကြောင့် ယခုကဲ့သို့ ဝင်ရောက် တိုက်ခိုက်ခြင်း ပြုတာ တောင်းပန်ပါတယ်"





"မင်းက ဘယ်သူလဲ"

တပ်မှူး ဇမ္ဗူက လှမ်းမေးလိုက်သည်။

"ကျုပ်က ကနန်မျိုးနွယ်တွေကို အုပ်ချုပ်တဲ့ 'ရောဟဏီ' ဖြစ်ပါတယ်၊ သင်တို့က ဘယ်သူတွေလဲ၊ ဘယ်နေရာကို ခရီးဆက်ကြမှာလဲ"

"ကျုပ်က အနုရာဓမြို့က တပ်မှူးဇမ္ဗူ ဖြစ်တယ်၊ သူတို့ကတော့ ကျုပ်နဲ့အတူ ခရီးသွားဖော်တွေပဲ၊ ကျုပ်တို့က မရဏရေအိုင်ကြီး အလယ်က ရဲတိုက်ကြီး ရှိတဲ့နေရာကို သွားကြမှာပါ"

"အဲဒီနေရာက အန္တရာယ် အလွန်များတဲ့နေရာပဲ၊ အဲဒီ နေရာကို သွားတဲ့လူတိုင်း ပြန်လမ်းမရှိတဲ့ နေရာပဲ"

"မင်း အဲဒီနေရာကို သိလား၊ ရောက်ဖူးလား"

"ကျုပ်က အဲဒီ မရဏရေအိုင် ရှိတဲ့နေရာကို အကြိမ်ကြိမ် ရောက်ဖူးပါတယ်"

"ဒါဖြင့် ကျုပ်တို့နဲ့အတူ လိုက်ပြီး လမ်းပြပေးစေချင်ပါတယ်"

တပ်မှူး ဇမ္ဗူ စကား ကြားသောအခါ ရောဟဏီက တုတ်ကြီးကို ထောက်လျက် အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ . . .

"ကျုပ်တို့ မျိုးနွယ်စုတွေမှာ အစဉ်အလာ ဓလေ့တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ သင်တို့ ကျုပ်ကို ခေါ်သွားချင်တယ်ဆိုရင် သင်တို့အထဲက တစ်ယောက်ယောက်နဲ့ ကျုပ်နဲ့ တိုက်ခိုက်ရလိမ့်မယ်၊ တကယ်လို့ ကျုပ်ကို ရှုံးရင် သင်တို့အထဲက တစ်ယောက်ဒီမှာ နေခဲ့ရမယ်၊ ကျုပ်ကို နိုင်အောင် တိုက်နိုင်ရင်တော့ ကျုပ်ကို ပိုင်သွားပြီ ဖြစ်တဲ့အတွက် လိုတဲ့နေရာကို ခေါ်သွားခွင့်ရှိပါတယ်"

ဟု ပြောသည်။ ထိုအခါ လူပုလေး မိတ္တာက ကျော်စွာအနီးသို့ ကပ်ပြီး. . .

"တကယ်လို့ လူတစ်ယောက် နေခဲ့ရမယ်ဆိုရင် ဒီလူရိုင်းတွေဆီမှာ ကျုပ် မနေခဲ့ဘူးနော်. . ."

ဟု ပြောရာ ကျော်စွာက ပြုံးလိုက်သည်။ တပ်မှူးဗျဂ္ဃက အဖွဲ့ကို ခေါင်းဆောင်လာသူ ဖြစ်သောကြောင့် သူကိုယ်တိုင် တိုက်ခိုက်ရပါစေဟု ခွင့်တောင်းသဖြင့် ကျော်စွာက သဘောတူလိုက်သည်။

တပ်မှူးဗျဂ္ဃသည် ယခုအချိန်ထိ ရောဟဏီအား မိန်းမတစ်ယောက်မှန်း သိဟန် မတူသေးပေ။ ရောဟဏီ၏ ခြေထောက်တစ်ဖက်၌ ယခုအချိန်ထိ သံကြိုးပြတ်ပြီး တစ်ပိုင်းက ရှိနေသေးသောကြောင့် ကျော်စွာက အနားသို့ လျှောက်သွားပြီး သစ္စာပါလ ဓါးဖြင့် ခုတ်ဖြတ်ပေးလိုက်သည်။

သံကြိုးတစ်ချောင်းကို ဓါးဖြင့် အလွယ်တကူ ခုတ်





ဖြတ်ပေးလိုက်သည်ကို မြင်သောအခါ လူရိုင်းများက အထိတ်တလန့် ဖြစ်သွားကြသလို တပ်မှူး ဗျဂ္ဃပင် ထိုဓါး၏ ကောင်းမွန်လှပုံကို စိတ်ထဲမှ ကြိတ်၍ အသိအမှတ် ပြုလိုက်လေသည်။ ၎င်းတို့နှစ်ယောက်၏ တိုက်ပွဲကို ဂူအပြင်ဘက် ကွင်းပြင် တစ်နေရာတွင် ပြုလုပ်ကြသည်။

တပ်မှူး ဗျဂ္ဃက ၎င်း၏ လက်စွဲတော် ရဲဒင်းကြီးဖြင့် အသုံးပြု တိုက်ခိုက်သကဲ့သို့ ရောဟဏီကလည်း သံရိုးတပ်တုတ်ရှည်ကြီးကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချရင်း တိုက်ခိုက်လေတော့သည်။

တပ်မှူးဗျဂ္ဃ၏ ရဲဒင်းကြီးက လေထဲမှာ ဝှီးကနဲ ဝှီးကနဲဖြင့် သွက်လက် မြန်ဆန်စွာ လှုပ်ရှားနေသကဲ့သို့ ရောဟဏီလက်ထဲမှ ဝှေ့ယမ်းနေသည့် တုတ်ရှည်ကြီးမှာလည်း လက်နှင့်တုတ်ကို မမြင်ရလောက်အောင် လျင်မြန်လှပေသည်။

ရောဟဏီ ကိုင်ဆောင်သောတုတ်မှာ သာမန် သစ်သားတုတ် မဟုတ်ဘဲ သံလုံးတပ်ထားသောကြောင့် ရဲဒင်းသွားနှင့် ထိခတ်လေတိုင်း မီးပွင့်မီးပန်းများ ဖြာထွက်လာလေသည်။ အမှောင်ရိပ် သမ်းနေသော တောင်ခြေတဝိုက်မှာ မီးပွင့်မီးပန်းများ ဖြာထွက်နေပုံမှာ ကြည့်၍ ကောင်းလှသလို တိတ်ဆိတ်နေသောအချိန်မှာ သံသံချင်း ထိခတ်သံများမှာလည်း ဆူညံစွာ ပေါ်ထွက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဟဏီမှာ ၎င်း၏ တုတ်ရှည်ကြီးကို လွန်စွာ အားကိုးဟန် ရှိသလို ကိုင်တွယ် အသုံးပြုပုံ၊ တိုက်ခိုက်ပုံမှာလည်း ကျွမ်းကျင်လှသည်။ တပ်မှူး ဗျဂ္ဃပင် အနားကပ်ရန် မလွယ်ကူလှပေ။

တပ်မှူး ဗျဂ္ဃမှာလည်း တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသော တပ်မှူးတစ်ဦး ဖြစ်သောကြောင့် ရောဟဏီ တုတ်ချက်များကို ရှောင်တိမ်းရင်း တစ်ချီတစ်ချီ၌ တရကြမ်း ဝင်ရောက်တိုက်ခိုက်ပုံမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ တိုက်ပွဲမှာ ပြင်းထန်လှသောကြောင့် ဘေးမှ ကြည့်နေသူများမှာ ရင်တမမ ဖြစ်နေတော့သည်။

ကျော်စွာကတော့ နံဘေးမှ ကြည့်နေရင်း တပ်မှူး ဗျဂ္ဃ၏ ကြောက်စရာကောင်းသော တိုက်ကွက်များအား မှတ်သားထားလေသည်။ နှစ်ဦးသား လက်ရည်တူ တိုက်ခိုက်နေရာမှ တစ်ကြိမ်တွင် တပ်မှူး ဗျဂ္ဃ ခုတ်ပိုင်းလိုက်သည့် ရဲဒင်းချက်ကို ရောဟဏီက လွတ်အောင် ခုန်ရှောင်ပေးပြီး နောက်ဖက်မှ တုတ်ဖြင့် သိမ်းရိုက်လိုက်သည်။

ဗျဂ္ဃက ရဲဒင်းဖြင့် ဆီးခံပေးလိုက်သောအခါ အရှိန်ဖြင့် လူချင်း ပူးကပ်သွားသည်။ ဗျဂ္ဃမှာ ထိုအခါမှ ရောဟဏီမှာ မိန်းမတစ်ယောက် ဖြစ်မှန်း သိရသဖြင့် အံ့ဩသွားလေသည်။ နောက်ဆုံးတော့ မိန်းမသား ဖြစ်သော ရောဟဏီမှာ လက်






ရည် ကျသွားပြီး ၎င်းကိုင်ဆောင်သော တုတ်မှာ လွတ်ကျသွားလေတော့သည်။ ရောဟဏီ အရေးနိမ့်သွားလေပြီ. . ။

ကျော်စွာက လွတ်ကျသွားသော တုတ်ကို ကောက်ယူပြီး ရောဟဏီ လက်ထဲသို့ ပြန်ထည့်ပေးလိုက်သောအခါ ရောဟဏီက တုတ်ကို ပြန်ယူပြီး ဒူးထောက်ကာ အရိုအသေပြုလိုက်သည်။ ကျော်စွာတို့အတွက် ခရီးဖော်တစ်ယောက် တိုးပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၅)

# ရှမ်ပဲလားဆိုတာ

အနုရာဓမြို့မှ ထွက်လာစက လေးယောက်။ ယခု လမ်းခရီးတွင် နှစ်ယောက် ထပ်တိုးလာပြန်တော့ ခရီးစဉ် အတွက် များစွာ အထောက်အကူ ရလာလေသည်။ နောက်ထပ် တွေ့ကြုံရသော ပါဝဏနှင့် ရောဟဏီတို့မှာ စွမ်းအား အသီးသီး ရှိကြသူများ ဖြစ်ပြီး ခရီးလမ်းကြောင်းတလျှောက်မှာ အားကိုးကြရလေသည်။

တကယ်တော့ ခွန်လွန်တောင်တန်းပေါ်မှာ ဖြတ်သန်း သွားလာရသော ခရီးမှာ လွယ်ကူ ချောမွေ့သော ခရီးမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ပါပေ။ တောင်ထွတ်များ၊ တောင်ကြားချောက်များ၊ လှိုဏ်များ၊ ကျောက်လိုဏ်ဂူခေါင်းကြီးများ အနှံ့အပြား ရှိလေသည်။ အချို့ ရှည်လျားလှသည့် ဥမင်လိုဏ်ခေါင်းများမှ ဖြတ်သန်းသွားရသည်လည်း ရှိသည်။

ထိုခရီးလမ်းများကို ဖြတ်သန်း သွားလာရာတွင် ရောဟဏီကိုတော့ မဆိုသာပေ။ မင်းသမီးလေး ကေသရီ၏ ဇွဲသတ္တိကိုတော့ ချီးကျူးရလေသည်။ မတ်စောက်သော တောင်တက်လမ်းများ၊ ခက်ခဲလှသည့် ခရီးကြမ်းများကို ယောကျ်ားများနှင့် ရင်ပေါင်တန်းကာ မငြီးမငြူ လိုက်နိုင်သည်။

အချို့နေရာများမှာ မြင်းစီး၍ သွားကြသော်လည်း အချို့နေရာများမှာတော့ မြင်းကို ဆွဲပြီး ခြေလျင်ခရီး သွားကြရသည်။ တောင်ကြားလမ်း တစ်နေရာသို့ ရောက်သောအခါ လေနှင့်အတူ ဝေ့ပါလာသော အပုတ်နံ့များကို သတိပြုမိကြသည်။

"အပုတ်နံ့တွေပါလား"

"ဒီနေရာတဝိုက်ဟာ မကောင်းဆိုးဝါးတွေ ဝိညာဉ်တွေ ပျော်စံတဲ့နေရာပဲ"

ရောဟဏီက ပြောပြသည်။

"ဒါ ဘယ်နေရာလဲ"

"ဒီနေရာက မရဏ တောင်ကြားလမ်းလို့ ခေါ်တယ်၊





ဒီနေရာက ချောက်တစ်ခုထဲမှာ ဆင်သင်္ချိုင်းတစ်ခု ရှိတယ်၊ ဒီအပုတ်နံ့တွေက အဲဒီက လာနေတာ. . ."

"ဆင်သင်္ချိုင်း ဟုတ်လား၊ အဲဒီလိုဆိုရင် အဲဒီနေရာမှာ ဆင်စွယ်တွေ အများကြီး ရှိနေမှာပေါ့၊ သွားရင်းလာရင်း ဆင်စွယ်တွေ သယ်သွားရရင် ကောင်းမယ်"

ဟု လူပုလေး မိတ္တက အားရပါးရ ပြောသည်။ ထိုအခါ တိဗက်လူမျိုး ပါဝဏက. . .

"အဲဒီနေရာမှာ ဆင်သင်္ချိုင်း ရှိတာတော့ မှန်တယ်၊ ဆင်သင်္ချိုင်းက ဟိုချောက်ထဲမှာ ရှိပါတယ်၊ ဒါပေမယ့် တကယ် ဆင်းရှာရင်တော့ တွေ့ဖို့ မလွယ်ဘူး"

ဟု ဝင်ပြောသည်။

"ဘာကြောင့်လဲ"

"အဲဒီ ဆင်သင်္ချိုင်းမှာ ဆင်အရိုးတွေ ဆင်စွယ်တွေ တောင်ပုံရာပုံ ရှိပါတယ်၊ ဒါပေမယ့် ယူမယ် စိတ်ကူးနဲ့ ဆင်းရှာပြန်တော့လည်း ဘာတစ်ခုမှ မတွေ့ရပြန်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ရှိတဲ့ မကောင်းဆိုးဝါးတွေ၊ ဝိညာဉ်တွေက လူတွေ မမြင်နိုင်အောင် ဖုံးကွယ်ထားလို့ပါပဲ"

"ဒါမျိုးတွေကရော တကယ် ရှိလို့လား"

တပ်မှူး ဗျဂ္ဃက မယုံကြည်သော လေသံဖြင့် ဝင်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ အသက်ရှိတဲ့ သတ္တဝါ မှန်သမျှ ရုပ်နဲ့ နာမ် တွဲနေတာပဲ၊ ရုပ်ရှိရင် နာမ်ဆိုတာလည်း ရှိတာပေါ့၊ ဒီ နေရာတွေက အခြားနေရာတွေနဲ့ မတူဘူး၊ နတ်ဒေဝတာနဲ့ ဝိညာဉ်တွေကို မယုံလို့မရဘူး၊ နောက်ပြီး. . . "

ပါဝဏက စကားကို ဆက်ပြောသင့် မပြောသင့်ကို စဉ်းစားနေဟန် ရှိလေသည်။

"ဆက်ပြောပါဦး ပါဝဏ"

"ဒီတောင်တန်းတွေရဲ့ တစ်နေရာမှာ ရှမ်ဗဲလားဆိုတဲ့ နေရာတစ်နေရာ ရှိတယ်"

ထိုစကားကြောင့် အားလုံးက စိတ်ဝင်စားသွားလေသည်။ ရှမ်ဗဲလားဟူသော အမည်မှာ သူတို့အနေနှင့် ကြားဖူးကြသော်လည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူး၊ မရောက်ဖူးသော အရပ်ဒေသတစ်ခု ဖြစ်ပေသည်။

ရှမ်ဗဲလား ဟူသည်မှာ. . .

ဟိဝန္တာတောင်တန်း၊ ကေလာသတောင်၊ ခွန်လွန် (အချို့ကလည်း ခွင့်လွင်ဟု ရေးသည်) တောင်တန်းနှင့် မနသာရောဝ ရေကန်တော်ကြီးတို့နှင့် ဆက်စပ်လျက် ရှိကာ သူတော်စင်တို့ ပျော်မွေ့ရာ. . . သို့မဟုတ် မေတ္တာစက်ကွင်း ဓါတ်ကို တစ်ကမ္ဘာလုံးသို့ ပြန့်နှံ့စေရန် ဖြန့်ဝေပေးသူတို့ ရှိရာ၊ သို့မဟုတ် စိတ်စွမ်းအင် အကြီးအကျယ် မြင့်မြတ်သူတို့ ပျော်စံ





ရာ နေရာတစ်ခု ဆိုက မမှားပေ။

ရှမ်ဗဲလားမှ ပုဂ္ဂိုလ်များက လူလောကသို့ မေတ္တာ ဓါတ်များ ဖြန့်ဝေပေးရန် ဂန္ဓာရီ စေတမန်များကို အလှည့်ကျ စေလွှတ်ပေးလိုက်သည်။ အိန္ဒိယနိုင်ငံရှိ ဂုတ်ဆီမြို့ကလေး တွင် လူရုပ်လူ့ရှာမှ တရားဓမ္မ ရှာမှီးလိုသည့် ဓမ္မခရီးသည်များ အား ရှမ်ဗဲလားမှ တမန်တော်များကိုယ်တိုင် လာရောက်၍ တရားဓမ္မများ ဆွေးနွေး ညွှန်ပြပေးကြသည်။

ထို့ပြင်. . .

ရှမ်ဗဲလား၌ တရားဓမ္မသဘင် ဆင်ယင်ပြီး ကဆုန် လပြည့်နေ့တိုင်း ညောင်ရေသွန်းပွဲများ ကျင်းပ ပြုလုပ်ကြ သည်။ တိဗက်နယ်နှင့် ဟိမဝန္တာတောင်တန်း၊ ကေလာသ တောင်နှင့် ခွန်လွန်တောင်တန်းတလျှောက်တွင် ရှမ်ဗဲလား ရှာပုံတော် ဖွင့်ကြသူ အများအပြား ရှိကြလေသည်။

အချို့က တောင်တန်း တစ်နေရာမှာသော် လည်း ကောင်း၊ အချို့က လွင်ပြင်တစ်နေရာမှာသော် လည်းကောင်း၊ ရှမ်ဗဲလားဟု ထင်ရသော ဘုန်းတော်ကြီးကျောင်းများနှင့် အ ချို့ကလည်း ရှမ်ဗဲလားမှ သူတော်စင်ဟု ထင်မှတ်ရသော သူ တော်စင် အချို့နှင့် တွေ့ခဲ့ရသည်ဟု ဆိုကြသည်။

'ဘာဂ်ဝါတာပူရာမ်' ကျမ်း၌မူ သူတော်စင်တို့ တရား ဓမ္မ ရှာမှီးသည့် စုံတောမြိုင်သည် ဟိမဝန္တာ မြောက်ဘက်၊



www.burmeseclassic.com

www.burmeseclassic.com



ကေလာသ တောင်တော်အနီး၌ ရှိသည်ဟု ဖော်ပြထားပေသည်။

'ရှမ်ဗဲလား' ဟူသော အဓိပ္ပါယ်သည်. . .

'ရှမ်' ဟူသော ဝေါဟာရနှင့် 'လား' ဟူသော စကားလုံးကို ပေါင်းစပ် ဖွဲ့စည်းထားခြင်း ဖြစ်၏။

'ရှမ်' ဟူသော အဓိပ္ပါယ်မှာ ငြိမ်းအေးခြင်း၊ စိတ်ဓါတ်တည်ကြည်ခြင်း သဘောကို ဆောင်ပြီး. . . 'လား' ဟူသော စကားအဓိပ္ပါယ်မှာ ပေါင်းစပ် ဖွဲ့စည်းခြင်း ဖြစ်ပေသည်။ တိဗက် ဘာသာကတော့ 'လား'ကို တောင်ကြားဟု အဓိပ္ပါယ်ဖွင့်ဆိုထားပေသည်။

အမှန်ဆိုမူ. . .

ရှမ်ဗဲလား ဆိုသည်မှာ. . .

သူတော်စင်တို့ တရားဓမ္မဖြင့် ပျော်မွေ့ရာ စုံတောမြိုင်သို့မဟုတ် နေရာဟု ဂန္ထာရီ မှတ်တမ်းများ၌ ရေးမှတ်ထားကြပေသည်။

"ရှမ်ဗဲလားဆိုတာကို စိတ်ဝင်စားတယ်၊ အဲဒီနေရာကို ရောက်ဖူးချင်တယ်၊ အဲဒီက လူတွေကို တွေ့ချင်တယ်၊ ရနိုင်မလား"

ဟု တပ်မှူး ဗျူဂွက မေးလိုက်သည်။

"အဲဒီနေရာကို ရောက်နိုင်ဖို့ မလွယ်သလို အဲဒီက ပုဂ္ဂိုလ်တွေနဲ့ တွေ့ရဖို့ ဆိုတာလည်း မလွယ်ပါဘူး၊ သူတို့လာတွေ့ချင်မှသာ တွေ့ခွင့်ရနိုင်ပါတယ်"

"ဒါထက် မင်းတို့ တိဗက်နယ်ထဲမှာ ရှေးဟောင်းဘုန်းကြီးကျောင်းတွေ ရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ တောင်မြင့်ကြီးတွေရဲ့ နံရံတွေမှာ ဘုန်းတော်ကြီးကျောင်းတွေ ရှိပါတယ်၊ ဒါပေမယ့် အဲဒီနေရာတွေက ရှမ်ဗဲလား မဟုတ်ပါဘူး"

"ဒါဖြင့် မင်းတို့ နယ်ထဲမှာ ရှမ်ဗဲလားကို ရောက်ဖူးတဲ့သူ၊ ရှမ်ဗဲလားက ပုဂ္ဂိုလ်တွေကို တွေ့ဖူးတဲ့လူတွေ မရှိဘူးပေါ့"

"ကျုပ်တို့ နယ်ဘက်တွေမှာတော့ ရှမ်ဗဲလားလို့ ထင်ရတဲ့ နေရာကို တွေ့ဖူး ရောက်ဖူးတဲ့လူတွေ ရှိပါတယ်"

"ကျုပ် စိတ်ဝင်စားလို့ နည်းနည်းလောက် ပြောပြပါ"

ထိုအခါ ပါဝဏက စိတ်ဝင်စားဖွယ် ကောင်းသော အောက်ပါ အကြောင်းများကို ပြောပြလေသည်။ ကေလာသတောင်စွန်း တစ်နေရာ၌ ထူးခြားသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသည်။ ထိုဘုန်းကြီးကျောင်းတွင် ဘုန်းတော်ကြီး မည်ရွေ့မည်မျှ ရှိသည်။ ထိုဘုန်းတော်ကြီးများ၏ သက်တော် ဘယ်ရွေ့ဘယ်မျှ ရှိသည်ကို မည်သူမှ မခန့်မှန်းနိုင်ပေ. . .။

ကျောင်းတော်ကြီးရှိ ပိဋကတ်တိုက်ကြီးတွင် ပုဒ္ဓကျမ်း






www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များ ထောင်သောင်းမက ရှိကြောင်း၊ လျှို့ဝှက်နက်နဲလှသော အရှေ့တိုင်း ပညာရပ်များကို ရေးသားထားသည့် ပုရပိုဒ်များကလည်း မရေမတွက်နိုင်အောင် များပြားလွန်းကြောင်း၊ ထိုကျောင်းတော်ကြီး တည်ရှိသည့် တောင်စွန်းနံရံကြီးတွင် ထူးခြားသော စကြာအမှတ်အသားကြီးတစ်ခု ရှိရာ အဝေးမှပင် မြင်နိုင်ကြောင်း ပြောပြသည်။

ဘုန်းတော်ကြီးကျောင်း တည်ရှိသည့် ကေလာသတောင် တစ်ဖက်တွင် မျက်စိတဆုံး ကျယ်ပြောလှသည့် ကန်တော်ကြီး (မနုဿရောဝ ရေကန်တော်ကြီး)နှင့် ချိုင့်ဝှမ်းကြီးရှိကြောင်း၊ ထိုချိုင့်ဝှမ်းကြီး၏ အကျယ်အဝန်းမှာ ခန့်မှန်းမရနိုင်လောက်အောင် ကျယ်ဝန်းလှပေသည်။

ထိုနေရာတဝိုက်တွင် သစ်သီး ဥယျာဉ်များ၊ စမ်းချောင်းငယ်ကလေးများ၊ တရားကျောင်းကလေးများ ရှိကြောင်း၊ ထိုနေရာသို့ ရောက်ဖူးသူပင် ရှိပေသည်။ တစ်နေ့သောအခါ ဗွါလာဂီရိ တောင်တဝိုက်တွင် လှည့်လည် သွားလာနေသူ တစ်ဦးသည် အဝေးဆီမှ စည်တီးသံများ၊ ကြေးစည်သံ၊ ဖားစည်သံများ၊ ဗုဒ္ဓကျမ်းစာ သံပြိုင် ရွတ်ဆိုသံများကို ထူးထူးခြားခြား ကြားရလေသည်။

သူ ငယ်စဉ်ကပင် ထိုနေရာတဝိုက်သို့ အကြိမ်ကြိမ် ရောက်ဖူးခဲ့သော်လည်း ထိုကဲ့သို့ ထူးခြားသော အသံမျိုးကို





တစ်ကြိမ်တစ်ခါမှပင် မကြားခဲ့ရပေ။ ထိုထူးထူးခြားခြား အသံများ ကြားသောအခါ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထကာ ခေါင်းနပမ်း ကြီးသွားလေသည်။

တရားစာများကို သံပြိုင် ရွတ်ဆိုနေသံ ကြားရသောနေရာဘက်သို့ တဖြည်းဖြည်း လျှောက်သွားသောအခါ ထူးထူးခြားခြား ကွဲအက်နေသည့် ကျောက်နံရံကြီးတစ်ခုကို လှမ်းမြင်ရလေသည်။ ထိုနံရံကြီးအား သူ့ဘဝ တစ်သက်တာတွင် ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ် မြင်တွေ့ရခြင်းပင်။

နံရံကြီးအပေါက်မှ မြင်ကွင်းသည် သူ့အား ဆီးကြိုနေတော့သည်။ ထိုမြင်ကွင်းများက မိမိမျက်စိကို မယုံနိုင်လောက်အောင် ဆန်းကြယ်လှသည်။ ထူးဆန်းသော ဘုန်းကြီးကျောင်းနှင့် တမျှော်တခေါ် မြင့်ရသော လယ်ကွင်းများ၊ ဥယျာဉ်များ၊ သစ်သီးခြံများကို လှမ်းမြင်နေရသည်။

ထိုနေရာတွင် နေထိုင်ကြသူများမှာလည်း ဘုန်းတော်ကြီးများနှင့်အတူ တရားဓမ္မ ရှာမှီးကာ အေးအေးငြိမ်းငြိမ်း နေထိုင်သွားလာကြသည်။ ၎င်းတို့က လာရောက် တရားအားထုတ်ရန် ခေါ်ကြသော်လည်း ရွာသို့ ပြန်၍ ခွင့်ပန်ပါရစေဟု ပြောကာ ကျောက်နံရံအနီး၌ ၎င်း၌ ပါလာသော ပစ္စည်းများကို ချထားခဲ့ပြီး ရွာသို့ ပြန်သွားလေသည်။

ရွာသို့ ရောက်သောအခါ ထိုအကြောင်းများအား



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၍ ရွာမှ လူများနှင့်အတူ ထိုနေရာသို့ ပြန်သွားသော အခါ သူ ချထားခဲ့သော ပစ္စည်းများကိုသာ တွေ့ရပြီး နံရံပေါက်ကြီးအား လုံးဝ မတွေ့ရတော့ပေ။ ရွာသူရွာသားများက ၎င်းအား တောလှည့်စားမှု ခံရခြင်း၊ ဒါမှမဟုတ် စိတ်ထင်ရာ ပြောသူဟု သတ်မှတ်ကြလေသည်။

နောက်တစ်ဦးကတော့ တောလိုက်မုဆိုးတစ်ဦး ဖြစ်သည်။ ထိုသူမှာ လာဒက်မှ မုဆိုးတစ်ဦး ဖြစ်ပြီး သမင် တစ်ကောင် နောက်သို့ သဲကြီးမဲကြီး လိုက်ရင်းမှပင် တောကျွံသွားခဲ့လေသည်။

သူရောက်သွားသော နေရာမှာ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသောနေရာ ဖြစ်သည်။ ထိုနေရာမှ လှမ်းမျှော်ကြည့်လျှင် ကေလာသတောင်နှင့် ဗွါလာဂီရိ တောင်ကြီးတို့ကို လှမ်းမြင်ရလေသည်။ သူရောက်သွားသောနေရာတွင် ထူးထူးဆန်းဆန်း ကျောက်နံရံ အကွဲကြီးတစ်ခုကို တွေ့ရလေသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ထူးခြား ဆန်းကြယ်သော ဘုန်းကြီးကျောင်းနှင့် သာယာသည့် ဉယျာဉ်ခြံများ၊ ယာတောများ၊ ထိုနေရာ၌ သွားလာနေကြသည့် လူများစွာတို့ကို လှမ်းမြင်ရသည်။

သူသည် ကျောက်နံရံ အကွဲကြီး ရှိသော နေရာကို ကောင်းစွာ မှတ်ထားပြီးနောက် ရွာသို့ ပြန်ခဲ့လေသည်။





ထို့နောက် မိသားစုများကို ခေါ်ပြီး ထိုနေရာသို့ တစ်ခေါက် ပြန်သွားသောအခါ ထိုကျောက်နံရံကြီးအား လုံးဝ ရှာမတွေ့တော့ပေ။

ထို့ပြင် . . .

ဇဝရက် တောင်သို့ တက်သောအဖွဲ့တွင် လမ်းပြ အဖြစ် လိုက်ပါသွားသူတစ်ဦးကမူ ဇဝရက် တောင်စွန်း တစ်နေရာမှ ထူးခြားသော မြင်ကွင်းတစ်ခုကို လှမ်းမြင်ခဲ့ရသည်။ တောက်ပ ရွှန်းလဲ့သော နေရောင်ခြည်အောက်ဝယ် ဘုန်းတော်ကြီးကျောင်းများအား တန်းတလျား တွေ့မြင်ရသည်။

လယ်တောများ၊ ဉယျာဉ်ခြံမြေများ၊ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းများ၊ ဘုရား၊ ဂူကျောင်း ပြဿဒ်တို့ကိုလည်း တွေ့မြင်ရသဖြင့် ၎င်း၏အဖော် မိတ်ဆွေများကို အပြေးအလွှား သွားရောက် သတင်းပို့ပြီး သူ မြင်ခဲ့ရသော မြင်ကွင်းနေရာသို့ တစ်ခေါက် ပြန်လာကြည့်သောအခါ ရေခဲပြင်နှင့် ကျောက်တောင် ကျောက်တုံးများကိုသာ တွေ့ရလေတော့သည်။

ဆစ်ကင်း အမျိုးသားတစ်ဦး၏ တွေ့ကြုံရပုံက ပို၍ ဆန်းကြယ်လေသည်။ သူ၏နွားများကို ထိန်းကျောင်းနေစဉ် တွေ့ခဲ့ရသော မြင်ကွင်းဖြစ်သည်။ သူသည် နွားများ သွား၍ နောက်သို့ လိုက်သွားရင်းမှပင် ကျောက်နံရံကြီးတစ်ခုကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

နံရံအက်ကြောင်းကြီးမှာ လူတစ်ယောက် ဝင်သာသောကြောင့် ထိုနေရာမှ အတွင်းသို့ ဝင်သွားလေရာ ဘုန်းတော်ကြီးကျောင်း၊ ယာတောများနှင့် သစ်သီးခြံများ၊ ဥယျာဉ်များနှင့် ထူးခြားလှသော လူ့အဖွဲ့အစည်းကို တွေ့ခဲ့ရလေသည်။

သူ့ကို မြင်သောအခါ ပုဂ္ဂိုလ်တစ်ဦးက ဆန်(၇)စေ့ ပေးပြီး ပြန်လွှတ်လိုက်လေသည်။ နောက်တစ်ကြိမ် ထိုနေရာသို့ ထပ်သွားသောအခါ ကျောက်နံရံကြီးအား လုံးဝ မတွေ့ရတော့ပေ။

ထိုအဖြစ်အပျက်များ၊ အကြောင်းများမှာ ခွန်လွန်တောင်တန်း၊ ကေလာသ တောင်တန်း ပတ်ဝန်းကျင်၌ ရှိသည်ဟု ယူဆရသော ရှမ်ဗဲလားနှင့် ပတ်သက်၍ အသီးသီးကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို ပါဝဏမှ ပြန်ပြောပြနေခြင်းပင် ဖြစ်၏။

ထိုအကြောင်းများကို ကြားသောအခါ ကျော်စွာစိတ်ထဲမှာ သူတော်စင် အဘိုးကို သတိရမိလေသည်။ သူ ခွန်လွန်တောင်တန်း၌ အဘိုးနှင့် အတူတူ နေထိုင်စဉ် အဘိုးသည် မကြာခဏ ခရီးထွက်သွားလေ့ ရှိသည်။

တစ်ကြိမ်၌ ကျော်စွာက မေးသောအခါ အရေးကြီး





သောကိစ္စရှိသဖြင့် ရှမ်ဗဲလားသို့ သွားသည်ဟုသာ အဖြေပေးလေသည်။ အဘိုး ဘယ်ကို သွားခဲ့သည်၊ ရှမ်ဗဲလားဆိုတာ ဘယ်နေရာမှာ ရှိလေသည်ကိုတော့ မသိခဲ့ရပေ။


ပါဝဏ ပြောပြသော အကြောင်းများကို နားထောင်ပြီးသောအခါ တပ်မှူး ဗျူဟသာမက အားလုံးက အံ့သြကြရလေသည်။ ထို့နောက် မရဏ တောင်ကြားနှင့် ဝေးသောနေရာ ရောက်အောင် ခရီးဆက်ခဲ့ကြလေသည်။

...ဗဟုသုတ...



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

# မရဏလိုဏ်ဂူမှ မြွေဖြူအန္တရာယ်

သူတို့တတွေ ဖြတ်သန်းသွားလာကြသော ခရီးက ကြမ်းတမ်းလှသည်။ မြင့်မားသော တောပတ်လမ်းများ၊ ချောက်ကမ်းပါးများ၊ လျှိုကြီးများ၊ ကန္တာရ လွင်ပြင်များနှင့်၊ တောနက်ကြီးများအတွင်းမှ ခက်ခက်ခဲခဲ ဖြတ်သန်း သွားလာကြရသည်။ အချို့နေရာများမှာ မြင်းစီးသွား၍ ရသော်လည်း အချို့နေရာများမှာတော့ ခြေလျင်သွားရလေသည်။

အလင်းရောင် မရှိသော လိုဏ်ခေါင်း၊ လိုဏ်ဂူကြီး များအတွင်းမှ ဖြတ်သန်းကြရသည်လည်း ရှိ၏။ ကျောက်ရက



www.burmeseclassic.com

www.burmeseclassic.com



သွားရမည့် လမ်းကြောင်းကိုသာ သိပြီး ထိုလမ်းခရီး၌ တွေ့ရမည့် အခက်အခဲများကိုတော့ မသိရှာပေ။

အချို့နေရာများတွင် ဝက်ပါသဖွယ် ရှုပ်ထွေးနေပြီး လမ်းစ ပျောက်နေသောအခါ ပါဝဏာက မနောစွမ်းအားကို အသုံးပြုကာ လမ်းရှာပေးလေ့ ရှိသည်။ သူသည် တင်ပလ္လင်ခွေ ထိုင်၍ မျက်စိကို မှိတ်ကာ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းထားပြီးနောက် တစ်စုံတစ်ခုကို ရွတ်ဖတ်လိုက်လျှင် အတန်ကြာသောအခါ လမ်းမှန်ကို ညွှန်ပြပေးနိုင်လေသည်။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ဥမင် လိုဏ်ခေါင်းကြီးများ၊ မြေအောက် ရေစီးကြောင်းများမှာ မဆုံးနိုင်အောင် ရှည်လျားတတ်ကြပေသည်။ အချို့ဆိုလျှင်. . . အနောက်ဘက်သို့ လားသော် ပြဟ္မပုတ္တရမြစ် ရှိရာသို့ လည်းကောင်း၊ တောင်ဘက်သို့ လားသော် မေခ မလိခ ရောက်အောင် ပေါက်နိုင်သည်ဟု ဆိုသည်။

အချို့ဂူကြီးများမှာ အတွင်းဘက်၌ ပိန်းပိတ်အောင် မှောင်နေပြီး ဝိညာဉ်များ ပျော်စံရာ နေရာများဟုပင် တင်စားပြောကြား၍ ရလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

သူတို့တတွေသည် ညနေစောင်းအချိန်သို့ ရောက်သောအခါ ထူးထူးခြားခြား နှင်းများ ကျလာပြီး အအေးဓါတ်





က ပိုလာလေရာ ခရီးဆက်ရန် မသင့်တော့သောကြောင့် လေကွယ်ရာ နှင်းကွယ်ရာ ဖြစ်သော ဂူကြီးတစ်ဂူအတွင်းသို့ ဝင်ပြီး စခန်းချရန် ပြင်ဆင်ကြသည်။ ရောဟဏီကတော့ ထိုဂူကြီး၏ အနေအထားကို ကြည့်ပြီး သဘောကျဟန် မတူပေ။

သို့သော်. . .

မတတ်သာတော့. . .

အချိန်မရှိတော့သဖြင့် ထိုဂူထဲမှာပဲ တစ်ညနားရန် ဆုံးဖြတ်ပြီး ပြင်ဆင်ကြရတော့သည်။ အားလုံး ပြင်ဆင်နေကြစဉ်မှာ ရောဟဏီက သူ၏ တုတ်ရှည်ကြီးကို ကိုင်ကာ အမှောင်ဖုံးနေသည့် ဂူ၏အတွင်းဘက်ပိုင်းသို့ ဝင်သွားလေသည်။ ကျန်လူများက မီးမွေးသူက မီးမွေး၊ ညစာစားရန် ပြင်ဆင်သူ ပြင်နှင့် အလုပ်ရှုပ်နေကြသည်။

အတန်ကြာတော့ ဂူထဲမှ ရောဟဏီ ပြန်ထွက်လာသည်။ ၎င်း၏မျက်နှာပေါ်မှာ တွေ့ရခဲလှသော ထိတ်လန့်ကြောက်ရွံ့မှုများ ပေါ်နေလေသည်။

"ဘာဖြစ်တာလဲ ရောဟဏီ၊ ဂူထဲမှာ ဘာကို တွေ့ခဲ့လို့လဲ"

တပ်မှူး ဗျဂ္ဃက မေးလိုက်သည်။

"ဒီဂူကြီးရဲ့ အတွင်းပိုင်းမှာ မြွေနဂါးနဲ့ သဏ္ဍာန်တူတဲ့ မြွေဖြူတွေ ခိုအောင်းနေတယ်၊ ဒီသတ္တဝါတွေက သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ဖို့ကောင်းတယ်၊ သူတို့ရဲ့အဆိပ် ထိတာနဲ့ ဒုက္ခရောက်နိုင်တယ်"

ဟု စိုးရိမ်တကြီး ပြောလေသည်။

"နောက်ပြီး ဒီနဂါးဖြူတွေက အလင်းရောင်နဲ့ အသံကို မကြိုက်ကြဘူး၊ သူတို့ရဲ့ခန္ဓာကိုယ်ထဲမှာ မကောင်းတဲ့ ဝိညာဉ်တွေက အမြဲလို ခိုကပ်နေတော့ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် မြင်တာနဲ့ ဒုက္ခပေးချင်ကြတယ်"

"အဆိပ်သင့်တာနဲ့ သေတယ်ဆိုတော့ 'ဝါတဝိသ' ဆိုတဲ့ မြွေမျိုးနွယ်တွေများ ဖြစ်ရော့သလား"

ဟု လူပုလေး မိတ္တက ဝင်ပြောသည်။

"ဝါတဝိသ မြွေမျိုးဆိုတာ ဘယ်လိုလဲ မိတ္တရဲ့"

"ကြောက်စရာကောင်းတဲ့ မြွေမျိုးနွယ်တွေထဲမှာ ပါတာပေါ့၊ ကဋ္ဌမုခမြွေ အကိုက်ခံရရင် တစ်ကိုယ်လုံး ထင်းချောင်းလို မာတောင့်သွားပြီး သေရတယ်၊ သူတိမုခ ဆိုတဲ့ မြွေကိုက်ရင် အသားအရေတွေ ပျော်ကျပြီး သေရတယ်၊ အဂ္ဂိမုခမြွေ ကိုက်ခံရရင် တစ်ကိုယ်လုံး မီးလောင်သလို ပူပြီး သေရတယ်၊ သတ္တမုခ ဆိုတဲ့ မြွေမျိုး အကိုက်ခံရရင်တော့ တစ်ကိုယ်လုံး အပိုင်းပိုင်း ပြတ်ပြီး သေရတယ်. . ."

"တယ်ကြောက်စရာ ကောင်းပါလား"

"နောက် ဒဋ္ဌဝိသဆိုတာ အကိုက်ခံရမှ အဆိပ်တက်





တဲ့ မြွေမျိုး၊ ဒိဋ္ဌဝိသကျတော့ မြင်ရုံနဲ့တင် အဆိပ်တက်တယ်၊ မုဋ္ဌဝိသ ကျပြန်တော့ ထိရုံနဲ့ အဆိပ်တက်ပြီး စောစောက ပြောတဲ့ ဝါတသိကျတော့ လေထိရုံနဲ့ အဆိပ်တက်နိုင်တဲ့ မြွေမျိုးတွေဗျ"

လူပုလေး မိတ္တက ကျကျနန ရှင်းပြတော့ ကျော်စွာပင် လျှင် အနည်းငယ် အံ့ဩသွားရလေသည်။ သို့သော်လည်း အပြင်ဘက်မှာ မှောင်နေရုံမက နှင်းများက သိပ်သည်းစွာ ကျဆင်းနေသောကြောင့် နောက်တစ်နေရာ ပြောင်းဖို့ မလွယ်ကူသောကြောင့် တစ်ညတော့ ထိုဂူထဲမှာပင် နေကြရန် ဆုံးဖြတ်ပြီးနောက် အအေးဒဏ် သက်သာစေရန် မီးပုံကြီးများ ဖိုထားကြလေသည်။

မီးမပြတ်စေရန် ထင်းရှူးသားများ ထည့်ထားသောကြောင့် မီးတောက်များ ထကာ အပူငွေ့နှင့် မီးခိုးငွေ့များက ဂူအတွင်းပိုင်းသို့ ဝင်သွားကြလေသည်။ ညစာ စားသောက်ပြီးသောကြောင့် တရေးတမော အနားယူရန် ပြင်ကြလေသည်။

မြင်းများကိုတော့ ဂူအတွင်း တစ်နေရာမှာ ချည်ထားလေသည်။ ဂူထဲမှာ အနွေးဓါတ် ရသည်က တစ်ကြောင်း ခရီးပန်းလာသည်က တစ်ကြောင်းကြောင့် အသီးသီး အိပ်ပျော်သွားကြစဉ် ရုတ်တရက် မြင်းများ ထဟီးကိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လန့်၍နိုးလာကြသည်။ ထိုအခါ မြင်းများမှာ မှုတ်သံ၊ ခွာရှပ်သံများနှင့် အတူ ဂူအတွင်းပိုင်းဘက်မှ ထူးခြားသော အသံများကို ကြားလာရသည်။

"ရှီ. . ရှီ. . ရှီ"

ကြောက်မက်ဖွယ်ရာ ကောင်းလှသော မြွေတွန်သံကြီးက လိုက်ခေါင်းသံနှင့်အတူ ဂူပေါက်ဝအထိ ထွက်လာလေသည်။

"မြွေဖြူကြီးတော့ ထွက်လာပြီ ထင်တယ်"

ရောဟဏီက တစ်ကိုယ်တည်း ရေရွတ်သလို ပြောလိုက်သည်။ ပါဝဏနှင့် တပ်မှူး ဗျဂ္ဃတို့က လက်နက်များကို ယူပြီး အိပ်နေရာမှ ထကြသည်။ လူပုလေး မိတ္တက သူ့ခါးနှစ်လက်ကို ထုတ်ရင်း ဂါထာမန္တန်များကို တတွတ်တွတ် ရွတ်ဆိုနေသည်။ ကျော်စွာက သစ္စာပါလဓါးကို အိတ်မှ ဆွဲချွတ်လိုက်ကာ နေရာမှ ထရပ်လိုက်သည်။ ကေသရီ မျက်နှာလေးမှာ ကြောက်ရွံ့ ထိတ်လန့်မှုများ အထင်းသား ပေါ်နေလေသည်။

"ရောဟဏီ မင်း ကေသရီအနားမှာပဲ နေပြီးတော့ သူ့ကို အန္တရာယ် မကျရောက်အောင် ကာကွယ်ပေးပါ"

"စိတ်ချပါ အရှင်"

မကြာမီ ဂူအတွင်းပိုင်းမှ ထွက်လာသော အသံက





တဖြည်းဖြည်း ကျယ်လောင်လာသည်။ ကျောက်ခဲများပေါ်မှ ဝမ်းဗိုက်ကို ပွတ်တိုက် ရွေ့လျားလာသော အသံကိုပင် အတိုင်းသား ကြားနေရသည်။ ကြီးမားသော သစ်လုံးကြီး တစ်လုံး လိမ့်ချလာသကဲ့သို့ ဂူတစ်ခုလုံး သိမ့်သိမ့်တုန်နေတော့သည်။

အတန်ကြာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသော ဂူအတွင်းဘက်မှ ထိုးထွက်လာသော မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းကြီးကို စတင် မြင်ရလေသည်။ ဦးခေါင်းမှာ ခွဲတောင်းလုံးမျှ ကြီးပြီး ထိပ်ပိုင်းမှာ အမောက်ပါသော မြွေဖြူကြီး တစ်ကောင်ပင် ဖြစ်သည်။

မီးရောင်ဖြင့် ထိတွေ့လိုက်သော မျက်လုံးနှစ်လုံးမှာ ဟင်္သာပြဒါးခဲကဲ့သို့ ရဲရဲနီလျက် ရှိပြီး နှာပေါက်နှစ်ပေါက်မှ အငွေ့ဖြူများ ထွက်နေလေသည်။ တရှုးရှုးဖြင့် နှာမှုတ်လိုက်တိုင်း အခိုးအငွေ့များက အပြင်သို့ ပန်းထွက်နေလေသည်။

ဦးခေါင်းနှင့် လုံးပတ်ကတော့ အတော်ကြီးမားပြီး အလျားကတော့ မည်ရွေ့မည်မျှ ရှည်မည်ကို မတွေ့ကြရသေးပေ။ လူများကို မြင်သောအခါ ပါးပျဉ်းခွက်ကာ ဦးခေါင်းကို ထောင်လိုက်ရာ ထိုပါးပျဉ်းပေါ်၌ စာလုံးကဲ့သို့ အမှတ်အသားတစ်ခုကဲ့သို့ အရာများ ပါလေသည်။

"သူ့နှာပေါက်က ထွက်နေတာ အဆိပ်ငွေ့တွေပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဆိပ်ငွေ့တွေ ထိရင် အန္တရာယ် ရှိတယ်၊ သတိထား"

ရောဟဏီက စိုးရိမ်တကြီး အော်ဟစ် သတိပေးလေသည်။ မြွေဖြူကြီးမှာ ကိုယ်အလျား ရှည်သောကြောင့် ကိုယ်ကို တစ်ချက်တွန့်ပြီး ဆန့်ထုတ်လိုက်သောအရှိန်မှာ လွန်စွာ လျင်မြန်လှပေသည်။

ဂူ၏အတွင်းပိုင်း၌ ဓါးကို ကိုင်ကာ ရပ်နေသော ကျော်စွာ ရှိသည့်နေရာသို့ ရောက်လာသောအခါ အစွယ်ငေါငေါ ထွက်နေသည့် ပါးစပ်ကြီးကို ဖြဲလျက် လျှက်တပြက် လှမ်းဟပ်လိုက်သောကြောင့် ကျော်စွာ လွတ်အောင် ရှောင်ပြီး လက်ထဲမှ သစ္စာပါလဓါးဖြင့် ဇက်ကို ခုတ်ပိုင်းချသည်။ သံကြိုးတစ်ချောင်းကိုပင် တိကနဲ ပြတ်သွားအောင် အသွားထက်လှသော ၎င်း၏ဓါးချက်မှာ တုံ့ကနဲ ပြန်ကန်တက်လာသည်။

"ဟင်"

မြွေက ကိုယ်ကို တစ်ချက်တွန့်ပြီး နောက်ပြန် လှည့်ပေါက်ပြန်လေသည်။ ကျော်စွာက အတွင်းဘက်သို့ လိမ့်ရှောင်ပြီး မြွေ၏ ခါးလယ်ကို ဖြတ်ပိုင်းပြန်သည်။ ရှေးနည်းအတိုင်းပင် ဓါးက အရေပြားနှင့် ထိပြီး ပြန်ခုန်တက်လာပြန်သည်။

ထိုအခြေအနေကို လှမ်းမြင်သောအခါ တပ်မှူး ဗျဂ္ဃ၊ ပါဝဏ၊ ရောဟဏီနှင့် လူပုလေး မိတ္တတို့ပါ ရောက်လာပြီး ဝိုင်းဝန်း တိုက်ခိုက်ကြရာ မြွေတစ်ကောင်နှင့် လူငါးယောက်တို့





၏ တိုက်ပွဲမှာ ပြင်းထန်လာလေတော့သည်။

"မိတ္တ. . . မင်း ကေသရီ နားမှာ သွားနေ"

ဟု ကျော်စွာက လှမ်းပြောလိုက်တော့မှ မိတ္တက ကေသရီ ရှိရာသို့ သွားလေသည်။ တစ်ကြိမ်တွင် ပါဝဏမှာ တိုက်ခိုက်ရင်းနှင့် ကျောက်တုံးတစ်တုံးနှင့် တိုက်မိပြီး မြွေကြီး ဦးခေါင်း ရှေ့နားမှာ လဲကျသွားလေသည်။ ထိုအခါ မြွေကြီးက ပါဝဏအား ပေါက်ချလိုက်သည်။

ဦးခေါင်းမြှောက်၍ ပေါက်ချလိုက်စဉ် အနားရောက်နေသော ရောဟဏီက ၎င်းလက်ထဲမှ လှံရှည်ကြီးဖြင့် မြွေပါးစပ်ထဲသို့ ဆောင့်ထိုးလိုက်သည်။ ထိုလှံချက်က ထိရောက်လှသည်။ ပေါက်ချလိုက်သော အရှိန်နှင့် လှံချက်နှင့် ထိကာ ပါးစပ်ထဲမှ ဝင်သွားသော လှံချက်မှာ ဦးခေါင်းဘက်သို့ ပေါက်ထွက်သွားလေတော့သည်။ ရောဟဏီက လှံကို ပြန်နုတ်ပြီး နောက်တစ်ချက် ထပ်ထိုးရန် ပြင်နေစဉ်မှာ. . .

"မလုပ်နဲ့တော့၊ ဂူထဲက အမြန်ထွက်ကြရအောင်၊ ဂူထဲမှာ အဆိပ်ငွေ့တွေ ပြည့်နေပြီ"

ကျော်စွာက လှမ်းအော်ပြောလိုက်ပြီး ကေသရီကိုပါ ခေါ်ကာ ဂူအပြင်သို့ ပြေးထွက်ကြလေသည်။ ဒဏ်ရာ ပြင်းထန်စွာ ရသွားသော မြွေကြီးမှာ ကိုယ်လုံးဖြင့် တဝုန်းဝုန်း ရိုက်ခတ်သောအရှိန်ကြောင့် ဂူအမိုးပေါ်မှ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲများ တဝုန်းဝုန်းဖြင့် ပြိုကျလာပြီးနောက် အတန်ကြာသောအခါ ဂူပေါက်ဝ ပိတ်သွားလေတော့သည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်က ဖုံးနေဆဲ၊ နှင်းသားထုက ကျနေဆဲပင်. . .။ မီးဖို မရှိတော့သောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းလှသော အအေးဒဏ်ကို အလူးအလဲ ခံကြရလေသည်။ သူတို့သည် မလှမ်းမကမ်းရှိ ကျောက်ကလပ်စွန်းကြီးတစ်ခုအောက်သို့ ဝင်ပြီး အမောဖြေကြရသည်။

"ကျုပ်ခါးနဲ့ ပိုင်းလို့ မပြတ်တာ ဘာကြောင့်လဲ"

ကော့စ္စာက ချွေးသုတ်ရင်း မေးလိုက်သည်။

"ဒီမြွေဖြူမျိုးတွေက နဂါးတွေလိုပဲ၊ သူတို့ကိုယ်ပေါ်မှာ အကြေးခွံတွေ ရှိတယ်၊ အဲဒီအကြေးခွံတွေက မာလွန်းတော့ ဓါးနဲ့ ခုတ်လို့မရတာပါ"

ဟု ရောဟဏီက ပြောပြသည်။ ထိုအခါ ပါဝဏက

"မင်းရဲ့တုတ်ချွန်ကြီး ကယ်ပေလို့သာပဲ၊ မဟုတ်ရင်တော့ ကျုပ် မြွေပေါက်ခံရလို့ သေတာ ကြာပြီ၊ ဒီအတွက် ကျေးဇူးတင်ပါတယ်"

ထိုစကား ပြောလိုက်သောအခါ ဖိန်းမကြမ်းကြီး ရောဟဏီမှာ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးတစ်ချက် သမ်းသွားလေသည်။ ထိုအခိုက်မှာပင် ကေသရီကို ဖေးမ ခေါ်လာ





သော လူပုလေး မိတ္တထံမှ အော်သံ ထွက်လာလေသည်။

"လုပ်ကြပါဦး၊ ဒီကို လာကြပါဦး၊ ဒီမှာ မင်းသမီးလေး သတိမေ့သွားပြီဗျ"

ထိုအော်သံကြောင့် အနားသို့ သွားကြည့်သောအခါ ကေသရီမှာ ကျောက်နံရံကို မှီလျက်သားဖြင့် သတိမေ့နေရှာပြီ။ ဆေးဆရာ ပါဝဏက ကေသရီ လက်တစ်ဖက်ကို စမ်းကြည့်လိုက်သည်။

"သူ မြွေဆိပ်ထိသွားတယ်၊ သူ့ကိုယ်ထဲ နှစ်ဖက်နှင့် ငွေ့တွေ ရောက်နေပြီ၊ အမြန်ကုပေးနိုင်မှ ဖြစ်မယ်၊ သရီ ကိုယ်နည်း ကြာသွားရင် အဆိပ်ငွေ့တွေက တစ်ကိုယ်လုံးကာထား နှလုံးသွေး ရပ်သွားလိမ့်မယ်"

ဟု ပြောလိုက်ရာ အားလုံးက ကေသရီအတွက် လုံးစွာ စိတ်ပူသွားကြလေသည်။ ထိုအခါ တပ်မှူး ဗျဂ္ဃက. . .

"သူ သေသွားလို့မဖြစ်ဘူး၊ သူ့သေရင် ကျုပ်ကို ဘုရင်မက သတ်လိမ့်မယ်၊ မင်းက ဆေးဆရာဆိုတော့ မြွေဆိပ်နိုင်တဲ့ဆေးများ မပါဘူးလား"

ဟု အလောတကြီး မေးလိုက်သည်။

"ဆေးကတော့ ဘာမှမရှိဘူး၊ အခုလောက် နှင်းတွေကျနေတဲ့အချိန်မှာလည်း ဆေးပင်ရှာဖို့ မလွယ်လှဘူး၊ ကျုပ်စွမ်းအားရှိသမျှနဲ့တော့ သူ့ကိုယ်ထဲက အဆိပ်ငွေ့တွေကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကြည့်မယ်. . .”

ဟု ပြောကာ ကေသရီ၏ နောက်ဘက်မှ ထိုင်၍ ကျောကို လက်ဖြင့် ထိကာ. . . စိတ်စွမ်းအားကို သုံး၍ အဆိပ် ထုတ်ရန် ကြိုးစားလေသည်။

ခိုင ခဏကြာတော့ သတိမေ့နေသော ကေသရီမှာ အ

အလဲ ယ် လူးလွန့်လာပြီး ပါဝဏမှာ နောက်ဘက်သို့ ဝုန်းကနဲ

ကလပ်စွန် သွားသည်။ ကျော်စွာက အနီးသို့ သွားပြီး ပွေ့ထူပေး

သည်။ အခါ နောက်တစ်ကြိမ် ကြိုးစားပြန်သည်။

“ကျုပ် ဘက်တစ်ခါမှာလည်း ထိုကဲ့သို့ပင် လွင့်ထွက်သွား

ကျော် ည်။ သူ့ကို မမြင်ရသော လူတစ်ယောက်က

“ဒီမြေ ာန် ထုတ်လိုက်သကဲ့သို့ပင်. . .။ ကျော်စွာက အ

အကြေးခံ သို့ သွားကာ ပွေ့ထူလိုက်သောအခါ ပါဝဏ မျက်နှာမှာ

ခါးနဲ့ ရှုံ့မဲ့နေပြီး ပါးစပ်မှ သွေးများပင် ကျလာလေသည်။

“ပါဝဏ. . . ပါဝဏ”

“သူ့ကို အမြန်ကုမှ ဖြစ်မယ် အရှင်၊ အဆိပ်တွေက နှလုံးလမ်းကြောင်းဆီကို ပျံ့နှံ့စ ပြုနေပြီ. . .”

“မင်း ကုလို့မရဘူးလား”

“မရနိုင်ဘူး၊ ကျုပ်အားနဲ့ သူ့ကို မနိုင်နိုင်ဘူး၊ သူ့ကိုယ်ထဲမှာ မြွေဆိပ်အပြင်. . . စွမ်းအားကြီးတဲ့ ဝိညာဉ်တစ်ခု ပူးကပ်နေတယ်”





ထိုစကား ကြားရသောအခါ ကျော်စွာမှာ ကေသရီ အတွက် များစွာ စိတ်ပူသွားမိလေသည်။

မတတ်သာတော့. . .။

ဗျူဂ္ဂတို့ရှေ့၌ လျှို့ဝှက်ထားလိုသော သူ့စွမ်းအားကိုပင် အသုံးချရပေတော့မည်။ သူသည် ကေသရီ နောက်ဘက်၌ ထိုင်ပြီး သူတော်စင်ကို တမ်းတလိုက်သည်။

ထို့နောက်. . .

စိတ်ကို စုစည်း၍ ကေသရီကျောကို လက်နှစ်ဖက်နှင့် ထိကပ်ကာ အတွင်းစွမ်းအားကို လွှတ်သည်။ ကေသရီ ကိုယ်တွင်း၌ ရှိသော ကြီးမားသော စွမ်းအင်တစ်ခုက ဆီးကာထားသောကြောင့် အလွယ်တကူ မရပေ. . .။

သူ ထပ်၍ စွမ်းအားသုံးသောအခါ တစ်ကိုယ်လုံး တုန်လာပြီး ပတ်ဝန်းကျင်တဝိုက်မှာပင် အော်ဟစ် ငြီးတွားသံများ ပေါ်ထွက်လာသည်။ အင်အားကြီးမားလှသည့် စွမ်းအားချင်း ယှဉ်ပြိုင်ရာမှာ အလျှော့ပေး၍ မရတော့ပေ. . .။

မနိုင်သူက ဝိသာဉ် သို့မဟုတ် အသက်ပေးရပေမည်။ ကျော်စွာသည် ကိုယ်တွင်းမှ စွမ်းအားကို အစွမ်းကုန် အသုံးချနေစဉ် သူ့နံဘေးနားမှာ အဘိုး သူတော်စင်၏ပုံရိပ် ပေါ်လာသည်။

အဘိုးက သူ့ဦးခေါင်းပေါ် သို့ လက်တစ်ဖက် တင်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သောအခါ အင်အား ကြီးမားလှသည့် လျှပ်စစ် စွမ်းအားကဲ့သို့ အားတစ်ခုသည် သူ့ခန္ဓာကိုယ်ထဲမှ ဖြတ်ကာ လက်မှတဆင့် ကေသရီ ကိုယ်ထဲသို့ ဝင်သွားလေရာ ကေသရီမှာ ရှေ့သို့ ဝုန်းကနဲ ပစ်လဲကျသွားပြီး ပါးစပ်ထဲမှ သွေးနက်များ ပွက်ကနဲ အန်ထွက်လာပြီး ပါးစပ်နှင့် နှာခေါင်းထဲမှ မီးခိုးငွေ့ကဲ့သို့ အဖြူရောင် အခိုးအငွေ့များ ထွက်သွားပြီးနောက် ကေသရီမှာ တဖြည်းဖြည်းနှင့် သတိပြန်ရလာလေတော့သည်။

ထိုအခါမှ အားလုံးမှာ သက်ပြင်းချနိုင်လေတော့သည်။ ကျော်စွာက နေရာမှ ထကာ ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါ သူ့အနားမှ နှင်းတောထဲသို့ တရွေ့ရွေ့ထွက်သွားသော အဘိုး သူတော်စင်၏ပုံရိပ်ကို ဝိုးတဝါး တွေ့လိုက်ရလေတော့သည်။

...❋❋❋...





## အခန်း (၇)

## အနုရာဓ စိန်ရောင်ခြည်နှင့် ကိုယ်ပွားရန်စွယ်

ဤသို့ဖြင့် သူတို့အဖွဲ့သည် တောတောင်အထပ်ထပ်၊ အန္တရာယ် အသွယ်သွယ်တို့ကို ကျော်ဖြတ်ကြ၍ ရက်အတန်ကြာအောင် ခရီးဆက်ခဲ့ကြပြီးနောက် မရဏ ရေအိုင်ကြီး ရှိရာသို့ ရောက်ကြလေတော့သည်။

ရေအိုင်ကြီးသည် တောင်မြင့်တစ်ခုပေါ်မှာ ရှိကာ နံဘေးပတ်လည်၌ တောင်မြင့်ကြီးများက ဝိုင်းရံထားလေတော့သည်။ အနံမှာ သိပ်မကျယ်ဝန်းလှသော်လည်း အလျားကတော့ မျက်စိတစ်ဆုံး ကျယ်ဝန်း ရှည်လျားလှပေသည်။

ရေပြင်ပေါ်မှာ ရေခဲ အခိုးအငွေ့များက ဖုံးအုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုရေအိုင်ကြီး၏ အလယ်၌ ရေခဲတောင်ကြီး သဖွယ် တည်ဆောက်ထားသော ရဲတိုက်ကြီးတစ်ခု ရှိလေသည်။

အမှန်တော့ ထိုရဲတိုက်ကြီးမှာ ရေအောက်မှ သဘာဝ အတိုင်း ဖြစ်ပေါ်နေသော ကျောက်တောင်ကြီးအား ရဲတိုက်ကြီးသဖွယ် ဖန်ဆင်း ပြုလုပ်ထားခြင်း ဖြစ်၏။ အပေါ်မှ ရေခဲများ ဖုံးနေသောကြောင့် အဝေးမှ ကြည့်လျှင် ရေခဲတောင်ကြီး သဖွယ် မြင်နေရပြီး ရဲတိုက်ကြီးကိုတော့ မမြင်ရပေ။ ရေခဲတမျှ အေးလှသော ရေပြင်ကို ဖြတ်ကာ သည်အတိုင်း သွားဖို့က တော့ မလွယ်လှပေ. . .။

ထိုနေရာသို့ ရောက်သောအခါ ကေသရီက ပြောသည်။

"အဲဒီရဲတိုက်ကြီးထဲမှာ မှော်ပညာ အတတ်ပညာ တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တစ်ဦး ရှိတယ်၊ သူ ဘယ်သူဘယ်ဝါ ဆိုတာတော့ ဘယ်သူမှ မသိကြဘူး၊ အနုရာခရဲ့ မျိုးဆက် ဆိုတာလောက်ပဲ သိရတယ်. . . ရှေးတုန်းက အနုရာခမြို့ တည်ထားတဲ့နေရာမှာ ကျောက်တောင်တန်းတွေနဲ့ သစ်တောအုပ်တွေပဲ ရှိတယ်၊ အဲဒီမြို့ကို စတင် တည်ထောင်ခဲ့သူက တိဗက်တောင်ပိုင်းဘက်က ဆင်းလာတာလို့ သိရတယ်"

ကေသရီ ပြောပြနေသော အကြောင်းများမှာ စိတ်ဝင်





စားဖွယ်ရာ ဖြစ်သည်။

"အနုရာခကို စတင် တည်ထောင်ခဲ့တဲ့ ဘုရင်ဟာ နက္ခတ်ပညာနဲ့ မှော်ပညာအတတ်တွေကို ကျွမ်းကျင် တတ်မြောက်တယ်၊ ရုပ်ပြောင်းနာမ်ခွာ ပညာနဲ့ ကိုယ်ပွား ဖန်ဆင်းတဲ့ ပညာတွေကိုပါ တတ်ကျွမ်းတယ်"

"စိတ်ဝင်စားစရာပဲ. . ."

"သူတို့ရဲ့ ရည်ရွယ်ချက်က တောင်ပိုင်း တိဗက်နယ် သစ်တစ်ခု ထူထောင်ဖို့ပဲ၊ နောက်တော့ ပုတ္တရာဘက်ကို စစ်ချီ တိုက်ခိုက်လို့ အောင်မြင်တဲ့ စိတြဘုရင်ဟာ အနုရာခကိုပါ ချီတက် တိုက်ခိုက်ပြန်တာ အောင်မြင်ခဲ့ပြန်တယ်၊ အနုရာခ ဘုရင်ဟာ စစ်ရှုံးလို့ အနုရာခကို လက်လွှတ်ပေးခဲ့ရပေမယ့် စိတြဘုရင်ရဲ့ ဝိညာဉ်ကိုတော့ နှုတ်ယူသွားနိုင်ခဲ့တယ်. . ."

"ဟင်. . . ဒါဖြင့် စိတြဘုရင် အခုလို ဘဝ ရောက်နေတာ အနုရာခရဲ့ လက်ချက်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ဝိညာဉ်မရှိတဲ့ဘဝနဲ့ သူဟာ တစ်သက်လုံး ဒီလိုပဲ နေသွားရတော့မှာ"

"ဒါဖြင့် စိတြဘုရင်ရဲ့ဝိညာဉ်ကို ပြန်ခေါ်နိုင်တဲ့ ပစ္စည်းက ဘယ်မှာလဲ၊ ဒီရဲတိုက်ကြီးထဲမှာလား"

"ဟုတ်တယ်၊ ဒါပေမယ့် ရဲတိုက်ထဲမှာ ရှိတဲ့ ပစ္စည်းနဲ့ တော့ ဝိညာဉ်ကို ပြန်ခေါ်ယူလို့ မရဘူး၊ အနုရာခ စိန်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြည်ကို ထပ်ရှာကြရဦးမယ်၊ အနုရာဓ စိန်ရောင်ခြည်ကို ရဖို့ အခု ရဲတိုက်ထဲမှာ ထားတဲ့ သိဒ္ဓိဝင်ပစ္စည်းကို အရင်ယူကြရမှာ”

“မင်းက ဒါတွေကို ဘယ်လို သိနေတာလဲ”

“ကျွန်မက အနုရာဓ မျိုးဆက်ရဲ့ တစ်ဦးတည်း ကျန်နေတဲ့သူပါပဲ”

ထိုစကားကြောင့် ဘုရင်မ ဘရဏီတို့က ကေသရီအား အကျဉ်းစံဘဝနှင့် ထားခြင်းကို သဘောပေါက်ကြလေတော့သည်။

“ဒါထက် အနုရာဓဘုရင်က စိတြရဲ့ဝိညာဉ်ကို နုတ်ယူသွားပြီးတော့ ဘယ်ရောက်သွားသလဲ”

“အဲဒီအချိန်က ကျွန်မက ငယ်သေးတော့ အဲဒါကိုတော့ မသိရတော့ပါဘူး”

ကေသရီ အမူအယာမှာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားဟန်တော့ ရှိလေသည်။

“ရဲတိုက်ကြီးထဲကို ရောက်အောင် ဘယ်လို ဝင်ကြမလဲ. . .”

ကျော်စွာက မေးလိုက်သည်။

“အပြင်မှာတော့ ဝင်ပေါက်မရှိဘူး၊ ဒါပေမယ့် တစ်နေရာမှာတော့ ရှိမှာပါ၊ လောလောဆယ်တော့ ရဲတိုက်ကြီး





ရှိတဲ့ဆီကို ရောက်အောင် သွားဖို့ သစ်ဖောင်တစ်ဖောင် လုပ်ကြရမယ်”

တပ်မှူး ဗျဂ္ဃက ပြောလိုက်သဖြင့် ကေသရီမှလွဲ၍ အားလုံး သစ်ဝါး ခုတ်သူက ခုတ်၊ နွယ်ကြိုးရှာသူက ရှာ၊ ဖောင်ပြုလုပ်သူက လုပ်ဖြင့် အလုပ်ရှုပ်နေကြတော့သည်။ နေဝင်ကာနီးအချိန်လောက် ရောက်မှ သစ်ဖောင်တစ်ဖောင် ပြီးစီးသွားတော့သည်။ သို့သော်လည်း အချိန်မရှိတော့သဖြင့် နောက်တစ်နေ့ နံနက်ပိုင်းမှ သွားကြရန် တိုင်ပင်ကြပြီး ကမ်းစပ်တစ်နေရာတွင် စခန်းချကြလေသည်။

ညပိုင်းရောက်သောအခါ ကေသရီကို အလယ်မှာထားကာ ကျန်လူများက ပတ်ဝန်းကျင်မှ ဝန်းရံကာ နေရာယူကြလေသည်။ ကေသရီသည် အနုရာဓ၏ တစ်ဦးတည်း ကျန်သော မျိုးဆက်သွေးပေမို့ သည်နေရာ ရောက်လာသောအခါ သူမအတွက် စိတ်မချရတော့ပြီ။

ညဥ့်နက်ပိုင်း ရောက်လာတော့ နှင်းများ ကျလာသောကြောင့် ပတ်ဝန်းကျင်ကို သိပ်မမြင်ရတော့။ သို့သော် လရောင်ကလေးကတော့ ရှိနေသည်။ အအေးဓါတ်က သိသိသာသာကြီး များလာသောကြောင့် မလှမ်းမကမ်းမှာ မီးပုံကြီး တစ်ပုံ ဖိုထားပြီး တစ်ရေးတမော အိပ်ကြလေသည်။

ထိုအချိန်တွင် တိမ်ညိုတိမ်မည်းများက ရစ်သိုင်းတာရက်

www.burmeseclassic.com

www.burmeseclassic.com



တက်လာပြီး မှုန်ဝါးဝါး ရှိသော လရောင်ကလေးကို ဖုံးအုပ်ပစ်လိုက်ရာ ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ဖုံးသွားလေတော့သည်။

ထိုအဖြစ်အပျက်ကို အိပ်ပျော်နေကြသော ကျော်စွာတို့တတွေကတော့ မသိလိုက်ကြပေ။ မကြာမီ ကောင်းကင်မှ အရိပ်မည်းကြီးတစ်ခု ကျလာပြီးနောက် ပြန်ထွက်သွားသော အခါ အားလုံး၏ အလယ်မှာ အိပ်ပျော်နေသော ကေသရီ မရှိတော့ပေ။

ထိုအရိပ်မည်းကြီး ရဲတိုက်ဆီသို့ ပြန်သွားသောအခါမှ တိမ်ညိုတိမ်မဲများ ကင်းသွားပြီး လရောင်လည်း ပြန်လင်းလာတော့သည်။ အမှန်တော့ ကေသရီအား လာရောက် ခေါ်သွားသူမှာ အခြားမဟုတ်ပေ. . .။ ရဲတိုက်ကြီးအတွင်းမှ မှော်စွမ်းအားရှင် အနုရာဓပင် ဖြစ်၏။

သူသည် ရဲတိုက်ကြီးထဲ ပြန်ရောက်သွားသောအခါ ကေသရီအား ခန်းမဆောင်တစ်ခုရှိ သလွန်ပေါ်သို့ ချကာ ပြန်ထွက်သွားလေသည်။ ကေသရီကတော့ ယခုတိုင် အိပ်ပျော်နေဆဲပင်. . .။ မှော်စွမ်းအားရှင် အနုရာဓမှာ အခြားမဟုတ်။ ကေသရီ၏ဖခင်ပင် ဖြစ်လေသည်။

“မိုက်လိုက်တဲ့ သမီးတော်၊ တို့ မျိုးဆက်တွေကို ဒုက္ခပေးမယ့် ရန်သူတွေကိုမှ လမ်းပြခေါ်လာခဲ့ရသလား၊ စိတ်ကြိုက်





အသက်ပြန်သွင်းဖို့ ကြိုးစားတာဟာ ကိုယ့်အသက် မပေးဘဲနဲ့ ရနိုင်တာမှ မဟုတ်တာ၊ တကယ်တော့ သမီးတော်ဟာ အနုရာဓရဲ့ မျိုးဆက်သွေးအစစ်ပဲ၊ တစ်နေ့ကျရင် အနုရာဓရဲ့ အရှင်သခင် ပြန်ဖြစ်စေရမယ်. . .”

ဟု ရေရွတ် ပြောဆိုနေလေသည်။ ထိုအချိန်တွင် ရဲတိုက်ကြီးထဲမှာ ရှိသော ကိုယ်ပွားတစ်ဦးက လာရောက်၍ သတင်းပို့လေသည်။

“ရန်သူတွေ မရဏ ရေအိုင်ကြီးထဲကနေ ဖောင်နဲ့ ဖြတ်ပြီး ရဲတိုက်ကြီး ရှိတဲ့နေရာကို လာနေကြပါပြီ အရှင်. .”

“ရဲတိုက်ကြီး တံခါးပေါက် မှန်သမျှကို အားလုံး ပိတ်ထားလိုက်ပေတော့”

“ကောင်းပါပြီ”

အနုရာဓက အမိန့်ပေးလိုက်သည်နှင့် ရဲတိုက်ကြီး အတွင်းမှာ ရှိသော ဝင်ပေါက် မှန်သမျှ အားလုံး ပိတ်သွားလေတော့သည်။

ကျော်စွာတို့တတွေမှာလည်း သူတို့ နိုးလာကြသော အချိန်တွင် ကေသရီ မရှိတော့မှန်း သိရသည်နှင့် ချက်ချင်း ပြင်ဆင်၍ ရဲတိုက်ကြီး ရှိရာသို့ ဖောင်ဖြင့် လာခဲ့ကြလေသည်။ ထိုသို့ လာရာတွင် လမ်းခရီးတွင် တစ်စုံတစ်ရာ အနှောင့် အယှက် မတွေ့ရဘဲ ရဲတိုက်ကြီး ရှိရာသို့ ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရဲတိုက်ကြီးမှာ တောင်တစ်လုံးတမျှ ကြီးမားပြီး ရေခဲများက ဖုံးအုပ်ထားလေရာ အဝေးမှ လှမ်းကြည့်လျှင် ရေထဲမှ ထိုးထွက်နေသော ရေခဲတောင်ကြီးသဖွယ် ထင်မှတ်ရလေတော့သည်။

တောင်ပတ်လည်သို့ လိုက်လံကြည့်သောအခါ ဝင်ပေါက် ဆိုလို့ တစ်ပေါက်တစ်လေမှ မတွေ့ရဘဲ ရေခဲတုံးများကိုသာ မြင်ရလေသည်။ ပါဝဏက မျက်စိမှိတ်၍ အာရုံပြုကြည့်ပြီးသောအခါ. . .

"ရေအောက်မှာ ဥမင်လိုဏ်ခေါင်းတစ်ခု တွေ့ရတယ်၊ အဲဒီလမ်းက ဝင်ရင် အတွင်းကို ရောက်နိုင်တယ်"

ဟု ပြောသဖြင့် ထွေထွေထူးထူး စဉ်းစားမနေကြတော့ဘဲ မိမိတို့ ကိုင်ဆောင်သော လက်နက်များကို ယူဆောင်ပြီး ရေခဲတမျှ အေးလှသော ရေအောက်သို့ ဆင်းကြလေသည်။

ရှေ့ဆုံးမှ ပါဝဏက လမ်းပြပြီး ရေအောက်မှ အတန်ကြာအောင် သွားကြသောအခါ အတန်ငယ် ကျယ်ဝန်းသော အပေါက်တစ်ပေါက်ကို တွေ့ရသဖြင့် ထိုအပေါက်အတိုင်း ဝင်သွားကြလေရာ နောက်ဆုံးတော့ လိုဏ်ခေါင်းတစ်ခု အတွင်းသို့ ရောက်သွားကြလေတော့သည်။





အတွင်းသို့ ရောက်သောအခါ အပေါ်သို့ တက်သော ကျောက်လှေခါးကြီးကို တွေ့ရသဖြင့် ထိုကျောက်လှေခါးကြီးမှ ငါးယောက်သား အပေါ်သို့ တက်သွားကြသည်။

အတွင်းဘက်၌ ကျောက်လိုဏ်ခေါင်းကြီး ဖြစ်ပြီး ကျောက်ချွန် ကျောက်စွန်းကြီးများ၊ လမ်းများ၊ နံကျောက်နံရံများ၊ ကျောက်တုံးကျောက်ခဲကြီးများသာ တွေ့ရပြီး သက်ရှိ အစောင့်ဟူ၍ တစ်စုံတစ်ယောက်မှ မတွေ့ကြရပေ။

မကြာမီ ရဲတိုက်ကြီး အပေါ်ပိုင်းသို့ ရောက်သွားကြသည်။ ထိုနေရာသို့ ရောက်သောအခါ ကျောက်စွယ်ကျောက်ချပ်ကြီးများ နောက်ဖက်၌ ကြီးမားလှသည့် တံခါးချပ်ကြီးများကို တွေ့ရလေသည်။ တံခါးချပ်ကြီးများမှာ ပိတ်ထားလေသည်။ ထိုတံခါးကြီးများကို ဖွင့်ရန် နည်းလမ်း ရှာကြည့်သော်လည်း ခွန်အားသုံး၍ တွန်းဖွင့်ရန်မှတပါး အခြား နည်းလမ်း မတွေ့ရပေ။

သူတို့သည် လူငါးယောက် ခွန်အားကို အသုံးပြု၍ တံခါးချပ်ကြီးများအား ဖွင့်ရန် ကြိုးစားကြသောအခါ တကျွိကျွိ အသံများ ပေါ်လာပြီးနောက် တဖြည်းဖြည်းနှင့် ပွင့်လာလေတော့သည်။ အတွင်းဘက်မှာတော့ ခမ်းနား ထည်ဝါလှသည့် အခန်းကျယ်ကြီးကို လှမ်းမြင်ရသည်။

ထိုအခန်းကျယ်ကြီး၏ ဘေးဘက်များမှာတော့ အ



www.burmeseclassic.com

www.burmeseclassic.com



ခြား အပေါက်များစွာတို့ ရှိလေသည်။ ထိုအခန်းထဲမှာလည်း သက်ရှိလူ ဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။ အခန်း အလယ်မှာတော့ ကျောက်ကလပ်ပေါ်မှာ တင်ထားသည့် စိန်တုံးကြီးတစ်တုံးကို လှမ်းမြင်ရသည်။ ထိုစိန်တုံးကြီးမှ ဖြာထွက်နေသော အလင်းရောင်များသည် အခန်း ပတ်ဝန်းကျင်တစ်ခုလုံး ပြေးလွှားလျက် ရှိနေသည်။

"ဒါ ကေသရီ ပြောတဲ့ အနုရာဓ စိန်ရောင်ခြည် ဆိုတာ ဖြစ်မယ်၊ ဒီစိန်တုံးကို ရအောင် ယူရမယ်"

ကျော်စွာက သစ္စာပါလဓါးကို အဆင်သင့် ကိုင်ကာ အခန်းထဲသို့ ဝင်ရန် ပြင်သည်။

"ကျုပ်တစ်ယောက်ထဲ အထဲကို အရင်ဝင်ကြည့်မယ်၊ တကယ်လို့ အထဲမှာ အန္တရာယ် တစ်စုံတစ်ရာနဲ့ တွေ့နေရင် တစ်ယောက်ယောက်က ဒီစိန်တုံးကို မရရအောင် ဝင်ယူပေတော့၊ နောက်ပြီး ကေသရီကိုလည်း တွေ့အောင် လိုက်ရှာပြီး ကယ်တင်ကြပါ"

ဟု မှာကြားလေသည်။

"ကောင်းပါပြီ၊ တာဝန်ကျေအောင် ဆောင်ရွက်ပါ့မယ်"

ကျော်စွာ အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျောက်တံခါးကြီး နှစ်ချပ်က အလိုလို ပြန်ပိတ်သွားသည်။





သူ သတိကြီးစွာ ထားပြီး အခန်းအလည်သို့ လျှောက်သွားလေရာ အလယ်ရောက်သောအခါ အပေါက်များထဲမှ ရန်သူများ ထွက်လာလေတော့သည်။ ရန်သူများက နေရာလပ် မရှိအောင် စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းထားကြလေသည်။

အံ့ဩဖို့ ကောင်းသည်က အခန်းပေါက်များထဲမှ ထွက်လာသော ရန်သူများမှာ အရွယ်တူ၊ အရပ်တူ၊ အဝတ်အစား တူရုံမက မျက်နှာအားလုံးမှာလည်း တစ်ယောက်တည်း၏ မျက်နှာများ ဖြစ်နေတော့သည်။

"ဒါ မှော်ဆရာကြီး အနုရာဓရဲ့ ကိုယ်ပွားရန်သူတွေ ဖြစ်မယ်၊ ဒီအထဲမှာ အနုရာဓ အစစ်တစ်ယောက်တော့ မုချပါရမယ်"

သူ တွေးတောနေစဉ်မှာပင် ဝိုင်းထားသော ရန်သူများက တရကြမ်း ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။ ကျော်စွာကလည်း သစ္စာပါလဓါးဖြင့် ပြန်လည် ခုခံ တိုက်ခိုက်ရလေတော့သည်။ ထိုသို့ တိုက်ခိုက်ရင်း ကျော်စွာ ဓါးချက်မိသွားသော ရန်သူများမှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားကြသော်လည်း ခဏချင်းပင် နေရာမှ ပြန်ထလာလေသည်။ သည်အတိုင်း အချိန်ကြာလာလျှင် သူ့အတွက် ထွက်ပေါက်ပိတ်ကာ အရေးနိမ့်သွားနိုင်သည်။

"လူကလေး. . . ဖန်ဆင်းထားတဲ့ ကိုယ်ပွားတွေကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်နေရင် လက်ပန်းကျရုံပဲ ရှိမယ်၊ အနုရာဓ အစစ်ကို ရှာပြီး အနိုင်တိုက်နိုင်မှ အရေးသာမယ်၊ အနုရာဓ အစစ်ရဲ့ ခေါင်းမှာ အနီရောင် နဖူးစည်း ရှိတယ်"

နားထဲမှာ အဘိုးရဲ့အသံ ဝင်လာတော့မှ ရန်သူအုပ်ထဲသို့ လှမ်းကြည့်လိုက်တော့ အနီရောင် ခေါင်းစည်း ပါသော လူတစ်ယောက်ကို တွေ့ရသည်။

"တွေ့ပြီ"

သူသည် အခြားရန်သူများကို အလွယ်တကူ ထိုးဖောက် ဖယ်ရှားပြီး အနီရောင် နဖူးစည်း ရှိရာသို့ ရောက်အောင် ဝင်ကာ တရကြမ်း ဝင်ရောက် တိုက်ခိုက်ရာ ထိုသူကလည်း အစွမ်းကုန် ပြန်လည် တိုက်ခိုက်လေသည်။

သို့သော်. . .

ကျော်စွာ၏ ဓါးချက်များကို ဘယ်လိုမှ မခံနိုင်ဘဲ ဒဏ်ရာများလည်းရတော့သည်။ ထိုသူ ဒဏ်ရာတစ်ချက် ရသွားလေတိုင်း နံဘေးမှ ကိုယ်ပွား တိုက်ခိုက်ရေးသမားများမှာ ၎င်းတို့ ကိုယ်တိုင် ဒဏ်ရာရသွားဟန်ဖြင့် နောက်သို့ ဆုတ်သွားကြသည်။

သို့ကြောင့်. . .

အားတက်လာကာ အဆင့်မြင့်သော ဓါးချက် ဓါးကွက်ပေါင်းများစွာ အသုံးပြုလျက် တိုက်ခိုက်သောအခါ မခံ





နိုင်တော့ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေရာ ကျော်စွာက သစ္စာပါလဓါးကို မြှောက်ကာ ပွဲသိမ်းပေးလိုက်လေတော့သည်။

"အား. . ."

ဟူသော ကျယ်လောင်သော အသံကြီး ထွက်လာပြီးနောက်တွင် ကိုယ်ပွား ဖန်ဆင်းထားသော ရန်သူတို့လည်း ပျောက်ကွယ်သွားကြလေတော့သည်။ ကိုယ်ပွားဝိညာဉ် ဖန်ဆင်းတတ်သော အနုရာဓကတော့ သေဆုံးသွားလေပြီ။

ထိုအချိန်မှာပင် ပိတ်ထားသော တံခါးချပ်ကြီးများက ပြန်ပွင့်လာပြီ ဖြစ်သောကြောင့် တပ်မှူး ဗျူဟတို့တတွေ ဝင်လာပြီး ကေသရီကို တွေ့ရသောကြောင့် ကယ်တင်လာကြသည်။ ထိုအချိန်၌ ကေသရီမှာ သတိကောင်းစွာ ရနေပြီဖြစ်၏။

လူစုံသောအခါ အနုရာဓ စိန်တုံး တင်ထားရာ ကျောက်ကလပ် ရှိရာသို့ သွားကာ ကျော်စွာက စိန်တုံးကို လက်ဖြင့် မ,ယူလိုက်သည်။ မရပေ။ ခွန်အား စိုက်ထုတ်၍ ထပ်ယူကြည့်သည်။ နည်းနည်းမှပင် မလှုပ်ပေ။ သို့ကြောင့် တပ်မှူးဗျူဟ ဝင်လာပြီး ယူကြည့်ပြန်သည်။ အခြေအနေ မထူးခြား။ အမျိုးမျိုး ကြိုးစား အားထုတ်ကြသော်လည်း ဘယ်လိုမှ မရနိုင်သဖြင့် အကြံရခက်နေကြစဉ် ကေသရီက. . .

"အနုရာဓ စိန်တုံးကို ယူဖို့ အနုရာဓ မျိုးဆက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့သူ လက်နဲ့ ထိမှ ရနိုင်တယ်”

ဟု ပြောကာ စိန်တုံးကြီး တင်ထားသော နေရာသို့ တစ်လှမ်းချင်း ဝင်သွားလေသည်။ သူမ ခြေတစ်လှမ်း တိုးသွားလိုက်တိုင်း ကြမ်းခင်းနှင့် ကျောက်နံရံများက ငလျင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်လာတော့သည်။ အချို့နံရံများမှ ရေခဲတုံးနှင့် ကျောက်တုံးကျောက်ခဲများပင် ပြိုကျစ ပြုလာချေပြီ. . .။

ကျော်စွာတို့တတွေက ကေသရီအတွက် စိတ်ပူသွားကြသည်။ ကေသရီကတော့ ဘာကိုမှ ဂရုမထားဘဲ တည်ငြိမ်သော ခြေလှမ်းဖြင့် ကျောက်ကလပ်အနီးသို့ လျှောက်သွားကာ စိန်ရောင်ခြည်တုံးကို အလွယ်တကူပင် လက်ဖြင့် မ,ယူလိုက်လေသည်။

သူမလက်ထဲသို့ စိန်ရောင်ခြည်တုံး ပါလာသည်ကို မြင်သော တပ်မှူး ဗျူဟက ကပျာကယာ အနားသို့ သွားပြီး အိတ်တစ်လုံးဖြင့် ခံယူလိုက်သည်။ ထိုအခိုက်မှာ မြေငလျင်များ ပြင်းထန်စွာ လှုပ်သကဲ့သို့ တုန်လှုပ်မှုများနှင့် ကြောက်မက်ဖွယ် ကောင်းသော မြည်ဟည်းသံကြီးများ ထွက်ပေါ်လာတော့သည်။

“ရဲတိုက်ကြီး ပြိုကျတော့မယ်၊ ဒီအထဲက အမြန်ဆုံး ထွက်ကြမှ ဖြစ်မယ်”

ထိုအခါမှ ကေသရီကို ဖေးမ ခေါ်ဆောင်၍ ရဲတိုက်





အတွင်းမှ ပြန်ထွက်နိုင်အောင် ကြိုးစားကြလေတော့သည်။ တုန်လှုပ်မှုများကြောင့် ကျောက်တုံး ကျောက်ခဲကြီးများက နေရာအနှံ့မှ ပြိုကျလာရုံမက ကျောက်တိုင်ကြီးများလည်း တဝုန်းဝုန်းနှင့် လဲကျလာရာ အန္တရာယ်ဘေးမှ လွတ်အောင် ရှောင်ကာ ပြိုကျသွားသော နံရံပေါက်မှတဆင့် ၎င်းတို့ ထားခဲ့သော ဖောင်ရှိရာသို့ အရောက်သွားကြလေသည်။

သူတို့ ဖောင်ပေါ် ရောက်၍ ထိုနေရာမှ အလျင်အမြန် ခွာထွက်ကြသောအခါ ရဲတိုက်ကြီးမှာလည်း တစ်စစီ ပြိုကွဲကာ ရေအောက်သို့ နစ်မြုပ်သွားလေတော့သည်။ ရဲတိုက်ကြီး အတွင်းမှ ကိုယ်ပွားဝိညာဉ် မော်စွမ်းအားရှင်လည်း သည်မှာတင် နိဂုံးချုပ်သွားလေတော့သည်။

တကယ်ဆိုမူ. . .

ကေသရီသည် သေဆုံးသွားသော မော်စွမ်းအားရှင်မှာ အခြားသူ မဟုတ်ဘဲ ၎င်း၏ဖခင် အနုရာဓ နန်းကျဘုရင်မှန်း သိလျှင် ရင်ကွဲအောင် ခံစားရရှာပေမည်။

ယခုတော့လည်း. . .


မရဏ ရေအိုင်ကြီး၏ ရေပြင်ပေါ်မှာ ဘာမှ မကျန်တော့ဘဲ အားလုံး ပျောက်ဆုံးသွားခဲ့လေပြီ. . .။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

# နွေပန်းချီထဲက ကောသရီ

ကျော်စွာတို့အတွက် အနုရာဓ စိန်ရောင်ခြည်ကို ရပြီးသည့်နောက် နောက်တစ်ဆင့် သွားရသော ခရီးက ပို၍ ခက်ထန် ကြမ်းတမ်းလှပေသည်။ ၎င်းတို့၏ ဦးတည်ချက်က ခွန်လွန် တောင်တန်း မြောက်ပိုင်း တစ်နေရာ၌ ရှိသော ရတနာဂီရိတောင် ရှိရာသို့ ဖြစ်သည်။

ရတနာဂီရိတောင်၌ ၎င်းတို့ ရှာဖွေနေသည့် ဝိညာဉ်များအား လာစေ သွားစေနိုင်သည့် သိဒ္ဓိဝင်ပစ္စည်း ရှိသည်။ ၎င်းပစ္စည်းအား ရယူနိုင်ရန်အတွက် စိန်ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရရှိလာပြီ ဖြစ်ပေသည်။ ထိုခရီးစဉ်မှာပင် တောအုပ်တစ်ခုသို့ ရောက်သောအခါ ရုပ်ဖျက်လာသော ရန်သူများ ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံကြရပြန်သည်။

၎င်းရန်သူများ၏ ဝင်ရောက် တိုက်ခိုက်သော ရည်ရွယ်ချက်မှာ အနုရာဓ စိန်ရောင်ခြည်ကို အလိုရှိသောကြောင့် ဖြစ်ကြလေသည်။ ၎င်းတို့တတွေမှာ အားလုံး တိုက်ခိုက်မှု စွမ်းရည် မြင့်မားကြသောကြောင့် ရန်သူများက အင်အားများသည် ဆိုစေကာမူ ကောင်းစွာ တိုက်ခိုက်နိုင်ကြသည်။

တိုက်ခိုက်ရင်းနှင့် ကျော်စွာ သတိပြုမိလိုက်သော အချက်မှာ တပ်မှူးဗျူဟ၏ တိုက်ခိုက်မှုစွမ်းရည် ဖြစ်သည်။ သူသည် ခါတိုင်း တိုက်ပွဲများတွင် တိုက်ခိုက်သည်နှင့် မတူဘဲ ရန်သူများအား သဘောလောက်သာ တိုက်ခိုက်လျက် ရှိလေသည်။

ရန်သူများကလည်း တပ်မှူးဗျူဟထက် ကျန်လေးယောက်ကို သဲကြီးမဲကြီး ပိုင်းအုံ တိုက်ခိုက်ကြလျက် မင်းသမီးလေး ကေသရီနှင့်အနုရာဓ စိန်ရောင်ခြည်ကို ရနိုင်ရန် ကြိုးစားကြသည်။

ကျော်စွာ၏ သစ္စာပါလ ဓါးချက်များ၊ မိန်းမ လူစွမ်းကောင်း ရောဟဏီ၏ တုတ်ချက်များ၊ တိဗက်လူမျိုး ပါဝဏ၏ အတွင်းအား သုံး၍ တိုက်ခိုက်သော တိုက်ကွက်များနှင့်





လူပုလေး မိတ္တ၏ လျှင်မြန် သွက်လက်လှသည့် ဓါးမြှောင်နှစ်လက် တိုက်ခိုက်မှုများမှာ ရန်သူများအား အထိနာစေသည်။

ရက်စက်ကြမ်းကြုတ်သော တိုက်ပွဲမြင်ကွင်းက မလှပချေ။ စစ်သွေးဖြင့် ရူးသွပ်လျက် ရှိကြသူများအား အားမာန်အပြည့်ဖြင့် ပြန်လည် တိုက်ခိုက်လျက် ရှိသော ခရီးသွားတို့၏ မြင့်မားသော စွမ်းရည်များက ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့ပေသည်။

ရန်သူများမှာ မကောင်းဆိုးဝါးများပမာ တဖက်လူကို သတ်ဖြတ်ရန် ကြံစည်ကြရင်းမှ တစ်ယောက်ပြီးတစ်ယောက် သွေးအိုင်ထဲသို့ လဲကျကုန်လေသည်။ ကျော်စွာ၏ သစ္စာပါလ ဓါးချက်ကြောင့် ရန်သူတို့၏ဓါးများ အပိုင်းပိုင်း ကျိုး၍ ဒိုင်းများပင် ထက်ခြမ်းကွဲကုန်တော့သည်။

၎င်းဓါးချက် ထိသမျှ ဘယ်အရာမှ မခံနိုင်ဘဲ ကျောက်တုံးများပင် အစိတ်စိတ် အမွှာမွှာ ကွဲကြေထွက်ကုန်လေသည်။ ဗျူဟပင်လျှင် တိုက်ရင်းခိုက်ရင်းမှ လျှပ်စီးလက်သကဲ့သို့ ကြောက်မက်ဖွယ် ကောင်းလှသည့် သစ္စာပါလ ဓါးချက်များကို ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။

ထိုဓါးချက်တို့ကြောင့် ပတ်ဝန်းကျင် တဝိုက်ရှိ ကျောက်တုံးကျောက်ခဲတို့အပေါ်မှ သွေးစက်တို့ကျန်ရစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ အော်ဟစ် ငြီးငြူမှုများက တောင်ကမ်းပါးယံတဝိုက် ပဲ့တင်ထပ်လျက် ရှိသည်။ လေနှင့်အတူ ဝဲပျံပါလာသောအသံများက ဝိညာဉ်တို့၏ ခေါ်သံများသဖွယ် ရှိနေတော့သည်။

သစ္စာပါလခါးမှာ သွေးတို့ဖြင့် ရဲရဲနီလျက် ရှိနေလေပြီ။ ထိုသွေးနံ့တို့ကြောင့် သူ၏ လှုပ်ရှားမှုမှာ ပိုမိုမြန်ဆန်လာသည်။ ခက်ထန်လာသည်။ နေမင်း တမန်တော်တစ်ယောက်၏ တိုက်ခိုက်မှုများလို ကြောက်မက်ဖွယ်ရာ ကောင်းလာလေသည်။

နောက်ဆုံးတော့ ရန်သူများမှာ ဘယ်လိုမှ မစွမ်းသာတော့ဘဲ ဝိညာဉ်မဲ့နေသော အလောင်းများကို ထားရစ်ကာ နောက်ကြောင်းသို့ ပြန်လှည့်ကြလေတော့သည်။ ကျားရဲ ငါးကောင်နှင့် ဝံပုလွေတစ်သိုက်တို့၏ တိုက်ပွဲကား အဆုံးသတ်သွားလေပြီ။

"လူမိုက်တွေ၊ မလောက်လေး မလောက်စား သတ္တိတွေနဲ့များ ငါ့တို့ကို လာပြီး ယှဉ်ပြိုင်ဝံ့ကြတယ်၊ အသည်းကောင်းလို့ ခါးတောင်းကြပုံ ရတယ်"

လူပုလေး မိတ္တာက ၎င်း၏ ခါးမြောင်နှစ်လက်မှာ စွန်းပေနေသော သွေးများကို သုတ်နေရင်း မကျေမနပ်ဖြင့် ရေရွတ် ပြောဆိုနေသည်။

"ရန်သူတွေက ရုပ်ဖျက်ထားကြတယ်၊ ဘယ်မျိုးနွယ်စုတွေ ဖြစ်မလဲ ပါဝဏ. . ."

ကျော်စွာက လှမ်းမေးလိုက်သည်။

"ကျုပ် သိလိုက်တာကတော့ ဒီလူတွေဟာ တောင်တန်းတွေပေါ်မှာ နေကြတဲ့သူတွေချည်းတော့ ဟုတ်ဟန် မတူဘူး၊ မျိုးနွယ်စု ပေါင်းစုံ စုထားတဲ့ တိုက်ခိုက်ရေးသမားတွေ ဖြစ်နိုင်ပါတယ်"

"ဒီလိုဆိုရင် ဒီလူတွေဟာ အနုရာဓက ရဲမက်တွေ မဖြစ်နိုင်ဘူးလား၊ တကယ်လို့ ဟုတ်တယ်ဆိုရင် သူတို့က ကျုပ်တို့ကို ဘာကြောင့် လာတိုက်ကြတာလဲ၊ မင်းသမီး ကေသရီနဲ့ တပ်မှူးဗျူဟကိုတော့ သူတို့ ကောင်းကောင်း မှတ်မိရမှာပေါ့"

ထိုစကားကြောင့် တပ်မှူးဗျူဟမှာ မျက်စိမျက်နှာ တစ်ချက် ပျက်သွားလေသည်။

"ဒီလူတွေကို ကျုပ် မသိဘူး၊ အခု အရေးကြီးတာက ကျုပ်တို့တတွေ ဒဏ်ရာဒဏ်ချက်တွေ ရထားကြတယ်။ နေရာကောင်းကောင်းမှာ ခဏနားပြီး ဆေးကုမှ ဖြစ်မယ်"

ဟု စကားလမ်းလွှဲရင်း လျှိုတစ်ခုအတွင်း၌ ရှိသော ကျောက်ဂူတစ်ခုထဲ ဝင်ကာ နားကြလေသည်။ ထိုနေရာမှာ ပါတော့ ပါဝဏ အစွမ်းကို အားကိုးကြရလေတော့သည်။ ပါဝဏသည် ဆေးဝါးကျွမ်းကျင်သူ ဖြစ်သောကြောင့် လူပုလေး






www.burmeseclassic.com

www.burmeseclassic.com



မိတ္တာကို ခေါ်သွားပြီး တောင်တန်းပေါ် တက်သွားလေသည်။

တောင်တန်းပေါ်မှာ ၎င်းရှာဖွေယူလာသော ဆေးပင်များထဲမှာ စန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်နှင့် အလ္လီယယ် ဆတိဗယ် (Allium Satirum) ဟူသော ဆေးမြစ်တစ်မျိုး ပါလာသည်။ ၎င်းဆတိဗယ် ဆေးမြစ်သည် တိဗက်လူမျိုးတို့၏ လက်စွဲတော် ဆေးတစ်မျိုး ဖြစ်ပြီး အနာရောဂါနှင့် ပတ်သက်ပါက လျင်မြန်စွာ သက်သာ ပျောက်ကင်းနိုင်လေသည်။

ပါဝဏာသည် ဆေးမြစ်ဆေးဥများကို ဖြုတ်တန်တာ ဖြုတ်၊ ထုထောင်းတန်တာ ထောင်း၊ စီမံပြီးနောက် ဒဏ်ရာများကို သူကိုယ်တိုင် လိုက်လံ ကုသပေးသည်။ ရောဟဏီကိုပင် သူကိုယ်တိုင် ဆေးထည့်ပေးသည်။ အဘယ်မျှပင် ခက်ထန်ကြမ်းတမ်းသော စရိုက်ရှိသည် ဆိုစေကာမူ ပါဝဏာလို ယောက်ျား တစ်ဦး၏ ကြင်နာယုယမှုကိုတော့ နှစ်သက် သဘောကျဟန် ရှိလေသည်။

သို့ကြောင့်. . .

ပါဝဏာကို သူမကိုယ်တိုင် ဆေးထည့်ပေးသည်။ ထိုအခြေအနေကို တွေ့မြင်သောအခါ ကျန်လူများက မသိမသာ ပြုံးကြလေသည်။ ပါဝဏာအနေနှင့်လည်း ခရီးသွားဖော် သွားဖက်ချင်း၊ တိုက်ပွဲဝင်ဖော် ဝင်ဖက်ချင်း ဖြစ်လင့်ကစား မိန်းမသား တစ်ဦး၏ ကြင်နာမှုနှင့် ထိတွေ့ရသောအခါ သာယာမှု





ဖြစ်ဟန် ရှိလေသည်။

၎င်းတို့အဖွဲ့တွင် ဒဏ်ရာအများဆုံး ရသူမှာ ကျော်စွာပင် ဖြစ်သည်။ ဒဏ်ရာများကြောင့် ဖျားနေလေသည်။ သူ့ကိုတော့ ကေသရီက ခန်းတောက်မြစ်ကို ကျိုထားသော ဆေးရည် တစ်ခွက် တိုက်သည်။

ခန်းတောက်မြစ်သည် လွန်စွာ ခါးသောအရသာ ရှိပြီး အနာရောဂါနှင့် အဖျားရောဂါကို နိုင်နင်းလေရာ ထိုဆေးရည် တစ်ခွက် သောက်လိုက်သည်နှင့် အနည်းငယ် သက်သာလာသည်။

"ကေသရီကို တစ်ခု မေးချင်တယ်"

"မေးပါ အစ်ကို"

"ကေသရီ ဘဝကို ပြောပြလို့ ရရင် သိချင်တယ်"

ထိုအချိန်တွင် တပ်မှူး ဗျူဂ္ဂနှင့် အခြားသူများမှာ ဆေးလိမ်း ဆေးသောက်ပြီး အနားယူနေကြသောကြောင့် အေးအေးဆေးဆေး စကားပြောခွင့်ရသည်။ ကျော်စွာ ထိုသို့မေးလိုက်သောအခါ ကေသရီ၏ လှပနုနယ်သော မျက်နှာလေးမှာ နေထိပန်းသဖွယ် တမဟုတ်ချင်း ညှိုးကျသွားလေတော့သည်။

အနုရာဓမြို့ကို စတင် ထူထောင်ကာစက ထူမမယ် ကလေးဘဝဖြင့် ပျော်ရွှင်ဖွယ်ကောင်းသော ဘဝအစပိုင်း ကာ



www.burmeseclassic.com

www.burmeseclassic.com



လများ။ ထိုကာလမှာပင် ကြီးမားသော အန္တရာယ်များက ဝင်ရောက်လာပြီး ပျော်ရွှင်မှုများအား ဖျက်ဆီးပစ်လိုက်လေသည်။

ပုတ္တရပြည်ကို တိုက်ခိုက် သိမ်းယူပြီးသော စိတြဘုရင်နှင့် အင်အားကြီးမားလှသော ရဲမက်စစ်သည်တို့က အနုရာဓကိုပါ ထပ်မံ သိမ်းပိုက်ကြပြန်လေသည်။ လူပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့ကြသည်။ အနုရာဓ နန်းရင်ပြင်နှင့် မြို့တော်တစ်ခုလုံးကို သွေးချောင်းစီးစေခဲ့သည်။

ကေသရီ၏ နူနယ်လှပသော ဘဝသည် ထိုအချိန်ကပင် အနုရာဓဘုရင်၏ အကျဉ်းစံ မင်းသမီးဘဝသို့ ရောက်ခဲ့လေသည်။

"မင်းကို ဘာကြောင့် ဒီလို ထားထာလဲ၊ တစ်နေ့ကျရင် မင်းဟာ သူတို့အတွက် ရန်ဆူးရန်ငြောင့် ဖြစ်မလာနိုင်ပေဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အခုအခါမှာ အနုရာဓရဲ့ နန်းဆက်သွေးက ကျွန်မ တစ်ယောက်တည်း ကျန်ခဲ့တော့ တာမို့ ဒီလို ထားတာပါ"

"ဘာကြောင့်လဲ"

"ဒီလို ထားရတဲ့အကြောင်းက အနုရာဓနဲ့ သက်ဆိုင်တဲ့ ပတ်သက်တဲ့ ဂမ္ဘီရပစ္စည်းတွေ မှန်သမျှ ကျွန်မလက်နဲ့





မထိမချင်း သူတို့အနေနဲ့ ဘာတစ်ခုမှ လုပ်မရပါဘူး၊ ဒါကြောင့်ပါ"

ထိုစကားကတော့ မှန်ပေသည်။ အနုရာဓ စိန်ရောင်ခြည်ကို ယူစဉ်က သူတို့အနေနှင့် အစွမ်းကုန် ကြိုးစားသော်လည်း မရနိုင်ဘဲ ကေသရီ၏ လက်ကလေးဖြင့် ထိရုံနှင့် အလွယ်တကူ ရခဲ့ပုံကို သတိရလေသည်။

"ကျုပ်အထင် ပြောရရင်တော့ အနုရာဓ ဘုရင်မက မင်းကို အခုလို ထားတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်"

ဟု ပြောသောအခါ ကေသရီက အဝေးသို့ မျှော်ကြည့်ရင်း. . .

"ကံတရားပေါ့ အစ်ကိုရယ်"

ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။ ကျော်စွာက ကေသရီ၏ သနားစဖွယ် မျက်နှာလေးကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားမိသည်။ စိတ်ထဲမှလည်း. . .

"တကယ်တော့ မင်းနဲ့ငါနဲ့က ဘဝတူတွေပါ ကေသရီရယ်"

ဟု တိုးတိုးလေး ရေရွတ်လိုက်မိသည်။ ဂူထဲမှာ ဖိုထားသော မီးရောင်များက သူမ မျက်နှာပေါ်သို့ တစွန်းတစ လှရောက် ထင်ဟပ်နေ၏။ ထိုမီးရောင်ကြောင့်ပင် ကေသရီ၏



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့သော အလှကို အနီးကပ် တွေ့ရလေသည်။

တကယ်ဆိုမူ. . .

ကေသရီ၏ အလှများက လှောင်ချိုင့်ထဲမှာ စိုက်ပျိုးထားသော ပန်းတစ်ပွင့်နှယ် လျှို့ဝှက်သော အလှများသဖွယ် ဖြစ်ပေသည်။ ရှည်လျား၍ နူးညံ့ပျော့ပြောင်းသော ဆံနွယ်များ၊ ဖြူဝင်းသော နဖူးပြင်အောက်မှ လှပသော မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် နီထွေးသော နှုတ်ခမ်း၊ အချိုးကျ၍ လှပသော ကိုယ်နေဟန်က တစ်ပင်တိုင် မင်းသမီးလေးတစ်ပါးကဲ့သို့ ကျက်သရေ ရှိလှသော်လည်း ယခုတော့ သူမဘဝက အကျည်းတန်လှသော အကျဉ်းစံ မင်းသမီး ဘဝသို့ ရောက်နေရှာသည်။

"အစ်ကိုရဲ့ဘဝကိုလည်း ကျွန်မကို ပြောပြဦးလေ"

"ကျုပ်ဘဝက အညတြတစ်ယောက်ပါပဲ၊ ခွန်လွန်တောင်တန်းရဲ့ တစ်နေရာမှာ သူတော်စင်အဘိုးရဲ့ ပြုစု စောင့်ရှောက်မှုနဲ့ ကြီးပြင်းခဲ့ရတာပါ. . ."

ဟု ပြောလိုက်သည်။

"ဒါပေမယ့် အစ်ကို့ကို ကြည့်ရတာ သာမန် အညတြတစ်ယောက်ရဲ့ ဟန်အမူအယာနှင့် မတူတာတော့ အမှန်ပဲ"

ကျော်စွာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"တကယ်တော့ ကေသရီရယ်၊ လောကမှာ ဖြစ်ပျက်





နေတဲ့ အကြောင်းအရာတွေဟာ မြစ်ရေပြင်တစ်ခုလိုပါပဲ၊ စီးဆင်းနေတဲ့ မြစ်ရေလျဉ်ဟာ ရေကြည်ကိုလည်း သယ်သွားတယ်၊ ရေနောက်တွေကိုလည်း သယ်သွားရတယ်. . . ဒီလိုပဲ သစ်တုံးတွေ သစ်ရွက်တွေနဲ့ အမှိုက်သရိုက်တွေကိုလည်း သယ်သွားရတယ်. . . ဘာတစ်ခုကိုမှ တစ်နေရာတည်းမှာ အကြာကြီး မထားခဲ့ဘူး၊ ဒါပေမယ့် မြစ်ရေပြင်မှာတော့ ရေကြည်က တလှည့်ပြီးရင် ရေနောက်တလှည့်၊ ရေနောက် တလှည့် ပြီးရင် ရေကြည်တလှည့် ရောက်လာတတ်ပါတယ်"

ကေသရီက ကျော်စွာထံမှ ထိုစကားမျိုး ကြားရသောအခါ အံ့သြနေလေသည်။

"အမြဲစီးဆင်းနေတဲ့ မြစ်ရေဟာ ဘယ်တော့မှ အနယ်မထိုင်ဘူးဆိုတဲ့ စကားလိုပဲ၊ လောကမှာ သောကဖြစ်စရာတွေ့တိုင်းသာ ဘာမှမလုပ်ဘဲ ထိုင်ပြီး စိတ်ညစ်နေမယ်ဆိုရင် ကြာရင် သောကတွေ အနယ်ထိုင်ပြီး စိတ်ဟာ သောင်ထွန်းသလို ထွက်ပေါက် ပိတ်သွားနိုင်ပါတယ်"

"အစ်ကို့စကား နားထောင်ရတာ စိတ်ထဲမှာ အားရှိလာသလိုပဲ၊ ကျွန်မ ဘဝတစ်သက်တာမှာ ဘယ်သူကမှ အဲသည်လို အားပေးတဲ့စကားမျိုး ပြောတာ နားမထောင်ခဲ့ရပါဘူး"

"လူ့လောက ဆိုတာ သောကနဲ့ ဖွဲ့စည်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စိတ်ညစ်စရာ သောကဖြစ်စရာနဲ့ အခက်အခဲတွေကတော့ တွေ့ကြရမှာပဲ၊ ဒီသောကတွေကို သတိပြုနေရင်တော့ လောကကြီးမှာ ဘာမှ လုပ်စရာ ကျန်တော့မယ် မထင်ဘူး”

“အစ်ကို့ဘဝမှာ စိတ်ညစ်စရာ စိတ်သောက ရောက်စရာတွေ အများကြီး ကြုံခဲ့ရသလားဟင်”

“ဒီလောကနယ်မှာ သောကနဲ့ ကင်းတဲ့လူဆိုတာ မရှိသလောက် ရှားပါတယ်၊ သောကဆိုတာ ပုံပြင်တစ်ခုထဲက ကုလားအုပ်တစ်ကောင်လိုပါပဲ”

“ဘယ်လိုလဲ အစ်ကို”

“မိုးရွာနေတဲ့အချိန်မှာ ကုလားအုပ်တစ်ကောင်ဟာ လယ်သမားတစ်ဦးဆီမှာ ဦးခေါင်းတစ်လုံးစာလောက် မိုးခိုခွင့်တောင်းတယ်၊ လယ်သမားက ခွင့်ပေးတော့ ဦးခေါင်းတစ်လုံး ဝင်ခွင့်ရတာနဲ့ နောက် တဖြည်းဖြည်းနဲ့ တစ်ကိုယ်လုံး ရောက်လာပြီး တဲရှင်ကို အပြင်ဘက် ကန်ထုတ်လိုက်သလိုမျိုးပါပဲ”

ကေသရီက တိုက်ခိုက်ရေးသမားတစ်ယောက်ထံမှ ဒဿန ဆန်သော စကားမျိုး ကြားရသောကြောင့် အံ့သြနေရှာသည်။

“သောကဆိုတာလည်း အဲဒီကုလားအုပ်လိုပါပဲ၊ စိတ်ထဲကို နည်းနည်းလေး ဝင်ခွင့်ပေးလိုက်တာနဲ့ တဖြည်းဖြည်း ကြီးထွားလာပြီး နောက်ဆုံး ကိုယ့်ဆီမှာ ရှိတဲ့ ပျော်ရွှင်မှုတွေ၊



BURMESE CLASSIC .com



စိတ်ချမ်းသာမှုတွေကို အပြင်ရောက်အောင် ဖယ်ထုတ်ပစ်နိုင်စွမ်း ရှိတယ်၊ ဒါကြောင့် ဘဝမှာ ဘယ်လို အခက်အခဲတွေ ကြုံကြုံ၊ စိတ်ညစ်စရာတွေ ဘယ်လိုပဲ တွေ့တွေ့၊ စိတ်ပျက်အားငယ်နေစရာ မလိုဘဲ ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်အောင် ဒီလိုပဲ ကြိုးစားရမှာပေါ့ ကေသရီရယ်”

“အစ်ကို့စကား ကြားရတာ ကျွန်မတော့ သိပ်ပြီး အားရှိတာပဲ”


“လေးညို့ပေါ်မှာ တင်ထားတဲ့ ညို့ကြိုးတစ်ချောင်းလိုပါပဲ၊ အမြဲတမ်း တင်းထားပြန်တော့လည်း လေးကိုင်းကျိုးမယ်၊ လျှော့ထားပြန်တော့လည်း ပစ်မရသလိုမျိုးပါပဲ၊ အလျှော့အတင်း ရှိတဲ့ ဘဝမှာ အခက်အခဲ တွေ့တိုင်း အားမလျှော့လိုက်ပါနဲ့ ကေသရီရယ်”

ဟု ပြောကာ ဆေးလူးပေးနေသော ကေသရီ လက်ကလေး တစ်ဖက်ကို ဆုပ်ကာ အားပေးလိုက်သည်။ ကေသရီ မျက်နှာပေါ်မှာ တက်ကြွမှုနှင့်အတူ အပြုံးရိပ်ကလေး တစ်စွန်းတစ်စ ပေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

# နက္ခတ်တာရာနှင့် ဂံကြုံမှာ

အနုရာဓ မြို့တော်သည် အနုရာဓ နက္ခတ်၏ သဘာဝ အတိုင်း ကျောက်တောင်များပေါ်မှာ တည်ထားသောမြို့ ဖြစ်သည်။ ဘုရင်မ နန်းတော်ကြီး တည်ရှိရာသည် ကျောက်တောင် ထိပ်စွန်းဘက်၌ ရှိသည်။

အခြား မြို့သူမြို့သားများ နေထိုင်ရာ နေရာများက အောက်ဘက် တောင်စောင်း၊ တောင့်ပြန့်များပေါ်၌ ရှိလေသည်။ မြို့အကျယ်အဝန်းကတော့ တောင်တန်းများပေါ်မှာ သာမက တောင်ခြေ မြေပြန့်အထိ ရှိသောကြောင့် အတော် ကျယ်ဝန်းလှသည်။

လိမ္မော်ခြံ၊ သစ်တော်ခြံ၊ လက်ဖက်ခင်း၊ တော[illegible]ယာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခင်းများနှင့် ဥယျာဉ်ခြံများလည်း အများအပြား ရှိလေသည်။ မြေပြန့်နေရာများမှာတော့ မြင်း၊ သိုး၊ နွားမွေးသောခြံများ ရှိသည်။ လွင်ပြင်တကြောမှာ စားကျက် ကောင်းလှသောကြောင့် တိရစ္ဆာန် မွေးမြူသူတို့ ဖြစ်ထွန်း အောင်မြင်ကြသည်။

ကျောက်တောင် ထူထပ်သော အရပ်ဒေသ ဖြစ်သော်လည်း စိန်၊ ရွှေ၊ သတ္တုနှင့် အဖိုးတန် ကျောက်မျက် ရတနာများ ပေါများလှသောကြောင့် အနုရာဓသည် ချမ်းသာကြွယ်ဝသော မြို့တစ်မြို့ ဖြစ်လေတော့သည်။

ကျောက်တောင် ထိပ်စွန်းအမြင့်၌ ရှိသည့် အနုရာဓနန်းတော်ကြီးမှာ စကျင်ကျောက်ဖြူတုံးကြီးအား နန်းဆောင်သဏ္ဍာန် ပေါ်အောင် ထုဆစ် ပုံဖော်ထားခြင်း ဖြစ်လေသည်။ ခန်းမဆောင်၏ အပေါက်များကိုတော့ သလင်းကျောက်များဖြင့် ကာရံထားသည်။

အတွင်း၌ အလင်းရောင် ရစေရန် အလင်းရောင် ပြန်သော စိန်တုံးကြီးများ တပ်ဆင်ထားလေသည်။ တိုင်လုံးကြီးများ၊ အမိုးအကာ၊ မျက်နှာကြက်အခန်းများ၊ ပြတင်းပေါက်များကိုလည်း သဘာဝအတိုင်း ထွင်းထုထားပြီး ကနုတ်ပန်းခက်များ၊ နက္ခတ်တာရာ ရုပ်ထုများ၊ ကျောက်သံပတ္တမြားများတို့ဖြင့် မွမ်းမံ ခြယ်သထားသည်။

နန်းဆောင်ကြီး၏ အရှေ့ဘက်၌ သီးသန့် ဆောက်





လုပ်ထားသော ခန်းမဆောင် တစ်ဆောင် ရှိသည်။ ထိုခန်းမကြီးမှာ နက္ခတ်ဆရာကြီး၏ နက္ခတ်တာရာများ အမြဲတစေကြည့်ရှုမှတ်သားသော နက္ခတ်မျှော်စင်ပင် ဖြစ်တော့သည်။ ထိုနက္ခတ်ဆောင်အပေါ်မှ ကြည့်လျှင် ကောင်းကင်ပေါ်ရှိ နက္ခတ်တာရာများကို ကောင်းစွာ မြင်နိုင်သလို အနုရာဓ မြို့တော်ကိုလည်း အပေါ်စီးမှ မြင်နိုင်လေသည်။

အချိန်မှာ သန်းခေါင်ယံအချိန် ဖြစ်သည်။ ကောင်းကင်ပြင်ပေါ်မှာ ကြယ်ရောင်လရောင်အချို့ ရှိနေသော်လည်း အများအားဖြင့်တော့ အနုရာဓ တစ်မြို့လုံး အမှောင်ရိပ်များက ဖုံးလွှမ်းလျက် ရှိနေသည်။

ထိုနက္ခတ်ဆောင်၏ ဝရံတာ စကြံန်ထိပ်တွင် လူတစ်ယောက် ရပ်ကာ ကောင်းကင်ပေါ်မှ နက္ခတ်တာရာများကို ကြည့်ရှုနေလေသည်။ ထိုလူကား ဘုရင်မ ဘရဏီ၏ အတိုင်ပင်ခံ နက္ခတ်ဆရာကြီး ဝေမနိပင် ဖြစ်ပေသည်။

ဝေမနိသည် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သော်လည်း ကောင်းကင်မှ နက္ခတ်တာရာများကို ကောင်းစွာ ကြည့်ရှုနိုင်သေးသည်။ သူသည် တစ်ကိုယ်လုံး ဝတ်ရုံဖြူကြီးကို ခြုံထားပြီး လက်ထဲမှာ လက်ကိုင်၌ နက္ခတ်တာရာ အမှတ်အသား ပါသည့် တောင်ဝှေးကြီးကို ကိုင်ထားလေသည်။

ဝရံတာထိပ်၌ ရပ်နေသောကြောင့် ဆံပင်နှင့်မုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့မှာ တလူလူ လွင့်နေကြသည်။ နက္ခတ်ဆရာကြီး ဝေဓနိ ကောင်းကင်ပေါ်မှ နက္ခတ် အပြောင်းအလဲများကို ကြည့်ရှု မှတ်သားနေစဉ် ထိုခန်းမဆောင်သို့ ဘုရင်မ ဘရဏီ ရောက်လာသည်။

ကိုယ်ရံတော်နှင့် ရံခွေတော်များက အခန်းပေါက်မှာ ကျန်ရစ်ခဲ့ပြီး ဘုရင်မက နက္ခတ်ဆရာကြီး ရှိရာသို့ လျှောက်လာလေသည်။ နက္ခတ်ဆရာကြီးက ဘုရင်မကို မြင်သောအခါ ဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။

"ကောင်းမြတ်လှသော ညချမ်းအချိန် ဖြစ်ပါသည် အရှင်မ"

ဘုရင်မက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး. . .

"ဘယ်လိုလဲ ဆရာကြီး၊ တလောက အနုရာဓ နက္ခတ်နဲ့ စိတြနက္ခတ်တို့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်ဆိုတာ ဘယ်လို ထူးခြားမှုတွေ ထပ်မံ တွေ့ရသေးလဲ"

ဟု မေးလိုက်သည်။

"မှန်ပါတယ် အရှင်မ၊ စိတြနက္ခတ်ကို စောင့်ရှောက်တော်မူသော တုဋ္ဌနတ်မင်းနဲ့ အနုရာဓနက္ခတ်ကို စောင့်ရှောက်တော်မူသည့် မိတ္တနတ်မင်းတို့ရဲ့ အလိုတော်အတိုင်း ပြောင်းလဲမှုများကို တွေ့နေရပါတယ် အရှင်မ. . ."

"ဘယ်လို ပြောင်းလဲမှုတွေလဲ. . ."





ဘုရင်မ၏အသံမှာ အနည်းငယ် ခက်ထန် မာကျောလှသော လေသံမျိုး ပါသွားသဖြင့် နက္ခတ်ဆရာကြီးက အမှန်တရားကို ပြောသင့် မပြောသင့် စဉ်းစားနေသည်။

"ဘယ်လိုလဲ နက္ခတ်ဆရာကြီး၊ သခင်မ မေးနေတာ ကြားရဲ့ မဟုတ်လား၊ ဘာတွေများ ဒီလောက် စဉ်းစားနေတာလဲ၊ အပြောင်းအလဲ မြင်တာကိုလည်း ပြောပါဦးလေ. . ."

"ကျွန်တော်မျိုး တွေ့ရှိသော အပြောင်းအလဲများကို ပြောသင့် မပြောသင့် ချင့်ချိန်နေတာပါ အရှင်မ"

"ဘယ်လိုအကြောင်းပဲဖြစ်ဖြစ်. . . ဆရာကြီး တွေ့သမျှကို မချွင်းမချန်သာ ပြောပါလေ. . ."

ဘုရင်မက လေသံကို လျှော့ချလိုက်တော့မှ နက္ခတ်ဆရာကြီးက. . . .

"ကျွန်တော်မျိုး တွေ့ရှိသော နက္ခတ် အပြောင်းအလဲများက မပြောသင့်ပေ. . . သို့သော် မပြောပြန်ရင်လည်း မကောင်းလှတာမို့ အမှန်ကို ပြောပြပါမယ်"

ဟု စကားခင်းလိုက်သည်။

"ပြောသာ ပြောပါလေ. . ."

"အခုရာသီမှာ စန္ဒော ဆိုတဲ့လဟာ မိဿသိနဲ့ ရောဟဏီ နက္ခတ်နှစ်လုံးတို့ရဲ့ အလယ်ကို ရောက်နေပါပြီ. ဒါကြောင့် မကြာခင်မှာ အနုရာဓမြို့မှာ အပြောင်းအလဲကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ပါတော့မယ် အရှင်မ. . .”

ဟု အရဲစွန့်ကာ ပြောလိုက်လေသည်။

“ဘယ်လို အပြောင်းအလဲလဲ၊ ကောင်းသော အပြောင်းအလဲလား၊ မကောင်းသော အပြောင်းအလဲလား”

“မကောင်းသော အပြောင်းအလဲ ဖြစ်ပါတယ်. . .”

“ဘာကြောင့် ဒီလို ပြောနိုင်ရတာလဲ”

ဘုရင်မ အသံက အနည်းငယ် တင်းမာနေလေသည်။ ထိုအခါ နက္ခတ်ဆရာကြီးက သတိကြီးစွာ ထား၍ အနည်းငယ် စိုးရိမ်ထိတ်လန့်သော အသံဖြင့်. . .

“ယခု ကောင်းကင်မှာ လရဲ့အထက်ကို ရောဟဏီ နက္ခတ် ရောက်နေပါပြီ အရှင်မ. . . ဒါကြောင့် မကြာခင်မှာ သခင်မရဲ့ နက္ခတ်ဖြစ်တဲ့ ဘရဏီ နက္ခတ်တာရာဟာ ညှိုးမှိန်စပြုတော့မှာ ဖြစ်ပါတယ် သခင်မ. . .”

ဘုရင်မ ဘရဏီ၏ မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် တင်းမာ ခက်ထန်သွားသည်ကို အလင်းရောင် တစွန်းတစဖြင့် လှမ်းမြင်လိုက်သည်။

“နက္ခတ်တာရာတွေ ညှိုးမှိန်ရင် ဘယ်လို ဖြစ်နိုင်သလဲ နက္ခတ်ဆရာကြီး. . .”

“နက္ခတ်တာရာ ညှိုးမှိန်သွားတဲ့အခါ ပျက်စီးခြင်းသို့ ရောက်နိုင်ပါတယ် သခင်မ”





“ဒါဟာ နက္ခတ်တာရာတွေကို စောင့်ရှောက်တော်မူတဲ့ နတ်မင်းတွေရဲ့ စိတ်အလိုမကျတာရော မဖြစ်နိုင်ဘူးလား၊ နက္ခတ်တာရာ စောင့်တဲ့ နတ်မင်းတွေကို စိတ်ကျေနပ်မှု ရစေဖို့ ပူဇော်ပွဲတွေ ကျင်းပပြီး တောင်းပန်ရင်ကော မရနိုင်ဘူးလား”

နက္ခတ်ဆရာကြီးက ဦးခေါင်းငုံ့ကာ ငြိမ်သက်နေလေသည်။

“ဒီနက္ခတ်တာရာတွေရဲ့ အသွားအလာ အနေအထားကို သင့်ရဲ့ပညာစွမ်းတွေနဲ့ ပြုပြင် ပြောင်းလဲလို့ မရနိုင်ဘူးလား”

“မရနိုင်ပါ သခင်မ. . . နက္ခတ်တာရာတွေကို ပိုင်ဆိုင် စောင့်ကြပ်လျက် ရှိသော ဒေဝတာ နတ်မင်းတို့ရဲ့ အလိုဆန္ဒကို ဘယ်လိုမှ ငြင်းပယ် သွေဖီလို့ မရနိုင်ပါ”

“လောကမှာ အာဏာနဲ့ လက်နက်က အဓိက အကျဆုံး မဟုတ်ပေဘူးလား၊ ကျွန်ုပ်မှာ လက်နက်ရှိတယ်၊ အာဏာ ရှိတယ်၊ စစ်သည်အင်အား အမြောက်အမြား ရှိတယ်၊ ဒီအင်အားတွေနဲ့ ကံကြမ္မာကို ပြုပြင်ပြောင်းလဲလို့ မရနိုင်ဘူးလား”

“ကံကြမ္မာဆိုတာ လျှည့်စား၍ မရနိုင်ပါ သခင်မ. .”

ဘုရင်မ ဘရဏီက လွန်စွာ အမျက်ထွက်သွားဟန်ဖြင့် ခါးမှာ ချိတ်ဆွဲထားသည့် လက်သုံးတော်ဓါးကို ဖြုတ်ကာနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်လိုက်သည်။ ဓါးသွားသည် မီးရောင်ဖြင့် လက်ကနဲ ဖြစ်သွားလေသည်။

“ဒီမှာ တွေ့လား နက္ခတ်ဆရာကြီး၊ လောကမှာ ရှိသမျှ အားလုံးကို ကျွန်ုပ်ရဲ့ အမိန့်အာဏာနဲ့ ပြောင်းလဲပစ်နိုင်တယ်၊ ဒီဓါးနဲ့ ပြောင်းလဲပစ်လို့ ရတယ်၊ သင့်ရဲ့ကံကြမ္မာကို ဒီဓါးနဲ့ အခုချက်ချင်း ပြောင်းလဲပစ်နိုင်တယ် ဆိုတာရော သင်သိရဲ့လား”

နက္ခတ်ဆရာကြီး ဝေခနိက ဦးခေါင်းငုံ့ကာ ငြိမ်သက်စွာ ရပ်နေလေသည်။ သူ့အနေဖြင့် အခြားရွေးစရာလမ်း မရှိတော့သဖြင့် ဖြစ်လိုရာ ဖြစ်စေတော့ သဘောမျိုးဖြင့် ယခုကဲ့သို့ ရပ်တန့်နေရုံမှလွဲ၍ အခြားမရှိတော့ပြီ. . .။ အတန်ကြာသောအခါ ဘုရင်မ ဘရဏီက စိတ်ကို လျှော့ချလိုက်ဟန်ဖြင့် ဓါးကို ပြန်ထည့်လိုက်သည်။

“အင်း. . . ကျွန်ုပ် မှားသွားတယ်၊ သင့်ကို သတ်လို့မှ မရသေးတာ. . . မောင်တော်စိတြ အသက်ပြန်ရှင်ဖို့ သူ့ရဲ့ ဝိညာဉ်ကို ပြန်ခေါ်ဖို့အတွက် သင့်ရဲ့မှော်ပညာနဲ့ နက္ခတ်ပညာတွေ အများကြီး လိုအပ်တာပဲ”

ထိုအခါမှ နက္ခတ်ဆရာကြီး ဝေခနိမှာ သက်ပြင်းချနိုင်တော့သည်။

“ဒါ့ထက် သင့်ကို မေးရဦးမယ်. . .”





“မေးပါ သခင်မ”

“သိဒ္ဓိဝင်ပစ္စည်း ယူဖို့ လွှတ်လိုက်တဲ့ ဗျူဟတို့ အခြေအနေရော ဘယ်လိုရှိသလဲ ဆရာကြီး”

“သူတို့ မရဏ ရေအိုင်ကြီးက အနုရာဓ စိန်ရောင်ခြည်ကို ယူဆောင်သွားကြပါပြီ. . . အနုရာဓရဲ့ နန်းကျဘုရင်လည်း သေဆုံးသွားပါပြီ. . . အခု ဝိညာဉ်များကို လာစေသွားစေနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်း ယူဖို့အတွက် ရတနာဂီရိတောင်ကို ခရီးဆက်သွားကြပါပြီ သခင်မ. . .”

ထိုစကားကို ကြားသောအခါ ဘုရင်မ ဘရဏီ၏ မျက်နှာမှာ အနည်းငယ် ပျော့ပြောင်းသွားပြီး ကျေနပ်မှု အရိပ်အယောင်များ ပေါ်လာလေတော့သည်။

“သိဒ္ဓိဝင်ပစ္စည်းဟာ စကြာဝဠာအတွင်းမှာ ရှိတဲ့ နတ်ဒေဝတာတို့ထံ ခေတ္တရောက်နေတဲ့ စိတြဘုရင်ရဲ့ ဝိညာဉ်ကို ပြန်လာအောင် စွမ်းဆောင်နိုင်ပါတယ်. . . သိဒ္ဓိဝင်ပစ္စည်း ရလာပြီးတဲ့နောက်မှာ စိတြဘုရင်ရဲ့ဝိညာဉ်ကို ပြန်ခေါ်ပြီး အနုရာဓ မျိုးဆက်သွေးနဲ့ သွန်းလောင်းချတဲ့အခါ စိတြဘုရင်ဟာ လူသားဘဝကို ပြန်ရောက်လာတော့မှာပါ. . .”

အနုရာဓ မျိုးဆက်သွေး ရှိသူမှာ အကျဉ်းစံ မင်းသမီးလေး ကေသရီပင် ဖြစ်၏။ ကေသရီ၏ လည်ချောင်းသွေးကို ယူရန်အတွက် သူမကို အကျဉ်းစံဘဝဖြင့် ထားကြခြင်း ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကောင်းပြီလေ. . . သင့်ရဲ့ မှော်ပညာ. . . နက္ခတ်ပညာ အစွမ်းတွေနဲ့ မောင်တော် စိတြ အသက်ပြန်ရှင်လာတဲ့အခါ နက္ခတ်ဆရာကြီးကို အနုရာဓရဲ့ သက်တော်ရှည် ဆရာကြီး အဖြစ် သူကောင်းပြုပါ့မယ်"

"ကောင်းလှပါပြီ သခင်မ"

ထို့နောက်. . . ဘုရင်မ ဘရဏီသည် နက္ခတ်တာရာမျှော်စင်မှ ပြန်လည် ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ နက္ခတ်ဆရာကြီးမှာ သက်ပြင်းချနိုင်လေတော့သည်။ သူသည် ကောင်းကင်ပြင်၌ ထွန်းလင်းတောက်ပလျက် ရှိသော နက္ခတ်တာရာများကို ထပ်မံ မော့ကြည့်ပြီးနောက် ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက်သည်။

"ကောင်းကင်က နက္ခတ်တာရာတွေ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကံကြမ္မာ အပြောင်းအလဲတွေ. . . နက္ခတ်တာရာတွေကို စောင့်ရှောက်တော်မူတဲ့ နတ်ဒေဝတာတို့ရဲ့ အလိုတော်ဆန္ဒကို ဘယ်သူကမှ လွန်ဆန်လို့ မရနိုင်ပါဘူး သခင်မရယ်"

ဟု တိုးညှင်းစွာ ရေရွတ်လိုက်လေသည်။

...ဖအနဖ...





## အခန်း (၁၀)

# ကံကြမ္မာနှင့် ဆန်းကြယ်မှုများ

ညသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ အနုရာဓ တစ်မြို့လုံးမှာလည်း အမှောင်ထုအောက်မှာ တိတ်ဆိတ်ငြိမ်သက်နေသလို အနုရာဓ နန်းဆောင်ကြီး တစ်ခုလုံးမှာလည်း တိတ်ဆိတ် ငြိမ်သက်စွာ ရှိနေသည်။ ကောင်းကင်ပြင်မှာ လရောင်မရှိသော်လည်း နက္ခတ်တာရာများကတော့ စုံလင်စွာ ထွန်းလင်း တောက်ပလျက် ရှိနေသည်။

အသဝနီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုနဗ္ဗုသျှ၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ ပြုဗ္ဗာဖလဂုနီ၊



www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာဖလဂုနီ၊ ဟဿတ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာသာဋ်၊ ဥတ္တရာသာဋ်၊ သရဝဏ်၊ ဓနသိဒ္ဓိ၊ သတဘိသျှ၊ ပြုဗ္ဗာဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်၊ ရေဝတီ အစရှိသော နက္ခတ်(၂၇)လုံးတို့သည် လည်းကောင်း. . .၊ တေဇောနက္ခတ်၊ ဝါယောနက္ခတ်၊ အာပေါနက္ခတ်၊ ပထဝီနက္ခတ် စသည့် ဓါတ်လေးပါးတို့အား ကိုယ်စားပြုကြသည့် နက္ခတ်တို့သည် လည်းကောင်း. . .

ကာကောစ . . . ကျီးတာရာသည် လည်းကောင်း၊
ဟံသာစ . . . ဟင်္သာတာရာသည် လည်းကောင်း၊
ကက္ကဋ္ဌာစ . . . ပုစွန်တာရာသည် လည်းကောင်း၊
တူလာစ . . . ချိန်တာရာသည် လည်းကောင်း၊
နုဋ္ဌာစ . . . ဆံကျင်တာရာသည် လည်းကောင်း၊
ကေဝဋ္ဌာစ . . . တံငါတာရာသည် လည်းကောင်း၊
အတ္တိစ . . . ဆင်တာရာသည် လည်းကောင်း၊
အဿစ . . . မြင်းတာရာသည် လည်းကောင်း၊
ဗကပိစ . . . မျှင်းတာရာ အစရှိသော (၉)လုံးသော

တာရာတို့သည် လည်းကောင်း၊ ကောင်းကင် တခွင်တပြင်နေရာ အနှံ့အပြားတို့တွင် သူ့နေရာနှင့်သူ ထွန်းလင်းတောက်ပလျက် ရှိနေကြသည်။

ထိုအချိန်၌ အနုရာဓ နန်းတော်၏ အတွင်းခန်း၊ အ





ရှေ့ဘက် အဆောင်အတွင်း၌ လူတစ်ယောက် ရှိနေသည်။ ထိုသူကား အခြားမဟုတ်ပေ. . .။ အနုရာဓ ဘုရင်မ ဘရဏီပင် ဖြစ်ပေသည်။

ဘရဏီသည် အနက်ရောင် ဝတ်ရုံကြီးကို တစ်ကိုယ်လုံး ဝတ်ဆင်ထားလျက် အနီရောင် ပတ္တမြား နဖူးစည်းကို ဦးခေါင်းမှာ စည်းထားလေသည်။ ထိုပတ္တမြား နဖူးစည်း၌ ပါးပျဉ်းထောင်နေသည့် မြွေရုပ်တစ်ရုပ် ပါသည်။ မြွေ၏ မျက်လုံးပေါက်နေရာမှာ ပတ္တမြားလုံးကလေးများ ထည့်ထားသောကြောင့် အသက်ရှိနေသော မြွေတစ်ကောင်နှင့် တူလှပေသည်။

ဘရဏီသည် စိတြဘုရင်အလောင်းထည့်ထားသော ကျောက်တလားကြီး နံဘေးမှာ ရပ်နေလေသည်။ ထိုနေရာတွင် အတန်ကြာအောင် ရပ်တန့်ပြီး လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ရာ တဖြည်းဖြည်း ကျောက်တလား အဖုံးကြီး ပွင့်လာတော့သည်။ ကျောက်တလားထဲ၌ ဆေးရည်စိမ်ထားသော အလောင်းမှာ လူတစ်ယောက် အိပ်နေသကဲ့သို့ ရှိလေသည်။

ထို့နောက်. . .

ဘရဏီသည် ကျောက်တလားကြီး ခေါင်းရင်းဘက်၌ ရှိသော စင်ပေါ်တွင် အလင်းတိုင်နှင့် နံ့သာတိုင်များ မီးထွန်းလိုက်သောအခါ အခန်းတွင်း၌ အလင်းရောင်များ ရပြီး



www.burmeseclassic.com

www.burmeseclassic.com



အမွေးရနံ့များက ပျံ့နှံ့လာလေတော့သည်။

ထို့နောက် ကျောက်တလားကြီး ခေါင်းရင်းဘက် တစ်နေရာတွင် အနီရောင် ပန်းတစ်ပွင့်ကို စိုက်ပြီး ဂါထာ မန္တာန်များ ရွတ်ဖတ်လေတော့သည်။ ထိုသို့ ရွတ်ဖတ်လိုက် သောအခါ စောစောပိုင်း ကြည်လင်နေသော ကောင်းကင်ပြင် တစ်ခုလုံး မှုန်မှိုင်းလာသည်။ နန်းတော်ဆောင် အနီးတဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းလာကာ မည်းမှောင်လာလေတော့ သည်။

တဆက်တည်း အပြင်ဘက်မှာ လေပြင်း တိုက်ခတ် သံများ ပေါ်လာပြီး ခန်းမဆောင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။ အဝေးမှ အော်ဟစ်လိုက်သော အ သံများ၊ လူငိုးသလိုလို၊ ငိုသံလိုလို အက်ကွဲသော အသံမျိုးစုံတို့ ပေါ်ထွက်လာသည်။

ထို့အတူ ကျောက်တလားအတွင်း၌ ငြိမ်သက်နေ သည့် စိတြ၏အလောင်းမှာလည်း လှုပ်ရှားစ ပြုလာချေပြီ။ ထိုအခိုက်မှာပင် အခန်းထဲသို့ နက္ခတ်ဆရာကြီး ဝေမနိ အပြေး အလွှား ဝင်ရောက်လာသည်။

"သခင်မ သခင်မ သတိထားတော်မူပါ။ မသင့်လျော် သေးပါ ဘုရား၊ သည်းခံတော်မူပါ သည်းခံတော်မူပါ"

ဟု အော်ဟစ် တောင်းပန်လေသည်။ ထိုအသံ





ကြောင့် ဘုရင်မ ဘရဏီလည်း ရွတ်ဆိုလက်စ ဂါထာမန္တာန် များကို ရပ်တန့်လိုက်ပြီး နက္ခတ်ဆရာကြီးအား လွန်စွာ ဒေါသ ဖြစ်သော အမူအယာဖြင့် ကြည့်လိုက်သည်။

"ငါ့အလုပ်ကို ဒီလိုပဲ နှောင့်ယှက်ဝံ့သလား၊ ဇက် ကောင်းလို့ ခါးတောင်းတာပေါ့လေ၊ ဟုတ်လား"

ဟု ဘုရင်မ အသံက တိတ်ဆိတ် ငြိမ်သက်နေသော အခန်းထဲမှာ ဟိန်းထွက်သွားလေသည်။

"ထားရင်လည်း နေ၊ သတ်ရင်လည်း အသေခံဝံ့ပါ တယ် သခင်မ၊ မသင့်လို့ တားရခြင်း ဖြစ်ပါတယ်၊ အခုအချိန် မှာ စိတြဘုရင်ရဲ့ ဝိညာဉ်ကို ပြန်ခေါ်လို့ မရသေးပါဘူး၊ သူ့ရဲ့ နက္ခတ်အချိန် မကျရောက်သေးပါဘူး၊ အခုအချိန်မှာ ဝိညာဉ် ခေါ်ယူရင် စိတြဘုရင်ရဲ့ဝိညာဉ် မလာနိုင်သေးဘဲ အခြား ဝိညာဉ်တွေရဲ့ ဝင်ရောက် ပူးကပ် နှောင့်ယှက်ခြင်း၊ လှည့်စား ခြင်းကိုသာ ခံရပါလိမ့်မယ် သခင်မ၊ ဒီအချိန်မှာ စိတြနက္ခတ် ဟာ ရောဟဏီ နက္ခတ်နဲ့ လစန္ဒာရဲ့ အထက်နားကို ရောက် နေတဲ့အချိန် ဖြစ်ပါတယ်၊ ဒီအချိန်မှာ ဝိညာဉ်ခေါ်ရင် ပျက်စီး ပါလိမ့်မယ် သခင်မ"

ဟု ရဲဝံ့စွာ ပြောပြလေသည်။ ထိုအခါမှ ဘုရင်မ ဘရဏီမှာ စိတ်ကို လျှော့ချလိုက်ဟန်ဖြင့် မလှမ်းမကမ်းရှိ သလွန်ပေါ်သို့ ထိုင်ချလိုက်လေသည်။ ထိုအခါ နက္ခတ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဘုရင်မအနီးသို့ သွားကာ. . .

"သခင်မ နက္ခတ်တာရာတွေကို စောင့်ရှောက်တော်မူတဲ့ နတ်ဒေဝတာတွေကို လှည့်စား၍ မရနိုင်ကောင်းပါ။ ဝိညာဉ်တို့နှင့် ဆက်သွယ်သောအခါ အချိန်အခါကို သုညည်းခံ စောင့်ဆိုင်းရန် အရေးကြီးလှပါတယ်"

ဟု ပြောပြလေသည်။

"နက္ခတ်ဆရာကြီး. . . စိတြနက္ခတ်အကြောင်းကို သခင်မ သိချင်တယ်"

ထိုအခါ နက္ခတ်ဆရာကြီး ဝေမနိက ကောင်းကင်တစ်နေရာသို့ လက်ညှိုးညွှန်ပြကာ. . .

"စိတြနက္ခတ်မှာ တုဋ္ဌောစိတြနက္ခတ် စိတ္တောဝိတြနက္ခတ်၊ ဂါထာချော စိတြနက္ခတ် ဆိုပြီး ပရိယာယ်သုံးမျိုး ရှိကြောင်းကို ရာဇမတ္တဏ်ကျမ်းမှာ ရေးသား ညွှန်ပြထားပါတယ် သခင်မ"

"တစ္ဆေကသတိသတ္တာ ဆိုတဲ့ ပုဒ်အရ သစ်ရွှေ လက်သမားနဲ့ သဏ္ဌာန်တူပါတယ်၊ စိတြနက္ခတ်ရဲ့ သဘော စွမ်းပကားကတော့ ဆန်းကြယ်သောအကျိုးကို ပေးတတ်ပါတယ်"

နက္ခတ်ဆရာကြီးစကားကို ဘုရင်မက စိတ်ဝင်စားစွာ နားထောင်နေသည်။

"စိတြနက္ခတ်နဲ့ စန်းယှဉ်ပြီး ဖွားမြင်သူတွေဟာ ဆန်း





ကြယ်သော အဖြစ်အပျက်တို့နဲ့ ကြုံတွေ့ရပါတယ်၊ တစ်လုံးတည်း ရှိတဲ့ နက္ခတ်ဖြစ်ပြီး နှလုံးသဏ္ဌာန်၊ ပုလဲလုံးသဏ္ဌာန်၊ ပတ္တမြားသဏ္ဌာန်၊ မှန်ကူသီးသဏ္ဌာန်၊ ကောကျားသဏ္ဌာန် ရှိတယ်လို့ အမျိုးမျိုး ရှုမြင်နိုင်ပါတယ်၊ ဂြိုဟသုတ္တိကျမ်းမှာ စိတြနက္ခတ်ကို ကုဋ္ဌနတ်မင်း အစိုးရကြောင်း ပြဆိုထားပါတယ်၊ ရာဇာမတ္တဏ် မူဟောင်းကျမ်းမှာတော့ တမနတ်မင်း စောင့်ရှောက်တယ်လို့ ဖော်ပြထားပါတယ် သခင်မ"

ဝေမနိက နက္ခတ်ဆရာကြီးပီပီ ကျွမ်းကျင်ပိုင်နိုင်စွာ ရှင်းပြလေသည်။

"အင်း. . . ဆက်ပြောပါဦး နက္ခတ်ဆရာကြီး"

"စိတြနက္ခတ်နဲ့ စန်းယှဉ်ပြီး မွေးဖွားသူတွေဟာ သူရူပညာဝါ အဆင်းလှပြီး ပညာရှိပါတယ်၊ ကိတ္တိ ကျေးဇူးသတင်းကျော်ဇောခြင်းလည်း ရှိပါတယ်၊ သေဆုံးတဲ့အခါမှာ ဘေးဆိုးတစ်ခုနဲ့ ကြုံရတတ်ပါတယ် သခင်မ"

"အင်း သင့်ရဲ့ နက္ခတ်ပညာကို သဘောကျပါတယ်၊ သခင်မရဲ့ နက္ခတ်အကြောင်းကိုလည်း သိလိုသေးတယ်"

"ဘရဏီ နက္ခတ်ဆိုတာ ယမသဒိသတ္တာ သဗ္ဗတြဘရဏီတိ ဆိုပြီး ကျမ်းများမှာ ဖော်ပြထားပါတယ်၊ ယမသဒိသတ္တာ ယမမင်းနှင့် တူသည်ဖြစ်ပြီး အလုံးစုံ နှံ့စပ် ကျွမ်းကျင်သောကြောင့် ဘရဏီ ဘရဏီ မည်၏လို့ ဆိုပါတယ်၊ သ



www.burmeseclassic.com

www.burmeseclassic.com



သော အမိပ္ပါယ်ကတော့ လောကရဲ့ အကျိုးအကြောင်း မှန်သမျှကို နှံ့စပ် ကျွမ်းကျင်စွာ သိတော်မူနိုင်ပါတယ် သခင်မ. . ."

ထိုစကားကြောင့် ဘုရင်မ မျက်နှာပေါ်မှာ ကျေနပ်မှုအရိပ်အယောင်များ သမ်းသွားလေသည်။

"ဘရဏီ နက္ခတ်ရဲ့ အလုံးရေမှာ သုံးလုံးဖြစ်ပြီး မီးဖိုခုံလောက်သဏ္ဍာန် သုံးပွင့်ဆိုင် တည်ရှိပါတယ်၊ ဘရဏီဆိုတဲ့ ပရိယာယ်က ယာမမင်းရဲ့ ပရိယာယ်ပုဒ် ဖြစ်ပါတယ်။ ဒါကြောင့် ဘရဏီ နက္ခတ်ကို ယမမင်းက အစိုးရပါတယ်။ ဘရဏီ နက္ခတ် စန်းယှဉ်ပြီး ဖွားမြင်လာသူတွေဟာ ငယ်စဉ်အခါကပင် ရာဇဟေသာတိ မင်းမျိုးမင်းနွယ် ဖြစ်ကြပါတယ်"

"သခင်မရဲ့ နောက်ဆုံးအချိန်မှာ ဘယ်လို အန္တရာယ်မျိုးတွေနဲ့ ကြုံတွေ့ရဦးမလဲဆိုတာ ကြိုတင် ပြောပြပေးပါဦး နက္ခတ်ဆရာကြီး"

"သခင်မရဲ့ ကံကြမ္မာဟာ ရောဟဏီနက္ခတ်နဲ့ ပူးတဲ့အခါမှာ အခြားရန်သူ တစ်ဦးတစ်ယောက်ရဲ့ ပယောဂကြောင့် နောက်ဆုံးအချိန်ကို ရောက်ပါလိမ့်မယ် သခင်မ"

နက္ခတ်ဆရာကြီးက မဝံ့မရဲ လျှောက်တင်လေသည်။

"ငါလို အနုရာဓရဲ့ အရှင်သခင်တစ်ပါးကို ဘယ်လို ရန်သူမျိုးက ထိပါး စော်ကားဝံ့မှာလဲ၊ သင်းတို့ ဘယ်အရပ်မှာ ရှိသလဲ၊ အခုချက်ချင်း သွားရောက် ချေမှုန်းပစ်လိုက်နိုင်တယ်"





ဟု ဒေါသသံဖြင့် ပြောလိုက်လေသည်။

"သခင်မ ကံကြမ္မာဆိုတာ ကိုယ်က ရှာဖွေသော်လည်း မတွေ့ရနိုင်ပါ၊ သူက ရှာဖွေလာတဲ့အခါမှာ မတွေ့ချင်မဆုံချင်လို့ မရနိုင်ပါ။ ကောင်းသော ကံကြမ္မာပဲ ဖြစ်စေ၊ မကောင်းသော ကံကြမ္မာပဲ ဖြစ်စေ၊ လက်ခံကြရပါတယ်"

"ကောင်းပြီလေ၊ သင်ပြောတဲ့အချိန်မှာ ဟုတ်မဟုတ်ဆိုတာ စောင့်ကြည့်ရဦးမှာပေါ့၊ ဘယ်လို ကံကြမ္မာဆိုးတွေပဲလာလာ ရင်ဆိုင် တွန်းလှန်ပြီး မောင်တော် စိတြ အသက်ဝိညာဉ် ပြန်ရှင်လာအောင် ကြိုးစားရမယ်"


ဟု ပြောပြီး ပွင့်နေသော ကျောက်တလား အဖုံးကြီးအား ပြန်ပိတ်လိုက်ပြီးနောက် ခန်းမဆောင်အတွင်းမှ ပြန်လည် ထွက်ခွာသွားလေတော့သည်။ ထိုအခါ နက္ခတ်ဆရာကြီး ဝေမနိက တိုးတိုးလေး ရေရွတ်လိုက်လေသည်။

"သခင်မရဲ့ ဝိညာဉ်ကို ခေါ်ဆောင်ကြမယ့် ကံကြမ္မာဆိုးရဲ့ တမန်တော်တွေဟာ မကြာခင် အချိန်မှာ အနုရာဓကို ရောက်လာကြတော့မှာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

## သိဒ္ဓိဝင် ပြဒါးလုံးနှင့် ဝံပုလွေ မျိုးနွယ်များ

ကျော်စွာတို့ အဖွဲ့သည် လမ်းခရီး၌ ရုပ်ဖျက်ထားသော ရန်သူများနှင့် တိုက်ခိုက်ကြပြီး ရရှိကြသော ဒဏ်ရာများကို ဆေးကုသကာ အတန်ငယ် သက်သာသောအခါ ခရီးဆက်ကြလေသည်။

သူတို့ ဦးတည်သွားသော နေရာကား ဟိမဝန္တာတောင်၊ ခွန်လွန်တောင်နှင့် ကေလာသတောင်တို့ ပေါင်းဆုံရာနေရာ၌ ရှိသည့် 'ရတနာဂီရိ'တောင်ပင် ဖြစ်ပေသည်။

ဂုင်းတို့တွင် မြင်းကိုယ်စီ ပါကြသော်လည်း အချို့ နေ



www.burmeseclassic.com

www.burmeseclassic.com



ရာများတော့ မြင်းများကို ဆွဲပြီး ခြေလျင်ခရီး သွားရသည်လည်း ရှိကြပေသည်။ အချို့နေရာများတွင် ကျောက်တောင်ကျောက်ခါးပန်းများမှ ခက်ခက်ခဲခဲ သွားကြရသောအခါတွင် ကေသရီအား ရောဟဏီက ဖေးမ တွဲခေါ် သွားရသည်။ တကယ်ဆိုမူ. . . ထိုလမ်းခရီးတွင် ကေသရီအတွက် အဖော်အဖြစ် ရစေရန် ကံကြမ္မာတရားက ရောဟဏီအား ဖန်ဆင်းထည့်ပေးလိုက်သကဲ့သို့ ရှိနေတော့သည်။

သူတို့သည် တောအသွယ်သွယ် တောင်အထပ်ထပ် ရက်ပေါင်းကြာအောင် ခရီးဆက်ခဲ့ကြပြီးသည့်နောက်ဝယ် နောက်ဆုံးခရီး ဖြစ်သော ရတနာဂီရိတောင်သို့ ရောက်သွားကြလေတော့သည်။

ရတနာဂီရိတောင်သည် အတော်မြင့်၍ အလျားရှည်လှသည့် တောင်တစ်လုံး ဖြစ်သည်။ ထို့ပြင်. . . အထဲသို့ ဝင်ရန် အပေါက်ကြီးများလည်း ရှိပေသည်။ သူတို့သည် အတော်အတန် ကျယ်ဝန်းသော ဂူပေါက်ကြီးတစ်ပေါက်မှ အတွင်းသို့ ဝင်ကြလေသည်။ အတွင်း၌ ဝင်္ကပါ လမ်းများသဖွယ် ရှုပ်ထွေးလှပေသည်။ တကယ်ဆိုမူ ထိုမျှ များပြား ရှုပ်ထွေးလှသည့် လမ်းများကို သူတို့တတွေ ဘယ်လိုမှ မသိနိုင်ကြပေ. . .။

ထိုအခါ ကေသရီက. . .

"အတွင်းဘက်ကို ဝင်တဲ့လမ်းတွေ အများကြီး ရှိ





တယ်၊ မသိဘဲ ဝင်သွားရင် မြွေတွင်းနဲ့ ပဒူကျင်းတွေထဲ ကျသွားနိုင်တယ်၊ အဲဒီကျင်းတွေထဲ ကျသွားရင် ဘယ်လိုမှ အသက်မရှင်နိုင်ဘူး"

ဟု သတိပေးသည်။

"ကေသရီက ဘယ်လို သိနေတာလဲ"

"ကျွန်မ ဘယ်လို သိသလဲဆိုတာက အရေးမကြီးလှပါဘူး၊ ကျွန်မ ရှေ့က သွားတဲ့အတိုင်း နောက်က ဖြောင့်ဖြောင့် လိုက်ခဲ့ကြဖို့ အရေးကြီးပါတယ်"

ဟု ပြောလေသည်။

ထို့နောက်. . .

မီးတုတ်မီးတိုင်များ လုပ်ကာ အတွင်းသို့ စတင် ဝင်ကြလေသည်။ အတွင်းပိုင်းသို့ ရောက်သောအခါ မြွေတွင်းထဲမှ ပျားအုပ်များ ပျံသန်းနေသံများသော် လည်းကောင်း၊ မြွေတွန်သံ၊ နှာမှုတ်သံများကို နေရာအနှံ့အပြားဆီမှ ကြားရလေသည်။

မိန်းမလူစွမ်းကောင်း ရောဟဏီမှာ ယောကျာ်းများနှင့် သူသေကိုယ်သေ တိုက်ခိုက်ပုံသော်လည်း မြွေတွန်သံများ ကြားသောအခါ မျက်စိမျက်နှာ ပျက်နေတော့သည်။ ကျော်စွာတို့က ရောဟဏီ အဖြစ်ကို ကြည့်ပြီး မသိမသာ ပြုံးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပါပေ. . .။

အမှောင်ရိပ် ကျနေသောနေရာ ရောက်သောအခါ ဘယ်နေရာမှ ထွက်လာမှန်း မသိရသော မြွေတစ်ကောင်က သူကိုင်သော တုတ်ပေါ် တက်လာသဖြင့် တုတ်ကို လွှတ်ချကာ လူပုလေး မိတ္တနောက်ကို ပြေးကပ်လိုက်ကြလေသည်။ ထိုအခါ မြွေမကြောက်သော လူပုလေး မိတ္တက ထိုမြွေကို ဖယ်ရှားပြီး တုတ်ကို ရောဟဏီအား ပြန်ပေးလိုက်သည်။

တစ်နေရာသို့ ရောက်သောအခါ လူပုလေး မိတ္တမှာ ကျောက်တုံးတစ်တုံးအား ခလုတ်တိုက်ပြီး ဘေးသို့ ယိုင်ကျသွားလေရာ ထိုနေရာမှာ ပဒူကျင်း ဖြစ်သောကြောင့် ကျွံကျသွားသည်။

သို့သော်. . .

မိတ္တက ကျောက်စွန်းတစ်ခုကို ဖမ်းဆွဲလိုက်နိုင်သောကြောင့် အောက်သို့ မကျဘဲ တန်းလန်းကြီး ဖြစ်နေရာ ရောဟဏီက ၎င်းတုတ်ရှည်ကြီးအား လှမ်းပေးပြီး ဆွဲတင်လိုက်သည်။

"ကျေးဇူးပါပဲ ရောဟဏီရယ်၊ နင်သာ မကယ်ရင်တော့ ဒီအချိန်လောက်ဆိုရင် ပဒူကျင်းထဲမှာ အရိုးပဲ ကျန်တော့မယ်"

ထို့နောက်. . .





အကွေ့အကောက်နှင့် ကျောက်စွယ် ကျောက်ချွန်းများ ပေါသောလမ်းမှ အတွင်းသို့ ဝင်ခဲ့ကြလေသည်။ အတန်ကြာအောင် ဝင်ခဲ့ကြသောအခါ ကျောက်တံခါးချပ်ကြီးများဖြင့် ပိတ်ထားသည့် ဂူပေါက်ဝ တစ်နေရာသို့ ရောက်သွားကြလေသည်။ ပိတ်ထားသော ကျောက်ပြားချပ်ကြီးမှာ ထုထည်ကြီးမားလှသောကြောင့် အလွယ်တကူတော့ ဖွင့်လို့ရဟန်မတူချေ။

"ဒီကျောက်တံခါးချပ်တွေကို ဘယ်လို ဖွင့်မလဲ ကေသရီ"

"အပြင်က ဖွင့်ဖို့ ခလုတ်တော့ မရှိဘူး၊ အတွင်းမှာတော့ ဖွင့်လို့ပိတ်လို့ ရတဲ့ မောင်းခလုတ် ရှိတယ်၊ အတွင်းရောက်အောင် ဝင်ပြီး မောင်းခလုတ်ကို ဆွဲမှ အထဲကို ဝင်လို့ရမယ်. . ."

ကျော်စွာက ကျောက်တံခါးချပ်ကြီး ရှေ့မှာ ရပ်ပြီး မည်သို့မည်ပုံ ရအောင် ဖွင့်ရမည်ကို အကြံထုတ်နေသည်။ ထိုအခါ ပါဝဏက အနားရောက်လာပြီး. . .

"သခင်နဲ့ ကျုပ်မှာ ရှိတဲ့ အတွင်းစွမ်းအားကို အသုံးပြုပြီး ဖွင့်ရင် ရနိုင်မယ် ထင်တယ်"

ဟု ပြောသည်။

"အင်း. . . စမ်းကြည့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကျောက်တံခါးချပ်ကြီး တစ်ဖက် တစ်ချက်မှာ ရပ်ကာ အတွင်းစွမ်းအား သုံး၍ တံခါးချပ်ကြီး ကြွတက်လာရန် ကြိုးစားကြလေသည်။

နှစ်ယောက်စလုံး အတွင်းစွမ်းအား ကောင်းကြသူများမို့ ပြိုင်တူ ကြိုးစားကြည့်သောအခါ ကျောက်တံခါးချပ်ကြီးမှာ အနည်းငယ် လှုပ်လာသည်။

သို့သော်. . .

အပေါ်သို့ ကြွတက်မလာဘဲ တက်လာလိုက်၊ ပြုတ်ကျလာလိုက် ဖြစ်နေလေသည်။ တစ်ကြိမ်တွင် နှစ်ယောက်စလုံး နောက်သို့ ယိုင်ထွက်သွားသည်အထိ ပြင်းထန်လေသည်။

"ဒီကျောက်တံခါး မပွင့်မချင်း တို့တာဝန် ကျေမှာမဟုတ်ဘူး၊ ကဲ. . အစွမ်းကုန် ကြိုးစားလိုက်ကြရအောင်. ."

ဟု ပြောပြီး ပါဝဏက ရှေ့မှ ထိုင်၍ ကျောက်တံခါးချပ်ကို လက်ဝါးနှစ်ဖက်ဖြင့် ထိကပ်ထားသည်။ ကျော်စွာက ပါဝဏ ကျောဘက်မှ ထိုင်ပြီး ကျောကို လက်ဝါးနှစ်ဖက်ဖြင့် ကပ်ကာ နှစ်ယောက် စွမ်းအား သုံးသောအခါ ကျောက်တံခါးချပ်ကြီးမှာ လူတစ်ကိုယ် ဝင်သာလောက်အောင် ကြွတက်လာရာ သွက်လက်လှသော လူပုလေး မိတ္တက အတွင်းသို့ လှိမ့်ဝင်သွားလေသည်။





"မိတ္တ. . . လက်ဝဲဘက်မှာ မောင်းတံခလုတ် ရှိတယ်၊ အောက်ကို ဆွဲချလိုက်ပါ. . ."

ကေသရီက လှမ်းအော်ပြောသဖြင့် လူပုလေး မိတ္တက မောင်းတံခလုတ်ကို ရှာပြီး ဆွဲချလိုက်သည်။ ထိုအခါ ကျောက်တံခါးကြီးက တကျွိကျွိဖြင့် အပေါ်သို့ ကြွတက်သွားရာ ကျော်စွာနှင့် ပါဝဏတို့ နှစ်ယောက်စလုံးမှာ နောက်သို့ လန်ကျသွားလေတော့သည်။

ထိုအခါ ကေသရီနှင့် ရောဟဏီတို့က အလျင်အမြန် ပြုစုပေးကြရသည်။ ပြင်းထန်သော တွန်းကန်အားကြောင့် နှစ်ယောက်စလုံး ပါးစပ်မှ သွေးစသွေးနများပင် ထွက်နေလေသည်။ အတန်ကြာအောင် ပြုစုပေးမှ သတိပြန်ရလာသည်။

ထို့နောက်. . .

အားလုံး ဂူထဲသို့ ဝင်ကာ မောင်းတံကို ချ၍ ကျောက်တံခါးကို ပြန်ပိတ်ထားခဲ့လေသည်။ ဂူအတွင်းပိုင်း အလယ်လောက်တွင် ကွက်လပ်တစ်ခု ရှိပြီး ထိုကွက်လပ်၌ ကျောက်တိုင်တစ်တိုင် ရှိသည်။ ထိုကျောက်တိုင်၏ နောက်ဘက်မှာတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှသော လူမျက်နှာနှင့် တူလှသည့် ဂူကြီးတစ်လုံးကို တွေ့ကြရသည်။ မျက်လုံးပြူးပြူး နှာခေါင်းကြီးကြီး၊ ပါးစပ်ပြဲပြဲနှင့် ဖြစ်ပြီး ဂူပေါက်ဝကို ကျောက်သားများ စီကာ ပိတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ ထိုဂူတဝိုက်မှာ အလင်းရောင်များ ကောင်းစွာ ရနေခြင်းပင်. . .။ ထိုအလင်းရောင်များမှာ ဂူနံရံများမှ လာနေခြင်း ဖြစ်ပေသည်။ ထိုနေရာ ရောက်တော့ အားလုံး ရပ်လိုက်ကြသည်။

"အဲဒါ မိစ္ဆာဂူပဲ. . . ဂူထဲမှာ သိဒ္ဓိဝင်ပစ္စည်း ရှိတယ်" ဟု ကေသရီက ပြောသည်။

"ဒါပေမယ့် ဘယ်လို ယူမလဲ. . ."

"ဂူပေါက်ဝ ပွင့်အောင် အရင်လုပ်ရမယ်. . . အနုရာဓ စိန်ရောင်ခြည်ကို ပေးပါ. . ."

ထိုအခါ တပ်မှူး ဗျဂ္ဃက အိတ်ထဲမှ စိန်ရောင်ခြည်တုံးကို ထုတ်ကာ ကေသရီကို ပေးလိုက်သည်။ ကေသရီက စိန်ရောင်ခြည်ကို ယူပြီး ကွက်လပ်အတွင်းသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ဝင်သွားသည်။ ကျန်လူများကတော့ ရင်တမမဖြင့် စောင့်ကြည့်နေကြသည်။

ကွင်းလယ်ရှိ တိုင်အနီးသို့ ရောက်သောအခါ လက်ထဲမှ စိန်ရောင်ခြည်အား တိုင်ထိပ်ပေါ်သို့ တင်ပေးလိုက်သည်။ အလင်းရောင်များ ပျောက်သွားပြီး ဂူထဲမှာ မှောင်သွားလေသည်။ ခဏကြာတော့ အနုရာဓ စိန်ရောင်ခြည်မှ စူးရှတောက်ပသော အလင်းတန်းများ ဖြာထွက်လာလေသည်။

ထိုအလင်းတန်းများကြောင့် ဂူထဲမှာ ပြန်လင်းလာ





သည်။ အနုရာဓ စိန်ရောင်ခြည်မှ ဖြာထွက်လာသော အလင်းတန်းအချို့သည် လူမျက်နှာ ဂူပေါက်မှ အနီရောင် ထွက်နေသော မျက်လုံးနှစ်လုံးပေါ်သို့ ကျသွားလေရာ မျက်လုံးကြီးနှစ်လုံးမှာ တဖြည်းဖြည်း ပိတ်ကျသွားသည်။

ထိုအခါ စေ့ထားသော သွားကြီးများ ကွာတက်လာပြီး ဂူပေါက်ဝ ပွင့်လာလေတော့သည်။ ဂူပေါက်ဝ ပွင့်သည်နှင့် ထိုနေရာတဝိုက်၌ မီးတောက်မီးလျှံများ ထတောက်လာလေတော့သည်။ သူတို့သည် ကွင်းလယ်ကို ဖြတ်ကာ ဂူပေါက်ဝသို့ ရောက်အောင် သွားကြသည်။

ထို့နောက်. . .

အရဲစွန့်ကာ မီးတောက်များကို ဖြတ်၍ ပါးစပ်ပေါက်ထဲသို့ ဝင်ကြလေသည်။ ဂူအတွင်းပိုင်းမှာ အတော် ကျယ်ဝန်းပြီး အတွင်း တစ်နေရာရှိ ကျောက်ကလပ်ပေါ်မှာ အရောင်မျိုးစုံ ဝင်းလက်နေသော သိဒ္ဓိဝင် ပစ္စည်းအား တွေ့ကြရလေသည်။

"အဲဒါ ဝိညာဉ်တွေကို သွားစေ လာစေနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းပါပဲ. . ."

"ဒါ ရရင် ကျုပ်တို့ တာဝန်က ပြီးပြီ မဟုတ်လား"

"ဟုတ်တယ်. . . သိဒ္ဓိဝင်ပစ္စည်းကို ယူပြီးရင် အနုရာဓကို ပြန်ရုံပါပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဂူဝမှ ရှိသော မီးရောင်မှတဆင့် အရိပ်မည်းကြီးအချို့ ကျလာသည်ကိုတော့ သူတို့ သတိမပြုမိလိုက်ကြပေ။ ကေသရီက ထိုနေရာသို့ လျှောက်သွားကာ သိဒ္ဓိဝင်ပစ္စည်းကို ယူလိုက်သည်နှင့် တဖြည်းဖြည်းနှင့် အလင်းရောင်များ မှိန်ကျသွားပြီး ဂူထဲမှာ မှောင်သွားလေတော့သည်။

ထိုအခါ အပြင်ဘက်မှ အနုရာဓ စိန်ရောင်ခြည် အလင်းရောင်တို့ တဖြည်းဖြည်းနှင့် လျော့ကျလာသောကြောင့် ဂူပေါက်ဝမှာ တဖြည်းဖြည်း ပြန်လည် ပိတ်စ ပြုလာပြီဖြစ်၍ အထဲမှ အလျင်အမြန် ထွက်ကြရသည်။ နောက်ဆုံးမှ ထွက်ရသော ကျော်စွာပင်လျှင် သီသီကလေး လွတ်မြောက်သွားလေသည်။

ဂူအပြင်ဘက်သို့ ရောက်သောအခါ အရိပ်မည်းကြီးများက သူတို့ကို ဝိုင်းထားကြလေပြီ။ သည်တစ်ခါတော့ တပ်မှူး ဗျဂ္ဃပင် မျက်စိပျက် မျက်နှာပျက်လေသည်။ ကျော်စွာက သစ္စာပါလ ဓါးကို ကိုင်ပြီး ရှေ့သို့ တိုးသွားသည်။ ရန်သူများက သစ္စာပါလ ဓါးကို မြင်သောအခါ နောက်သို့ အနည်းငယ် ဆုတ်သွားကြသည်။

"သင်တို့ ဘယ်သူတွေလဲ"

"ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ သိဖို့လည်း မလိုဘူး၊ သိလို့လည်း အကြောင်းမထူးပါဘူး၊ ဒါပေမယ့် သင်တို့ကို





တော့ ကျေးဇူးတင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ ဒီမိစ္ဆာဂူပေါက်ဝကို ဖွင့်ဖို့ ကြိုးစားခဲ့တာ နှစ်ပေါင်း အတော်ကြာပြီ မရခဲ့ဘူး၊ အခု သင်တို့ ရောက်လာမှပဲ ပွင့်ပေတော့တယ်"

"ဘာအတွက်လဲ"

"ဘာအတွက်လဲဆိုတော့ တခြားတော့ မဟုတ်ပါဘူး၊ အခု သင်တို့ ယူလာတဲ့ သိဒ္ဓိဝင် ပြဒါးရှင်လုံးကို ယူဖို့အတွက်ပဲပေါ့"

"အခု ကျုပ်တို့ ပိုင်ဆိုင်သွားပြီဆိုတော့ လမ်းဖယ်ပေးပါ"

"မဖယ်နိုင်ဘူး၊ ဒီပစ္စည်းကို ရဖို့ နှစ်ပေါင်းများစွာကတည်းက ကြိုးစားလာခဲ့ကြတာ၊ ကျုပ်တို့ကို ပေးခဲ့ပါ"

"ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး၊ အနုရာဓဘုရင်အတွက် ဒီပစ္စည်းကို ရအောင် လာယူခြင်း ဖြစ်တယ်၊ လမ်းဖယ်ပေးကြပါ"

"ဒီလူယုတ်မာ လက်ထဲကို ဒီပစ္စည်း ရောက်လို့ မဖြစ်ဘူး၊ သင်တို့ အသာတကြည် မပေးရင် အသက်နဲ့ လဲဖို့သာ ပြင်ကြပေတော့"

"ကိုင်း. . . အစွမ်းရှိသမျှ ရအောင် ယူကြပေတော့"

ကျော်စွာကတော့ ရှေ့သို့ ခုန်တက်သွားပြီး အနီးဆုံး ရန်သူတစ်ယောက်ကို ဓါးဖြင့် ပိုင်းချလိုက်သည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျန်သူများကလည်း မိမိတို့နှင့် နီးသော ရန်သူများအား ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။ ဓါးသံ၊ လှံသံ၊ အော်ဟစ်သံ၊ ကြိမ်းမောင်းသံ၊ နာကျည်းစွာ ထွက်ပေါ်လာလေတော့သည်။

ရန်သူများမှာ အဝတ်နက်ကြီးများ ဝတ်ရုံထားကြရာ အနီးကပ် တိုက်ခိုက်မှ ၎င်းတို့မျက်နှာကို တစွန်းတစ မြင်တွေ့ရသောအခါ များစွာ အံ့သြကြရလေသည်။ ၎င်းတို့မှာ ဝံပုလွေမျက်နှာနှင့် လူများ ဖြစ်နေလေတော့သည်။

ကြောက်မက်ဖွယ် ကောင်းလှသော ဝံပုလွေမျက်နှာနှင့် လူများက ကေသရီထံမှ သိဒ္ဓိဝင် ပြဒါးလုံးကို ရရန် တရကြမ်း ဝင်ရောက် တိုက်ခိုက်ကြရာ ကေသရီအား လူပုလေး မိတ္တနှင့် ရောဟဏီတို့က အစွမ်းကုန် ကာကွယ်ပေးနေသည်။ ထိုသို့ တိုက်ခိုက်နေရင်း ပါဝဏက လှမ်းပြောသည်။

"အဲဒါ တိဗက်မြောက်ပိုင်းဘက်က လူဝံပုလွေမျိုးတွေပဲ သခင်၊ သူတို့က သိဒ္ဓိဝင်ပစ္စည်း ရရင် သူတို့ရဲ့ ဝံပုလွေမျက်နှာတွေကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေကြတာ၊ နောက်ပြီး သူတို့မှာ လျှို့ဝှက်တဲ့ အဆိပ်လက်မည်းတွေ ရှိပါတယ်၊ သတိထားကြပါ"

ဟု တိုက်ခိုက်ရင်းမှ အော်ဟစ် သတိပေးလေသည်။ ဝံပုလွေ လူသားများက ကေသရီအနီးသို့ ကပ်ရန် ကြိုးစားကြ





သော်လည်း လူပုလေး မိတ္တ၏ သွက်သော ဓါးချက်များနှင့် ရောဟဏီ၏ တိုက်ချက်များကြောင့် ဘယ်လိုမှ မကပ်နိုင်ကြပေ။

ပါဝဏကလည်း အတွင်းစွမ်းအားနှင့် ရှောင်လင်ပညာများ ကျွမ်းကျင်သောကြောင့် စိတ်ချရသလို တပ်မှူးဗျူဟကလည်း တိုက်ပွဲအတွေ့အကြုံ ရှိကာ တိုက်ခိုက်ရေးကျွမ်းကျင်သူမို့ ၎င်း၏ရဲဒင်းချက်များကလည်း ထိရောက်လှပေသည်။ တစ်ကြိမ်မှာတော့ ရန်သူများက သိဒ္ဓိပြဒါးလုံးကို ရယူရန် အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက်ကြရာ ရောဟဏီနှင့် လူပုလေး မိတ္တတို့က အလူးအလဲ ခုခံ ကာကွယ်ကြရလေသည်။

ထိုအခိုက်မှာပင် အနုရာဓ စိန်ရောင်ခြည်မှ အလင်းရောင်များ ဖြာထွက်လာပြန်ရာ မိစ္ဆာဂူပေါက်ဝက ပြန်ပွင့်လာပြန်လေသည်။ ထိုအခါ ကေသရီက. . .

"အစ်ကို. . . ကျွန်မတို့ မိစ္ဆာဂူထဲကို အမြန်ဝင်ကြမှ ဖြစ်မယ်၊ အဲဒီအထဲကနေ အပြင်ကို ထွက်တဲ့ လျှို့ဝှက်လမ်းတွေ ရှိတယ်"

ဟု ပြောလေသည်။

"ဒါဖြင့် ကေသရီတို့ အရင် ဝင်နှင့်ကြပေတော့၊ ကိုယ်တို့ နောက်မှ ဝင်လိုက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ စိန်ရောင်ခြည်ကို ယူရဦးမယ်၊ စိန်ရောင်ခြည် ရှိနေသမျှ ဂူပေါက်ဝက ပြန်ပွင့်လာမှာပေါ့"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကေသရီ စိန်ရောင်ခြည်ကို ဖြုတ်ပေတော့၊ ဘေးနားက ကိုယ်တို့ ကာကွယ်ပေးထားမယ်"

ဟု ပြောကာ ကေသရီကို အလယ်မှာ ထားပြီး စိန်ရောင်ခြည် ရှိရာသို့ သွားပြီးနောက် အနုရာဓ စိန်ရောင်ခြည်ကို ဖြုတ်ယူလိုက်ရာ ဂူထဲမှာ မှောင်သွားပြီး မိစ္ဆာဂူတံခါးကလည်း ပြန်ကျလာလေပြီ. . .။

သူတို့တတွေသည် ရန်သူများကို ထိုးဖောက်၍ ဂူပေါက်သို့ ရောက်အောင် သွားကာ တစ်ယောက်ပြီး တစ်ယောက် အထဲသို့ ဝင်သွားကြရာ အပြင်မှာ ကျော်စွာ တစ်ယောက်သာ ကျန်ခဲ့လေတော့သည်။

ရန်သူများက ဂူထဲသို့ ဝင်လိုက်ရန် ကြိုးစားကြသော်လည်း ကျော်စွာ ရှိနေသောကြောင့် ဝင်မရဘဲ ရှိနေရာ ကျော်စွာကိုပင် ဝိုင်းဝန်း တိုက်ခိုက်ကြလေတော့သည်။ ထိုအခါ ဂူထဲမှ ကေသရီ အသံ ပေါ်ထွက်လာသည်။

"အစ်ကို အထဲကို ဝင်တော့၊ ဂူပေါက်ဝ ပိတ်တော့မယ်"

ဟု အော်သံကြားသဖြင့် လှည့်ကြည့်လိုက်တော့ လူတစ်ကိုယ်စာ ဝင်သာရုံကလေးသာ ကျန်တော့သည်ကို တွေ့





ရသဖြင့် အနားမှ ရန်သူများကို ရှင်းလင်း သုတ်သင်ပြီး အထဲသို့ လှိမ့်ဝင်လိုက်သည်။

သူ အထဲရောက်ပြီး မရှေးမနှောင်းမှာပင် တံခါးက ဂျိုင်းကနဲ ပိတ်သွားလေတော့သည်။ အထဲရောက်မှ အနည်းငယ် နားခွင့်ရတော့သည်။ ဒါတောင် အပြင်ဘက်မှ တံခါးကို ဖွင့်ဖို့ နည်းအမျိုးမျိုး ကြိုးစားနေကြလေသည်။

"သူတို့ အနုရာဓ စိန်ရောင်ခြည် မရှိဘဲ ဒီတံခါးကို ဖွင့်ဖို့ ဘယ်လိုမှ တတ်နိုင်ကြတော့မှာ မဟုတ်ဘူး၊ သွားကြစို့ရဲ့"

ဟု ပြောကာ ဂူအတွင်းဘက်သို့ ဝင်လာခဲ့ကြလေတော့သည်။

...၉၈၈၉...



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

# ဗျူဂွ၏ အကြံအစည်

ဂူအတွင်းပိုင်းရှိ ကျယ်ဝန်းသော တစ်နေရာသို့ ရောက်သောအခါ ခေတ္တနားကြပြီး ရရှိလာသော ဒဏ်ရာများကို ပါဝဏ္ဍ ပါလာသော ဆေးဝါးများဖြင့် ကုသကြရလေသည်။ ကျော်စွာနှင့် ပါဝဏတို့က ကုန်ဆုံးသွားသော စွမ်းအားများကို ပြန်လည် ဖြည့်ဆည်းကြရသည်။

ဗျူဂွကတော့ ဘုရင်မ တာဝန်ပေးလိုက်သည့် ခက်ခဲလှသော ထာဝန်ဝတ္တရားတစ်ခု အောင်မြင်တော့မည်မို့ ကျေနပ် ဝမ်းမြောက်နေဟန် ရှိသည်။ ဘုရင်မ ချီးမြှင့်မည့် ဆုတော်လာဘ်တော်များအပြင် သူနှင့် ထိုက်တန်သော ရာထူးလည်း မလွဲမသွေ ရရှိတော့မည် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဒီသိဒ္ဓိဝင် ပြဒါးလုံးက မိစ္ဆာဂူထဲမှာ ဘယ်သူ ထားခဲ့တာလဲဟင်"

ကျော်စွာက မေးလိုက်သည်။

"ဒီသိဒ္ဓိဝင်ပစ္စည်းက မရဏ ရေအိုင်ထဲမှာ သေဆုံးသွားတဲ့ မှော်စွမ်းအားရှင်ရဲ့ ပစ္စည်းပါ၊ ဒီပစ္စည်းကို ရမှ အဝေးရောက်နေတဲ့ စိတြာဘုရင်ရဲ့ ဝိညာဉ်ကို ပြန်ခေါ်လို့ ရမှာမို့ အခုလို မရမနေ ရှာဖွေယူကြရတာပါ"

ကေသရီမှာ ယခုအချိန်ထိ မရဏ ရေအိုင်ကြီးထဲမှာ သေဆုံးသွားသည့် မှော်စွမ်းအားရှင်မှာ အနုရာဓ၏ နန်းကျဘုရင် သူမ၏ ဖခင်ဖြစ်ကြောင်း မသိရှာသေးပေ။ ကျော်စွာ စိတ်ထဲမှာတော့ . .

"သနားစရာ ကောင်းလိုက်တဲ့ ကေသရီရယ်၊ စိတြာဘုရင် အသက်ပြန်ရှင်လာတဲ့အခါမှာ အနုရာဓ မျိုးဆက်သွေးဖြစ်တဲ့ မင်းကို ဘယ်လိုမှ အသက်ရှင်ခွင့် ပေးတော့မှာ မဟုတ်ကြဘူး၊ ဒါတွေကို မင်း မသိသေးပါလားကွယ်"

ဟု စိတ်မချမ်းမြေ့စွာ ရေရွတ်လိုက်လေသည်။ ထို့နောက် အတန်ငယ် နားကြပြီးနောက် ခရီးဆက်ကြပြန်လေသည်။ အတွင်းပိုင်းရှိ ဂူလမ်းများမှာ ဝက်ပါလမ်းများသဖွယ် ရှုပ်ထွေးလှပြီး အချို့နေရာများမှာ ကျဉ်းမြောင်းလှသလို အချို့နေရာများမှာ မြွေတစ်ကောင်လို လူးလွန့်သွားကြရသည်များ





လည်း ရှိပေသည်။

တပ်မှူး ဗျဂ္ဃက အကြံအစည် ရှိသူပီပီ ကေသရီကို ခေါ်ပြီး ရှေ့ဆုံးမှ သွားလေသည်။ ကျော်စွာတို့မှာ စမ်းတဝါးဝါး လိုက်ကြရသောကြောင့် မှောင်နေသည့်ဂူထဲမှာ နောက်ဖက်မှာ အတော်ဝေးဝေး ကျန်ရစ်ခဲ့ကြသည်။

တစ်နေရာသို့ ရောက်သောအခါ ကေသရီက ရှေ့မှ တက်သွားပြီးနောက်တွင် ကျန်နေသော တပ်မှူး ဗျဂ္ဃက ကျောက်စွန်းပေါ်မှာ တင်နေသည့် ကျောက်တုံး ကျောက်ခဲများအား ရဲဒင်းဖြင့် ခုတ်ချလိုက်ရာ တဝေါဝေါနှင့် ပြုတ်ကျလာပြီး လမ်းပိတ်သွားလေတော့သည်။

"ဗျဂ္ဃ ဘာလုပ်တာလဲ၊ ဒီလိုလုပ်တော့ နောက်က လူတွေ ဘယ်လို ထွက်နိုင်တော့မှာလဲ"

ကေသရီက စိုးရိမ်တကြီးနှင့် လှမ်းအော်ပြောသည်။ ဗျဂ္ဃက ဘာမှပြန်မပြောဘဲ နောက်ထပ် ကျောက်တုံးကြီးများကိုပင် ထပ်မံ ခုတ်ချလိုက်ပြီးမှ . . .

"ဘုရင်မ အမိန့်တော်အတိုင်း အခုလို ဆောင်ရွက်ရတာ ခွင့်လွှတ်တော်မူပါ"

ဟု ပြန်ပြောလေသည်။

"ရှင်တို့ အတော် ယုတ်မာ ရက်စက်ကြပါလား"

"ကျုပ်တို့က အနုရာဓ ဘုရင်မရဲ့ အမိန့်တော်အခုကို



www.burmeseclassic.com

www.burmeseclassic.com



ပဲ နာခံရမယ့်သူတွေပါ၊ သိဒ္ဓိဝင် ပြဒါးလုံးကို ရဖို့အတွက်သာ သူတို့ကို အသုံးချရတာပါ၊ အခု ကျုပ်တို့ လိုချင်တဲ့ပစ္စည်းကို ရပြီဆိုတော့ သူတို့ကို အလိုမရှိတော့ပါ"

ကေသရီခဗျာ ဘာမှ မတတ်သာတော့ဘဲ ဗျူဟ ခေါ်ဆောင်ရာနောက်သို့ ပါသွားလေတော့သည်။ အမှောင်ဖုံးနေသည့် ဂူလမ်းကြောင်းတစ်ခုထဲမှာတော့ ကျော်စွာတို့ လေးယောက်မှာ လမ်းပေါက် ပိတ်နေကြပြီ ဖြစ်သည်။ လမ်းပျောက်နေရသည့်အထဲ လေဝင်ပေါက်ပါ ပိတ်သွားသောကြောင့် အသက်ရှူဖို့ရန်ပင် ခက်ခဲလာသည်။

သို့ကြောင့် နောက်ဖက်သို့ ပြန်ထွက်ကြသည်။ အခြား လမ်းများကို သွားပြန်တော့လည်း ရှေ့သို့ ဆက်သွား၍ မရဘဲ လမ်းပိတ်နေသည်ချည်း ဖြစ်သည်။ ကျော်စွာမှာ အသက်ဘေး အန္တရာယ်များနှင့် ရင်ဆိုင်နေရသည့်ကြားမှပင် ကေသရီအတွက် စိတ်ပူနေလေသည်။

"အနုရာဓ ပြန်ရောက်တာနဲ့ သူတို့ ကေသရီကို သတ်မှာ သေချာတယ်၊ ငါ ဘယ်လို လုပ်ရပါ့မလဲ. . ."

ဟု စိတ်အကြံအိုက်နေမိသည်။ နောက်ဆုံး မတတ်သာတော့မှ သစ္စာတရားကိုသာ အားကိုးရတော့သည်။

"အကျွန်ုပ်သည် လောက၏ ကောင်းကျိုးအတွက် သစ္စာတရားဖြင့် ဆောင်ရွက်နေသူ ဖြစ်ပါသည်၊ ဤသစ္စာ





မှန်ကန်ပါက ဤအခက်အခဲမှ အမြန်ဆုံး လွတ်မြောက်ရပါစေ. . ."

ထိုသို့ သစ္စာပြုလိုက်သောအခါ လက်ထဲမှာ ကိုင်ထားသော သစ္စာပါလ ဓါးမှာ လှုပ်ရှားလာသယောင်၊ အရောင်များ တဖျပ်ဖျပ် ထွက်လာသယောင် ဖြစ်လာသည်။ ထိုအခိုက်မှာပင် တစ်နေရာဆီမှ ခေါ်သံလိုလို အသံတစ်သံ ကြားလိုက်ရသလို ရှိသည်။ သူတော်စင် အဘိုး၏အသံ ဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်သည်။

သို့ကြောင့်. . .

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အသံကြားလိုက်သော ဂူလမ်းအတိုင်း လိုက်သွားရာ နောက်မှ လူများကလည်း ဇဝေဇဝါဖြင့် လိုက်လာကြသည်။ ဒါပေမယ့် တစ်နေရာရောက်တော့ ဆက်သွားလို့ မရအောင် ဂူလမ်းက ပိတ်နေပြန်သည်။

ဘယ်လိုလုပ်ရမလဲဟု စဉ်းစားနေစဉ် အပြင်ဘက်မှ လေတိုးသံလိုလို အသံအချို့ကို ကြားလိုက်ရသဖြင့် ဂူနံရံကို နားဖြင့် ကပ်၍ နားထောင်ကြည့်သောအခါ အမှန်ပင် အပြင်မှ လေတိုးသံများကို ကြားရလေသည်။ ဂူနံရံမှာ သိပ်မထူမှန်း သိကြသောအခါ လေးယောက် ခွန်အားကို ပြိုင်တူသုံး၍ တွန်းတိုက် ဖွင့်ကြလေရာ နောက်ဆုံး ဂူနံရံ ပြိုကျသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက် ထွက်နိုင်ကြလေတော့သည်။

အပြင်သို့ ရောက်သောအခါ မြင်းများ ရှိရာသို့ သွားကြည့်ကြသောအခါ တစ်နေရာစီ ပြန့်ကျဲနေသည်မှလွဲ၍ မြင်းလေးကောင်စလုံးကို ပြန်တွေ့ရသဖြင့် ထိုမြင်းများနှင့်ပင် အနုရာဓမြို့သို့ လိုက်ခဲ့ကြလေတော့သည်။ သူတို့သည် လမ်းခရီးကျွမ်းကျင်သော ကေသရီ မပါသောကြောင့် စမ်းတဝါးဝါးဖြင့် ခရီးဆက်ကြရာ ရက်အနည်းငယ် ကြန့်ကြာပြီးမှ အနုရာဓမြို့သို့ ရောက်ခဲ့ကြသည်။

မြို့အဝင်နှင့် မြို့ပတ်ဝန်းကျင်တဝိုက်မှာတော့ ခါးလုံလေးမြား ကိုင်ဆောင်ထားသော စစ်သည် အများအပြား စောင့်နေကြသည်ကို တွေ့မြင်ရသည်။ စစ်သည်တော်တို့မှာ ဝင်ပေါက် မှန်သမျှတို့တွင် ပိတ်ဆို့ စစ်ဆေးလျက် ရှိနေကြသည်။

"အစောင့်စစ်သားတွေ အများကြီး ချထားပါလား၊ ဧကန္တ တို့·လိုက်လာရင် တစ်ခါတည်း ဖမ်းသတ်ဖို့ အမိန့်ပေးထားပုံ ရတယ်. . ."

"ဟုတ်တယ်. . . မြို့ထဲမှာလည်း လူသွားလူလာတွေ အများကြီး တွေ့နေရတယ်၊ ပွဲလမ်းသဘင် တစ်ခုခု ရှိနေပုံရတယ်. . ."

ထိုအခိုက်မှာပင် အနီးမှ ဖြတ်လျှောက်သော ရွာသား





တစ်ယောက်ကို အခြေအနေ မေးကြည့်ရသည်။

"ဗျို့. . . နောင်ကြီး၊ မြို့အဝင်လမ်းတွေမှာ အစောင့်တွေ အများကြီး ချထားတာ ဘာကြောင့်လဲဗျ"

"မသိပါဘူးဗျာ. . . ခွန်လွန်တောင်တန်းဘက်က လူစွမ်းကောင်း ဆိုလား ဘာလား မသိပါဘူး ရောက်လာမယ် သတင်းကြားလို့တဲ့၊ တိုက်ခိုက်ဖို့ စောင့်နေကြတာ ဖြစ်မှာပေါ့ဗျာ. . ."

သူတို့ ကြိုတင် တွေးသည့်အတိုင်း မှန်နေပြီ. . .။ ဒါကလည်း တပ်မှူး ဗျဂ္ဃ၏ အကြံအစည် ဖြစ်ရပေသည်။ အကယ်၍ သူတို့တတွေ ဂူထဲမှ ထွက်နိုင်ခဲ့၍ အနုရာဓသို့ လိုက်လာလျှင် ဆီးကြို တိုက်ခိုက်ရန် စီမံထားခြင်း ဖြစ်လေသည်။

"ဒါထက် လူသွားလူလာတွေ များလှချည်လားဗျ၊ ဘာပွဲတော်များ ရှိနေလို့လဲ"

"နန်းတော်ထဲမှာ အနုရာဓ ဘုရင်ရဲ့ ဝိညာဉ် ပြန်ခေါ်မယ့်ပွဲ ရှိတယ်၊ တကယ်လို့ အောင်မြင်ခဲ့ရင် ပျော်ပွဲရွှင်ပွဲတွေ ဆင်နွှဲဖို့ အခုကတည်းက ကြိုတင် ပြင်ဆင်နေကြတာ ဖြစ်မှာပေါ့ဗျာ"

ထိုသူက ဒါပဲ ပြောပြီး ထွက်သွားလေတော့သည်။

"အင်း. . . ဒင်းတို့ရဲ့ အကြံအစည်တွေ အောင်တာကို



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာ ရက်စက်ပါလား၊ စိတ်ဘူရင် အသက်ပြန်ရှင်ဖို့ ကေသရီကို သတ်ကြမှာ သေချာတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ သခင်"

ရောဟဏီက တစ်လမ်းလုံး ကေသရီကို စောင့်ရှောက်ခဲ့ရသဖြင့် သံယောဇဉ် ကြီးစွာ မေးလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့တတွေ ကေသရီကို ရအောင်ကယ်ပြီး သူတို့ အမွေဖြစ်တဲ့ အနုရာဓ ထီးနန်းကို ပြန်ရအောင် ကြိုးစားပေးကြရမယ်"

"ကောင်းတယ် သခင်၊ ကျွန်တော်တို့အသက် သေချင် သေပါစေ၊ ကေသရီကို ရအောင် ကယ်ရမယ်"

"ဘယ်လို ကယ်မလဲ၊ မြို့ထဲ ရောက်အောင် ဘယ်လို ဝင်မလဲ"

"ကေသရီ တစ်ခါ ပြောထားဖူးတယ်၊ နန်းတော် ရှိတဲ့ ကျောက်တောင်ကြီးရဲ့အောက်မှာ လျှို့ဝှက်လမ်းတစ်ခု ရှိတယ်တဲ့၊ အဲဒီမှာ အစောင့်နည်းနည်းပဲ ရှိမယ်၊ အဲဒီလမ်းက ဝင်မှ အချိန်မီ ရောက်မယ်"

ဟု ပြောဆိုကာ မက်စောက်သော ကျောက်တောင်များ ရှိရာဘက်သို့ လျှို့ဝှက်စွာ လာခဲ့ကြလေသည်။

...ဗိလေခါ...





အခန်း (၁၃)

## အနုရာဓ အောင်ပွဲ

အနုရာဓမြို့၏ အနောက်ဘက်ခြမ်းသည် လူမနေသော နေရာ များသည်။ ၎င်းနေရာများဘက်တွင် အလွန်မြင့်မားသော ကျောက်နံရံကြီးများ ရှိသည်။ ကျောက်နံရံကြီးများမှာ မက်စောက်လှသောကြောင့် အလွယ်တကူ တက်ရန်မှာ မရနိုင်ပေ။ အချို့နေရာများမှာ တောင်ပေါ်မှ ရေများကတော့ မရနိုင်ပေ၊ တဝေါဝေါနှင့် ကျဆင်းလျက် ရှိသည်။

နန်းတော်ဆီသို့ ရောက်နိုင်သော ဥမင်လမ်းမှာ ကျောက်တောင်ကြီး အလယ်နေရာလောက်တွင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတက်ရန် မလွယ်သောကြောင့် ထိုနေရာဘက်မှာတော့ အစောင့်အကြပ် မထားပေ. . .။ ကျောက်စွန်း ကျောက်တုံးများ၊ သစ်ပင်ငယ်များ၊ နွယ်ပင်များကို အားပြု၍ အပေါ် ရောက်အောင် တစ်ယောက်ပြီး တစ်ယောက် တက်ကြလေသည်။

ကျော်စွာကတော့ ခွန်လွန်တောင်တန်းမှာ နေထိုင်စဉ်ကတည်းက ထိုကဲ့သို့ ကျောက်တောင် အမြင့်များကို တက်လိုက် ဆင်းလိုက်ဖြင့် လေ့ကျင့်ခဲ့ရသောကြောင့် ယခုကဲ့သို့ တက်ရသောအခါ အခက်အခဲ မရှိလှပေ။ ပါ၀ဏ၊ ရောဟဏီနှင့် လူပုလေး မိတ္တတို့ကလည်း အတွေ့အကြုံ၊ အလေ့အကျင့်နှင့် ကိုယ်ခံအား ကောင်းကြသူများ ဖြစ်သောကြောင့် အခက်အခဲ မရှိ တက်နိုင်ကြလေသည်။

ဂူပေါက်ဝမှာ ခဏနားပြီး အတွင်းသို့ ဝင်သွားသောအခါ ဥမင်လမ်းမှာ သဘာဝအတိုင်း ရှိနေသောလမ်း မဟုတ်ဘဲ အုတ်ချပ်၊ ကျောက်တုံး၊ ကျောက်ပြားများဖြင့် ပြုလုပ်ထားသော လမ်းဖြစ်နေသည်။

“ဒီလမ်းတွေထဲမှာတော့ အစောင့်တွေ ရှိနိုင်တယ်၊ သတိထား ဝင်ကြရမယ်. . .”

ဟု ပြောပြီး သတိဖြင့် အထဲသို့ ဝင်ခဲ့ကြသည်။ သူတို့သည် တောင်ပေါ်မှ ရေများ စီးထွက်ရာ ရေနုတ်မြောင်းဘက်





မှ ဝင်ကြသည်။ တစ်နေရာ ရောက်တော့ သံတိုင်များ ကာရံထားသည်ကို တွေ့ရသဖြင့် ကျော်စွာက သစ္စာပါလ ဓါးဖြင့် ခုတ်ဖြတ်ကာ အတွင်းသို့ ဝင်သည်။

ထိုအခန်းမှာ အစောင့်ရှိသည်။ ရေစီးသံများကြောင့် သာ သူတို့ ဝင်လာသော အသံကို မကြားရခြင်း ဖြစ်တန်ရာသည်။ ရောဟဏီက ရှေ့ထောင့်ကွက်တစ်နေရာသို့ တက်ကာ နေရာယူကာ ကျော်စွာက လူလုံးထွက်လာသောအခါ အစောင့်နှစ်ယောက်က သူ့ဆီသို့ ပြေးလာကြသည်။ သို့သော် လမ်းခုလတ်မှာတင် ရောဟဏီ၏ တုတ်ချက်မိပြီး နှစ်ယောက်စလုံး ပုံလဲကျသွားသည်။

အစောင့်များ ရှင်းသွားတော့ အတွင်းသို့ ဆက်ဝင်ကြသည်။ မြေအောက်ခန်းနှင့် တူသောနေရာများမှာ အစောင့်အချို့ ရှိသော်လည်း ဥပါယ်တမျဉ်ဖြင့် သုတ်သင် ရှင်းလင်းခဲ့ပြီး အတွင်းသို့ ဆက်ဝင်ကြသည်။ ခဏကြာတော့ အပေါ်သို့ တက်သော ကျောက်လှေခါးကြီးကို တွေ့ရသဖြင့် အပေါ်သို့ တက်ခဲ့ကြသည်။

ထိုနေရာတွင် တံခါးပေါက်တစ်ချပ် ရှိပြီး အစောင့်နှစ်ယောက် ရှိရာ ထိုအစောင့်များကို သုတ်သင် ရှင်းလင်းပြီးနောက် တံခါးကို ဖွင့်ကာ အတွင်းသို့ ဝင်သွားကြသည်။ သူတို့ ရောက်သွားသောနေရာမှာ နန်းဆောင် အတွင်းပိုင်း တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖြစ်သည်။

နန်းရင်ပြင် စင်မြင့်ပေါ်မှာတော့ လူများစွာ ရှိနေကြသည်။ နက္ခတ်ဆရာကြီး ဝေခနိနှင့် ဘုရင်မ ဘရဏီတို့က တစ်နေရာစီမှာ ရှိနေကြသည်။ ၎င်းတို့နှင့် မလှမ်းမကမ်း နေရာမှာတော့ စိတြဘုရင် အလောင်းရှိသော ကျောက်တလားကြီးကို ချထားသည်။ အချိန်မှာ ညဦးပိုင်းအချိန်သို့ ရောက်လာပြီ ဖြစ်သောကြောင့် နန်းရင်ပြင် အနှံ့အပြားမှာ ဆီမီးတိုင်များ ထွန်းထားလေသည်။

ကောင်းကင်ပြင်မှာတော့ ကြယ်များ၊ နက္ခတ်တာရာများ ပေါ်စ ပြုနေချေပြီ. . .။ နက္ခတ်ဆရာကြီး ဝေခနိ ကောင်းကင်မှ နက္ခတ်အပြောင်းအလဲများကို သေချာစွာ ကြည့်ရှုလျက် ရှိသည်။

"ကောင်းကင်ပြင်မှာ စိတြနက္ခတ်နဲ့ အနုရာဓနက္ခတ်တို့ စန်းယှဉ်တဲ့အချိန် ရောက်နေပါပြီ. . . ဒီအချိန်မှာ စိတြဘုရင်ရဲ့ ဝိညာဉ်တော်ကို ပြန်ခေါ်ဖို့ အကောင်းဆုံးအချိန် ဖြစ်ပါတယ် သခင်မ"

ဟု လျှောက်ထားလိုက်သည်။

"ကောင်းပြီ၊ နက္ခတ်ဆရာကြီး စီစဉ်စရာ ရှိတာကို စီစဉ်ပေတော့. . ."

ဟု ပြောကာ ကတ္တီပါအိတ်ဖြင့် ထုပ်ထားသော သိဒ္ဓိ





ဝင် ပြဒါးရှင်လုံးအား ကမ်းပေးလိုက်သည်။ နက္ခတ်ဆရာကြီး ဝေခနိက သိဒ္ဓိရှင် ပြဒါးလုံးကို ယူပြီး ကျောက်တလားကြီးအနီးသို့ လျှောက်သွားလေသည်။

ထို့နောက်. . .

ကောင်းကင်သို့မော့ကြည့်ပြီး တစ်စုံတစ်ရာ ရေရွတ်မန်းမှုတ်လိုက်သောအခါ ကျောက်တလား အဖုံးကြီးမှာ အပေါ်သို့ ဖြည်းဖြည်း ကြွတက်လာကာ ပွင့်လာလေသည်။ အဖုံး ပွင့်သွားသောအခါ နက္ခတ်ဆရာကြီးက ကောင်းကင်သို့ မော့ကြည့် တိုင်တည်ပြီးနောက် သိဒ္ဓိဝင် ပြဒါးလုံးကို စိတြဘုရင်၏ နဖူးပြင်ထဲသို့ မြှုပ်ပေးလိုက်သောအခါ ခဏချင်းမှာပင် အမှောင်ရိပ်များ ထိုးကျလာသည်။

ငြိမ်သက်နေသော ပတ်ဝန်းကျင်မှာ လေပြင်း လှုပ်ခတ်သံများ ပေါ်ထွက်လာသည်။ အဝေးဆီမှ အော်ဟစ် ငိုကြွေးနေသံများလိုလို မသဲကွဲသော အသံများကို ကြားလာရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးသွားခိုက်မှာ ကျော်စွာတို့တသိုက်မှာ ထိုနေရာနှင့်နီးနိုင်သမျှ နီးအောင် တိုးသွားပြီး လျှို့ဝှက်စွာ နေရာယူလိုက်ကြသည်။ ထိုအခါ နက္ခတ်ဆရာကြီး၏ စူးရှအောင်မြင်သော အသံကြီးက လေးလေးပင်ပင် ပေါ်ထွက်လာလေတော့သည်။

"စိတြနက္ခတ်နှင့် အနုရာဓနက္ခတ်ကို စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



တော်မူကြကုန်သော နတ်မင်းအပေါင်းတို့ . . ဒေဝတာ နတ်မင်းတို့ ခေတ္တ ခေါ်ဆောင်ထားသော စိတြဘုရင်၏ ဝိညာဉ်တော်အား ကျွန်ုပ်တို့ထံသို့ ပြန်လည် ပို့ဆောင်ပေးကြပါကုန်လော့ . . လောက အကျိုး၊ လူသားတို့၏ ကောင်းကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် စိတြဘုရင်၏ ဝိညာဉ်တော်အား ပြန်လည် ချီးမြှင့်ပေးပါလော့၊ ပြန်လည် ချီးမြှင့်ပေးပါလော့၊ ပြန်လည် ချီးမြှင့်ပေးပါလော့ . . ."

ဂုဏ်း၏ အောင်မြင်သောအသံကြီးက နန်းရင်ပြင် တစ်ခုလုံး ဖုံးလွှမ်းသွားလေတော့သည်။ ထိုသို့ ရွတ်ဆိုလိုက်သောအခါ ပတ်ဝန်းကျင်တခွင်လုံး၌ မိုးချုံးသံကဲ့သို့သော အသံများ၊ တော်လဲသံကဲ့သို့သော အသံများ၊ ငိုညည်း အော်ဟစ်နေသကဲ့သို့ အသံများ၊ မကောင်းဆိုးဝါးတို့၏ အသံများကဲ့သို့ အသံမျိုးစုံ ပေါ်ထွက်လာပြီး ပတ်ဝန်းကျင် တခွင်လုံး လျှပ်စီးလက်သော အရောင်ကဲ့သို့ ဝင်းလက်သော အရောင်များ ပေါ်လာလေတော့သည်။

ကောင်းကင်ယံမှ လျှပ်စီးလက်သကဲ့သို့ ထိုးဆင်းလာသည့် ရောင်ခြည်တန်းများက စိတြ နဖူးပြင်၌ မြုပ်နှံထားသော ပြဒါးရှင်လုံးကို လာရောက် ရိုက်ခတ်လေရာ ထိုမှ အလင်းရောင်များ ပြန်ထွက်လာသည်။ ထိုအလင်းရောင်များက ကျောက်တလားထဲသို့ ပျံ့နှံ့ ဝင်ရောက်လာရာ ဆေးရည်စိမ်





ထားသော စိတြ၏ ခန္ဓာကိုယ်ကြီးမှာ တဖြည်းဖြည်း လှုပ်ရှားလာလေတော့သည်။

နန်းရင်ပြင် တဝိုက်မှာ ရှိနေကြသော လူအပေါင်းတို့မှာ ကြောက်မက်ဖွယ်ရာ ထိတ်လန့်ဖွယ်ရာ ကောင်းသောမြင်ကွင်းကြောင့် အသက်ပင် မရှူဝံ့အောင် ဖြစ်နေကြလေသည်။ ထိုအချိန်မှာ နက္ခတ်ဆရာကြီး ဝေဓနိက လက်မြှောက်၍ အချက်ပြလိုက်သောအခါ နောက်ဖက်မှ တံခါးချပ်မှာ ပွင့်သွားပြီး အတွင်းမှ မင်းသမီးလေး ကေသရီအား ရဲမက် နှစ်ယောက်တို့က တစ်ဖက် တစ်ယောက်စီ ညှပ်ကာ အပြင်သို့ ခေါ်ထုတ်လာကြသည်။

မင်းသမီးလေးမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဆေးမိထားဟန်ဖြင့် မတုန်မလှုပ် လိုက်ပါလာသည်။ တကယ်တော့ နက္ခတ်ဆရာကြီးက မင်းသမီး ကေသရီအား အသိဉာဏ် ကင်းမဲ့စေသည့် ဆေးတစ်မျိုးကို တိုက်ထားသောကြောင့် ဖြစ်သည်။

"ဟော . . . သူတို့ ကေသရီကို ခေါ်လာကြပြီ"

"ဘာလုပ်ကြမှာလဲဟင်"

"အနုရာဓရဲ့ သွေးအစစ်ကို ယူမှာဆိုတော့ ကေသရီကို သတ်ပြီး လည်ချောင်းသွေးကို ယူကြမှာပေါ့"

"ဒါ မတရား လုပ်တာပဲ၊ ဒီအတိုင်းတော့ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး”

“ဟုတ်တယ်၊ အသက်နဲ့ လဲပြီး ကေသရီကို ရအောင် ကယ်ကြရမယ်”

ကျော်စွာတို့တတွေမှာ အချင်းချင်း တီးတိုး ပြောနေကြလေသည်။ အကျဉ်းစံ မင်းသမီးလေးကို ထိုကဲ့သို့ အပြင်သို့ ခေါ် ထုတ်လာသည်ကို မြင်သောအခါ ပရိသတ်အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စစ်သည်ရဲမက်အချို့ကပင် သူတို့ သခင်မလေးကို မြင်လိုက်ရသောအခါ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ အချို့ကလည်း. . .

“မင်းသမီးလေး သက်တော်ရာကျော် ရှည်ပါစေ. .”

ဟု ဝိုင်းဝန်း ဟစ်အော်ကြသည်။ ဘရဏီတို့မှာ ထိုအခြေအနေကို သိကြသောကြောင့် ကေသရီအား သီးသန့် အကျဉ်းစံဘဝဖြင့် ထားခြင်း ဖြစ်လေသည်။

ယခုလည်း မင်းသမီးလေးကို မြင်သောအခါ ပရိသတ်ကြီးရော စစ်သည်ရဲမက်အချို့ပါ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို သိသောအခါ အချိန်ဆွဲမနေတော့ဘဲ ကေသရီအား ယဇ်ပလ္လင်ပေါ် တင်လိုက်လေသည်။ ကေသရီကို ရဲမက်နှစ်ယောက်က မလှုပ်နိုင်အောင် ချုပ်ကိုင်ထားလေသည်။ ထိုအခါ ဝေမနိက ရွှေဖလားနှင့် ဓါးတစ်လက်ကို ယူလာပြီး ကေသရီ အနီးမှာ ရပ်ကာ. . .





“ကောင်းကင်ပြင်ကို စောင့်ရှောက်တော်မူသော နတ်ဒေဝတာများ၊ နက္ခတ်တာရာများကို စောင့်ရှောက်ကြကုန်သော နတ်မင်းများ၊ လောကကို စောင့်ရှောက်တော်မူသော နတ်ဒေဝတာတို့၏ အလိုတော်အတိုင်း စိတ္တဘုရင်ရဲ့ ဝိညာဉ်တော်အတွက် အနုရာခ၏ နန်းဆက်သွေးကို ခံယူပါတော့မည်”

ဟု အော်ဟစ် ပြောဆိုပြီး ဓါးကို မြှောက်ကာ ကေသရီ၏ လည်ချောင်းသွေးကို ဖောက်ရန် ပြင်လိုက်သည်နှင့် ရောဟဏီ လက်ထဲမှ သံချွန်တပ် တုတ်ရှည်ကြီးမှာ အရှိန်ပြင်းစွာဖြင့် ပျံဝဲထွက်လာပြီး နက္ခတ်ဆရာကြီး ဝေမနိကို ထိမှန်လေရာ ထုတ်ချင်းခတ် ပေါက်ထွက်သွားပြီး နောက်သို့ လန်ကျသွားလေတော့သည်။

“အာ”

ထိုအခြေအနေကို မြင်သော စည်သည်ရဲမက်များနှင့် ပရိသတ်တို့မှာ တအံ့တသြ ဖြစ်နေကြစဉ် ကျော်စွာက အမှောင်ရိပ်မှ စင်ပေါ် သို့ ခုန်တက်သွားလေသည်။

“ရဲမက်အပေါင်းတို့၊ အနုရာခရဲ့ အရှင်သခင် အစစ်အမှန် ဖြစ်တဲ့ သခင်မလေး ကေသရီရဲ့ အသက်ကို ကာကွယ်စောင့်ရှောက်ကြလော့၊ အနုရာခရဲ့ အမွေကို ယူကြပေတော့”

“ဟေး. . .”



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်း ဟစ်အော်ကြလေတော့သည်။

"သင် ဘယ်သူလဲ၊ သင်က ဘယ်သူလဲ"

"ကျွန်ုပ်ကား ခွန်လွန်တောင်တန်းမှ သစ္စာပါလဲ ဓါးသမားပင် ဖြစ်ပေတယ်၊ သခင်မလေးကို ကာကွယ် စောင့်ရှောက်ရန် ရောက်လာခြင်း ဖြစ်တယ်"

"ဟေး. . ."

ထိုအခြေအနေကို မြင်သော ဘရဏီသည် အခြေအနေ မဟန်တော့မှန်း သိသောကြောင့် နက္ခတ်ဆရာကြီး ဝေမနီ လွတ်ကျနေသော ရွှေခွက်နှင့် ဓါးကို ပြေးကောက်ကာ ကေသရီအနီးသို့ ပြေးလာရာ ကျော်စွာက ဆောင့်တွန်းလိုက်သောကြောင့် တိုင်လုံးနှင့် ဦးခေါင်း ဆောင့်မိကာ မေ့လဲသွားလေတော့သည်။ ထိုအချိန်တွင် မလှမ်းမကမ်းတွင် ရပ်နေသော ဗျဂ္ဃက ရဲဒင်းကြီးကို မြှောက်ကာ ပြေးဝင်လာသည်။

"လာခဲ့စမ်း သစ္စာဖောက်၊ ဒီနေ့တော့ မင်းရဲ့ နောက်ဆုံးနေ့ပဲဟေ့. . ."

သစ္စာပါလဓားနှင့် ရဲဒင်းသွားတို့ ထိခတ်မှုကြောင့် မီးပန်းမီးပွင့်များပင် ဖြာထွက်လာလေတော့သည်။ ကျော်စွာရော ဗျဂ္ဃပါ တိုက်ခိုက်ရေး ကျွမ်းကျင်သောကြောင့် တိုက်ပွဲမှာ ပြင်းထန်လှပေသည်။ ထိုအချိန်တွင် နန်းရင်ပြင်ပေါ်မှာလည်း အနုရာဓ သခင်မလေး ကေသရီဘက်မှ ရဲမက်များနှင့် ဘရဏီ





တို့ဘက်မှ ကိုယ်ရံတော်တပ်တို့မှာ သဲကြီးမဲကြီး တိုက်ခိုက်နေကြလေသည်။

နန်းရင်ပြင်တစ်ခုလုံး ဓါးချင်း၊ လှံချင်း ထိသံ၊ ဒိုင်းကာသံများ၊ အော်ဟစ် ကြွေးကြော်သံများ၊ နာကျည်းစွာ အော်ဟစ် ငြီးငြူသံတို့ဖြင့် ပွက်ပွက်ညံနေလေတော့သည်။ ကျော်စွာနှင့် ဗျဂ္ဃတို့ တိုက်ပွဲ ပြင်းထန်နေသလို မင်းသမီးလေး ကေသရီအနားမှာလည်း လူပုလေး မိတ္တ၊ ရောဟဏီ၊ ပါဝဏတို့မှာလည်း အစွမ်းကုန် ခုခံ တိုက်ခိုက်နေကြရသည်။

ဗျဂ္ဃက သူ၏ လက်စွဲတော် ရဲဒင်းကြီးကို အသုံးပြုကာ ကျော်စွာအား တရကြမ်း တိုက်ခိုက်သလို ကျော်စွာကလည်း သစ္စာပါလဓါးဖြင့် အစွမ်းကုန် ပြန်လည် တိုက်ခိုက်လေသည်။ တစ်ကြိမ်တွင် ကျော်စွာမှာ ဟန်ချက်ပျက်သွားပြီး ကြမ်းပေါ်သို့ လဲကျသွားစဉ် ဗျဂ္ဃက ရဲဒင်းဖြင့် အပေါ်မှ မိုးခုတ်ချလိုက်ရာ ကျော်စွာက ကျလာသော ရဲဒင်းများကို လွတ်ရုံကလေး ရှောင်ပေးလိုက်ပြီး ခပ်ကိုင်းကိုင်း ဖြစ်နေသော ဗျဂ္ဃ ရင်ဝသို့ ဓါးဖြင့် ထိုးသွင်းလိုက်သည်။

"အ. . ."

ဗျဂ္ဃမှာ မမျှော်လင့်ပဲ ခံလိုက်ရသဖြင့် မျက်လုံးကြီး ပြူး၍ ပါးစပ်ထဲမှ သွေးများ အန်ထွက်လာကာ လန်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူတစ်ယောက်တော့ ရှင်းသွားပြီ. . . ။

ထိုအခိုက်မှာပင်. . .

အချိန်အခါမဟုတ် မိုးချုန်းသကဲ့သို့ ကြောက်မက်ဖွယ်ရာ အသံကြီးများ ပေါ်ထွက်လာပြီး လျှပ်စီးသကဲ့သို့ အရောင်များ တဝင်းဝင်းနှင့် ဖြာထွက်လာလေရာ ကျောက်တလား အတွင်းမှ စိတြအလောင်းမှာ အသက်ဝင်လာသကဲ့သို့ ဖြစ်ကာ ထလာချေပြီ. . . ။

သူသည် အနုရာဓ မျိုးဆက်သွေးနှင့် စိမ်မှု မပြီးသေးခင် အသက်ဝင်လာသောကြောင့် ကြောက်မက်ဖွယ်ရာ အသွင် ပြောင်းလာတော့သည်။ ရုတ်တရက်ဆိုလျှင် မကောင်းဆိုးဝါးကြီးတစ်ကောင် ထလာသကဲ့သို့ ရှိလေတော့သည်။ စိတြသည် ကျောက်တလားအတွင်းမှ ထလာသည်နှင့် ကေသရီ ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

ပါဝဏ၊ ရောဟဏီနှင့် လူပုလေး မိတ္တတို့က ကေသရီကို အန္တရာယ် မဖြစ်စေရန်အတွက် အစွမ်းကုန် ကာကွယ်ပေးကြသော်လည်း ပြဒါးရှင်လုံး သိဒ္ဓိစွမ်းအား ဝင်နေပြီဖြစ်သော စိတြ၏ စွမ်းအားကို ဘယ်လိုမှ မယှဉ်နိုင်ဘဲ အလူးအလဲ ခံကြရလေတော့သည်။ သူတို့၏ လက်နက်များမှာ စိတြအား ဘယ်လိုမှ မထိရောက်ဘဲ စိတြလက်ချက် မိလိုက်လျှင်သာ အဝေးသို့ လွင့်စဉ် ထွက်ကုန်ကြလေသည်။





ထိုအခိုက်မှာပင် သတိပြန်ရလာသော ဘရဏီက ဓါးတစ်လက်ကို ယူပြီး ကေသရီ ရှိရာသို့ ပြေးလာလေသည်။ တဖက်မှလည်း စိတြကလည်း ကေသရီအား သတ်ဖြတ်ရန် လာနေပြီ. . . ။ ထိုအချိန်၌ ကေသရီမှာ သတိပြန်ရလာပြီဖြစ်သောကြောင့် ကြောက်မက်ဖွယ်ရာ မြင်ကွင်းများကို တွေ့မြင်ရသောအခါ အလန့်တကြား အော်ဟစ်လိုက်သည်။

"အား. . ."

ထိုအော်သံကို ကြားလိုက်သည်နှင့် ကျော်စွာက အလျင်အမြန် ပြေးလာသည်။ သူ အနားရောက်လာတော့ ဘရဏီက ကေသရီအား သတ်ရန် ဓါးကို မြှောက်လိုက်စဉ် ကျော်စွာက နောက်မှ ဝင်ချုပ်ပြီး ဘရဏီအား စိတြ ရှိရာဘက်သို့ တွန်းပေးလိုက်သည်။ မိစ္ဆာစိတ် ဝင်နေသော စိတြက ဘရဏီကို ဖမ်း၍ သတ်ဖြတ်ပစ်လိုက်တော့သည်။

"အ အ အား"

ထိုအခွင့်အရေး ရခိုက်မှာ ကျော်စွာက. .

"ရောဟဏီ. . . မင်း ကေသရီကို ဘေးလွတ်ရာကို ခေါ်သွားပေတော့၊ ငါ ဒီမိစ္ဆာကောင်ကြီးကို ရှင်းရဦးမယ်"

"သတိထားနော် သခင်. . . သူ့မှာ မိစ္ဆာဝိညာဉ်တွေ ဝင်နေပြီ"

"ငါ့အတွက် မပူနဲ့၊ သူ့ကိုသာ ဘေးမဖြစ်အောင် ကာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပြီး ခေါ်သွားပေတော့”

ထိုအချိန်တွင် ရင်ပြင်ပေါ်မှာ ကျော်စွာနှင့် မိစ္ဆာစိတ်ဝင်နေသော စိတြတို့သာ ကျန်ခဲ့လေသည်။ စိတြက အသက်ပျောက်နေသော ဘရဏီအလောင်းကို ပစ်ချလိုက်ပြီး ကျော်စွာဆီသို့ တိုးဝင်လာသည်။ ကျော်စွာက သစ္စာပါလ ဓါးကို ကိုင်ကာ အသင့်စောင့်နေသည်။

“လာခဲ့စမ်း မိစ္ဆာကောင်ကြီး၊ ငါ့ဖခင်ကို သတ်တဲ့ ရန်သူ၊ ငါ့တိုင်းပြည်ကို ဖျက်ဆီးခဲ့တဲ့ ရန်သူ၊ လူဘဝတုန်းက ကလဲ့စား ချေခွင့် မရလိုက်ပေမယ့် အခုတော့ သွေးကြွေးဆပ်တဲ့ အနေနဲ့ လူ့လောကကနေ အပြီးတိုင် ချေမှုန်းပစ်ရတော့မယ်”

ကျော်စွာက အံကို တင်းတင်းကြိတ်ကာ ရေရွတ်လိုက်လေသည်။ သို့သော်. . . တစ်ကယ်တမ်း တိုက်ခိုက်သောအခါ သူ့ဘက်က အရေးနိမ့်လေတော့သည်။ ကျော်စွာ တိုက်ခိုက်သော သစ္စာပါလ ဓါးချက်နှင့် အခြားတိုက်ခိုက်မှုများသည် မိစ္ဆာဝိညာဉ်များ ပူးကပ်နေသည့် စိတြအား ဘယ်လိုမှ ထိရောက်မှု မရှိဘဲ စိတြလက်ချက်ဖြင့် တစ်ချက် မိလိုက်လျှင်သာ လွင့်စဉ်ထွက်သွားလေသည်။

စိတြသည် ပါးစပ်မှ စူးစူးဝါးဝါး အော်ဟစ်ရင်း ကြောက်မက်ဖွယ်ရာ ကောင်းသော သတ္တဝါတစ်ကောင်ကဲ့သို့ ကျော်စွာအား သဲကြီးမဲကြီး လိုက်လံ တိုက်ခိုက်နေလေတော့





သည်။ ကျော်စွာမှာ ခံနိုင်ရည် ရှိသူပီပီ အကြိမ်ကြိမ် ပြန်လည်တိုက်ခိုက်သော်လည်း သူ့ကိုယ်ပေါ်မှာသာ ဒဏ်ရာဒဏ်ချက်များလာပြီး အရေးမသာဘဲ ရှိနေစဉ် ဝေးလံလှသောနေရာမှ အသံတစ်သံကို ကြားလိုက်ရလေသည်။

“လူကလေး. . . သိဒ္ဓိရှိတဲ့ စွမ်းအားက သူ့ကိုယ်ထဲမှာ ဝင်ရောက် ပူးကပ်နေတဲ့ မိစ္ဆာဝိညာဉ်တွေကို အကာအကွယ် ပေးထားတယ်၊ လူကလေး ဘယ်လိုပဲ တိုက်တိုက် နိုင်မှာမဟုတ်ဘူး၊ သူ့နဖူးမှာ မြှုပ်ထားတဲ့ သိဒ္ဓိရှင် ဓါတ်လုံးကို ပြန်ရအောင် ယူနိုင်မှ မင်း သူ့ကို တိုက်လို့ နိုင်လိမ့်မယ်”

ထိုအသံ ကြားတော့ ကျော်စွာ အားတက်သွားသည်။ ခွန်လွန်တောင်တန်းမှာ ရှိသော သူတော်စင်အဘိုးက သူ့ကို စောင့်ရှောက်နေတာပဲ. . .။ ထို့ကြောင့် အနိုင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

“သိဒ္ဓိစွမ်းအားက မိစ္ဆာဝိညာဉ်တွေကို အထောက်အကူ ပေးနေတာကြောင့် ငါ ဘာမှ လုပ်လို့မရတာကိုး၊ ဒီဓါတ်လုံးကို လွယ်လွယ်နဲ့တော့ ပြန်ယူလို့ ရမှာမဟုတ်ဘူး၊ အနာခံပြီး ယူမှ ရမယ်”

ဟု တွေးကာ ရှေ့သို့ တိုးဝင်သွားသည်။ စိတြက သူ့ကို စေ့စေ့ညက်ညက် ချေပစ်ရန် ရှေ့သို့ ဝင်လာရာ နောက်ဖက်သို့ ရှောင်ထွက်ကာ ခုန်၍ ကျောပေါ် ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်သည်။ ထိုနေရာသည် စိတြ၏ လက်တို့ ခြေတို့နှင့် တိုက်ခိုက်၍ မရောက်နိုင်သောနေရာ ဖြစ်သည်။

စိတြက သူ့အကြံကို သိဟန်ဖြင့် ကျောက်တိုင်နှင့် ရိုက်သည်။ ပွတ်ခါချသည်။ ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲ ပစ်လှဲချသည်။ နည်းအမျိုးမျိုးဖြင့် ကျော်စွာကို ပြုတ်ကျအောင် လုပ်သော်လည်း ကျော်စွာကပင် လက်တစ်ဖက်ဖြင့် လည်ပင်းကို ဖက်ထားပြီး ကျန်တစ်ဖက်က နဖူးပြင်မှာ သွင်းထားသော ပြဒါးလုံးကို နှိုက်ထုတ်လေသည်။

အတန်ကြာအောင် ကြိုးစားတော့မှ သူ့လက်ထဲသို့ ပြဒါးလုံး ပြန်ပါလာပြီး စိတြနဖူးမှ သွေးနက်များ ပန်းထွက်လာကာ ဝူးဝူးဝါးဝါး အော်လျက် လဲကျသွားလေတော့သည်။ ကျော်စွာလည်း နောက်သို့ လွင့်ထွက်သွားလေတော့သည်။

စိတြသည် သိဒ္ဓိစွမ်းအား မရှိတော့သည့် နောက်ပိုင်းတွင် ပြန်ထဖို့ ကြိုးစားရင်းမှပင် မရတော့ဘဲ တဖြည်းဖြည်းနှင့် အရိုးဘဝ ပြန်ရောက်သွားလေတော့သည်။ ကျောက်တလားထဲမှာ ဆေးရည်စိမ်ထားစဉ်က မပျက်စီးသော်လည်း အပြင်ရောက်လာပြီး သိဒ္ဓိစွမ်းအား မရှိတော့သောအခါ ပျက်စီးသွားခြင်း ဖြစ်တော့သည်။

ယခုအခါ ဘုရင်မ ဘရဏီလည်း မရှိတော့ပြီမို့ ၎င်း၏ စစ်သည်ရဲမက်များက အညံ့ခံလိုက်ကြလေရာ တိုက်ပွဲများ






လည်း ပြီးသွားခဲ့ချေပြီ၊ အာကာသ တစ်ခွင်မှာတော့ မိုးမှောင်များ၊ လျှပ်ပန်းလျှပ်နွယ်များ ကင်းစင်သွားပြီး နက္ခတ်တာရာများဖြင့် ထွန်းလင်း တောက်ပလျက် ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၄)

# မကြင်ဝေးဝေး ဆွေးပျော့ကျော့ ချစ်သူ

ယခင်က စစ်သွေးစစ်ဟန်များဖြင့် တင်းမာခက်ထန်နေခဲ့သော အနုရာဓသည် ယခုတော့ အေးချမ်းသောအသွင်သို့ ရောက်ရှိသွားခဲ့လေပြီ။ အနုရာဓ၏ အကျဉ်းသားဘဝဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသော ကေသရီသည် ယခုတော့ အနုရာဓ၏ အရှင်သခင် ဖြစ်ခဲ့ပေပြီ. . .။

သိဒ္ဓိဝင် ပြဒါးရှင်လုံးကို ပိုင်ဆိုင်သော ဘုရင်မအဖြစ် ဘိသိက်ခံယူပွဲပင် ကျင်းပပြီးခဲ့လေသည်။ မှူးမတ်၊ စစ်သည်ရဲမက်အပေါင်းတို့ကလည်း အနုရာဓ၏ သစ္စာကို ခံယူပြီးကြ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ. . .။ ယခုတော့ အရာအားလုံးသည် အေးချမ်း သာယာမှုနှင့် ပျော်ရွှင်ဖွယ်ရာ ရှိနေလေပြီ. . .။

ယခုအခါ နန်းရင်ပြင်ပေါ်မှာ ဘုရင်မ ကေသရီနှင့် မှူးမတ် ဗိုလ်ပါအပေါင်းတို့ စုံညီစွာ ရောက်နေကြသည့်အပြင် ကျော်စွာ၊ ပါဝဏ၊ ရောဟဏီနှင့် လူပုလေး မိတ္တတို့ပါ ရောက်နေကြလေသည်။

ကေသရီက စင်မြင့်ထိပ်မှာ ရပ်နေလေသည်။ သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်လျက် ဦးခေါင်းထက်မှာ ရတနာ(၇)ပါး စီခြယ်ထားသောကြောင့် တင့်တယ် လှပကျက်သရေ ရှိလှပေသည်။ တိတ်ဆိတ် ငြိမ်သက်နေသော ခန်းမဆောင်ကြီးထဲမှာ ကေသရီ အသံက ထွက်လာလေသည်။

"သူရဲကောင်း ရောဟဏီ"

ဘုရင်မ ခေါ်သံကြောင့် အမျိုးသမီး သူရဲကောင်း ရောဟဏီက ၎င်း၏လက်စွဲတော် တုတ်ရှည်ကြီးကို ကိုယ်မှာ ကပ်ကာ ဘုရင်မ ရပ်နေရာသို့ လှေခါးထစ်များအတိုင်း တက်သွားပြီး ရှေ့သို့ ရောက်သောအခါ ဒူးထောက်ထိုင်ကာ ခေါင်းငုံ့၍ အရိုအသေ ပြုသည်။

"သင့်ကို ကျွန်ုပ်ရဲ့ ကိုယ်ရံတော်အဖြစ် ခန့်အပ်တော်မူမယ်"





ရောဟဏီက ကျော်စွာကို တစ်ချက် ငဲ့ကြည့်သည်။ ဘယ်လို ဆုံးဖြတ်ရမလဲဟု လှမ်းမေးလိုက်သည့် သဘောပင်။ ကျော်စွာက ခေါင်းညိတ်ပြလိုက်သောအခါ ရောဟဏီက. .

"ဘုရင်မရဲ့ အမိန့်တော်အတိုင်း တာဝန်ထမ်းဆောင်ပါတယ်"

ဟု ပြောကာ ကေသရီ နောက်ဘက်၌ သွားရပ်လေသည်။

"သူရဲကောင်း ပါဝဏ"

ပါဝဏက လှေခါးထစ်များအတိုင်း တက်သွားပြီး ကေသရီအနီးသို့ ရောက်သောအခါ ဒူးထောက် ခေါင်းငုံ့ကာ အရိုအသေ ပေးလေသည်။

"သင့်ကို ကျွန်ုပ်ရဲ့ အတိုင်ပင်ခံအဖြစ် ခန့်အပ်တော်မူမယ်"

ပါဝဏက ကျော်စွာကို တစ်ချက် လှည့်ကြည့်သောအခါ ကျော်စွာက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဘုရင်မရဲ့ အမိန့်တော်အတိုင်း တာဝန် ထမ်းဆောင်ပါမယ်"

ဟု ပြောကာ ဘုရင်မ ကေသရီ နောက်ဘက်၌ သွားရပ်နေလေသည်။

"သူရဲကောင်း မိတ္တ"



www.burmeseclassic.com

www.burmeseclassic.com



မိတ္တက အပေါ်တက်သွားပြီး ဘုရင်မကို ဦးညွှတ် အရိုအသေ ပြုလေသည်။ နေရာတကာမှာ သွက်လက်လှ သော မိတ္တသည် ယခုအခါမှာတော့ တည်ငြိမ်စွာ ရှိနေလေ သည်။

"သင့်အား ကျွန်ုပ် အပါးတော်၌ အမြဲနေရန် ကိုယ်ရံ တော်အဖြစ် ခန့်အပ်လိုပေတယ်. . ."

ထိုစကား ကြားသောအခါ လူပုလေး မိတ္တက. . .

"ကျွန်တော်မျိုးမှာ ငယ်စဉ်ကတည်းက သခင်လေး ကျော်စွာနဲ့ နေခဲ့သူ ဖြစ်ပါသဖြင့် သူနေသောအရပ်မှာပင် အမြဲနေလိုပါတယ်. . ."

ဟု ပြောလိုက်သောအခါ ကေသရီက ခေါင်းတစ် ချက် ညိတ်ပြကာ လူပုလေးမိတ္တအား ပါဝဏတို့ အနီးသို့ ခေါ်ထားလိုက်သည်။

"ခွန်လွန်တောင်တန်းက သူရဲကောင်း"

ဟု ခေါ်လိုက်သောအခါ ပရိသတ်ကြီးမှာ လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေသည်။ သူတို့သည် ကျော်စွာကို ကောင်းစွာ မမြင်ဖူးကြသေးပေ။ သို့စေကာမူ. . . အနုရာဓ အောင်ပွဲမှာတော့ ကျော်စွာ၏ စွမ်းဆောင်မှုများ၊ တိုက်ခိုက်မှု များက အဓိက နေရာမှ ပါဝင်ခဲ့ကြောင်း ကြားသိထားကြလေ ရာ ကျော်စွာ အပေါ်သို့ တက်လာသောအခါ. . .





"ခွန်လွန်တောင်တန်းက သူရဲကောင်း"

"သစ္စာပါလ သူရဲကောင်း"

ဟု အော်ဟစ်ကာ ကောင်းချီးသြဘာ ပေးကြလေ သည်။

ကေသရီ ရှေ့သို့ ရောက်သောအခါ ဓါးကို ထောက် ပြီး ဒူးထောက်ကာ အရိုအသေ ပြုလိုက်လေသည်။

"သင့်ကို ကျွန်ုပ်ရဲ့ ကိုယ်ရံတော် တပ်မှူးအဖြစ်ရော အနုရာဓ သူရဲကောင်းအဖြစ်ပါ ခန့်အပ်တော်မူမယ်. . . သင့်ရဲ့ဆန္ဒကို ပြောပြပါလော့"

ထိုအခါ ကျော်စွာက. . .

"သခင်မ ယခုကဲ့သို့ ချီးမြှင့် မြှောက်စားတာကို ဝမ်း သာလှပါတယ်. . . ဒါပေမယ့် ကျွန်တော့်မှာ ခွန်လွန်တောင် တန်းမှာ ကျန်ခဲ့တဲ့ အမေနဲ့ အဘိုးအား အသိပေး ခွင့်ပန်ရမှာမို့ နေရပ်သို့ ပြန်ခွင့်ပြုတော်မူပါ သခင်မ"

ဟု ပြောလိုက်သောအခါ ကေသရီ မျက်နှာလေး တစ်ချက် ပျက်သွားလေသည်။

"သင်ရဲ့ အဘိုးနဲ့အမေကို အနုရာဓသို့ ခေါ်ဆောင်ပြီး ကောင်းမွန်စွာ စောင့်ရှောက်ထားရင်လည်း မသင့်ပေဘူး လား"

"၎င်းတို့၏ဆန္ဒကို မသိရသောကြောင့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သဘောဆန္ဒ တစ်ခုတည်းနှင့် ဆုံးဖြတ်၍မရပါ. . . ဒါပေမယ့် တစ်နေ့တော့ အနုရာဓသို့ တစ်ခေါက် ပြန်လာခဲ့ပါမယ်လို့ ကတိပေးပါတယ် သခင်မ”

ထိုစကား ကြားရသောအခါ ကေသရီက သက်ပြင်း တစ်ချက်ကို တိုးညင်းစွာ ချလိုက်လေသည်။

“ကောင်းပြီလေ. . . သင် ပြန်လိုသောဆန္ဒ ရှိပါက ခွန်လွန်တောင်တန်းသို့ ရောက်အောင် ကောင်းမွန်စွာ ပြန်လည် ပို့ဆောင်ပေးပါမည်. . . ကျွန်ုပ် မှာကြားလိုတာက သင့်အတွက် အနုရာဓ တံခါးသည် အမြဲဖွင့်၍ ကြိုဆိုနေမည်ကို အမြဲသတိရနေပါတော့ အသင် သူရဲကောင်း. . . သို့ပြင်. . . သင်သည် ကျွန်ုပ်နှင့် အနုရာဓ ပြည်သူပြည်သားများအပေါ်တွင် ကျရောက်မည့် အန္တရာယ်အပေါင်းအား ဖယ်ရှားပေးခဲ့သူ ဖြစ်သောကြောင့် သင့်အား ဂုဏ်ပြုပွဲကို သည်ကနေ့ညမှာပင် ခမ်းနား ကြီးကျယ်စွာ ပြုလုပ်ပေးပါမည်. . . လက်ခံပါလော့. . . အသင် သူရဲကောင်း”

ဟု ပြောဆိုလေသည်။

ထိုနေ့ ညဘက်တွင် အနုရာဓ ဘုရင်မ ကေသရီ၏ နန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် တစ်မြို့လုံး ဆီမီးများ ထွန်းညှိကာ တီးမှုတ် ကခုန်ကာဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြလေတော့သည်။





ထို့ပြင်. . .

နက္ခတ်တာရာတို့အား စောင့်ရှောက်တော်မူသော နတ်ဒေဝတာတို့အား ပူဇော်သည့် နက္ခတ်ပွဲသဘင်များလည်း ကျင်းပ ပြုလုပ်ကြသည်။ အနုရာဓ နန်းဆောင်အတွင်း၌မူ မီးရောင်စုံများ ထွန်းညှိကာ စားသောက်ပွဲများ တည်ခင်းလျက် အနုရာဓမှ သူရဲကောင်းများအား ဂုဏ်ပြုသောပွဲ ကျင်းပပေးလေသည်။

နန်းတွင်းသူ နန်းတွင်းသားများသာမက မြို့သူမြို့သား အပေါင်းတို့မှာလည်း ၎င်းတို့၏ အရှင်သခင် အစစ်အမှန်ကို ရပြီ ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ပွဲလမ်းသဘင်များကို ညလုံးပေါက် ကျင်းပကြလေသည်။

ညဥ့်နက်ပိုင်း ဂုဏ်ပြုပွဲ ပြီးသောအခါ ကျော်စွာသည် နက္ခတ်တာရာ ကြည့်ရှုသော အဆောင်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ထိုနေရာမှ မျှော်ကြည့်လျှင် မီးရောင်စုံများ လင်းထိန်နေသော အနုရာဓ မြို့တော်အား အပေါ်စီးမှ မြင်ရလေသည်။ လေနှင့်အတူ ပျံ့လွင့်လာသော တီးမှုတ် သီဆိုသံများကို အတိုင်းသား ကြားနေရသည်။

ကျော်စွာသည် နက္ခတ်တာရာ စုံလှသော ကော[illegible] ကင်ပြင်ပေါ်သို့ မော့ကြည့်ရင်း ခရီးအတူ သွားခဲ့စဉ်[illegible] ကေ



www.burmeseclassic.com

www.burmeseclassic.com



သရီနှင့် ဆုံတွေ့ရပုံများ၊ စကားသံများကို ပြန်လည် ကြား ယောင်နေမိသည်။

ကေသရီ၏ဘဝအတွက် စစ်မှန်သော အနုရာဓ အမွေကို ပြန်လည် ရရှိပြီး ယခုကဲ့သို့ ဘဝမျိုး ရောက်သွားသည့် အတွက် ဝမ်းသာ ကျေနပ်မိသည်။ ထိုအချိန်တွင် သူ့အနားသို့ လူပုလေး မိတ္တာ ရောက်လာလေသည်။

"သခင်. . . ခွန်လွန်တောင်တန်းကို တကယ်ပဲ ပြန် တော့မှာလားဟင်"

ဟု မေးလိုက်သည်။

"ပြန်ရမှာပေါ့ မိတ္တာရယ်၊ ငါ့မှာ မိဘရဲ့အမွေကို ပြန် လည် ရအောင် ကြိုးစားရမယ့် တာဝန်တွေ ရှိသေးတာ အသိ သားး မဟုတ်လား"

"ဒါတွေအားလုံး မိတ္တာ သိပါတယ်. . . ဒါပေမယ့် သခင့်အနေနဲ့ ဘုရင်မ ကေသရီအတွက် တစ်ခုခုတော့ လုပ် ပေးသွားစေချင်တယ်"

"မင်းပြောတာ ငါ သိပ်နားမလည်ဘူး သူလို အနုရာဓ ဘုရင်မကို ငါလို လူတစ်ယောက်က ဘာများ လုပ်ပေးစရာ လိုမလဲ၊ ဘာများ လုပ်ပေးနိုင်မှာလဲ. . ."

"မဟုတ်ဘူး သခင်၊ အနုရာဓကို ပိုင်တဲ့ ဘုရင်မပဲ ဖြစ်ဖြစ်၊ စကြာဝဠာတစ်ခုလုံးကို ပိုင်တဲ့လူပဲဖြစ်ဖြစ် အရာ အား





လုံးကို ဖန်ဆင်းနိုင်တယ် ဆိုပေမယ့် အသည်းနှလုံးနဲ့ ပတ် သက်တဲ့ ကိစ္စကိုတော့ ဘယ်သူကမှ လုပ်ပေးလို့မရဘူး၊ သူ နှစ်သက်တဲ့ လူတစ်ယောက်ပဲ ဖြည့်ဆည်းပေးနိုင်တယ် ဆို တာကိုတော့ သခင် မမေ့ပါနဲ့"

ဟု ပြောကာ လူပုလေး မိတ္တာက ခန်းမဆောင်ထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခိုက်မှပင် အနုရာဓ ဘုရင်မ ကေသရီက ခန်းမ ဆောင်အတွင်းသို့ ဝင်လာလေသည်။ ကိုယ်ရံတော်နှင့် ရံရွေ တော်များကို အပေါက်ဝ၌ ထား၍ တစ်ယောက်တည်း ဝင် လာခြင်း ဖြစ်ပေသည်။ ကျော်စွာက ကေသရီကို မြင်သော အခါ ဒူးထောက်ထိုင်ကာ အရိုအသေ ပေးလိုက်လေသည်။

"ပကာသန အဆောင်အယောင်တွေကို တံခါး ပေါက်ရဲ့ ဟိုအပြင်ဘက်မှာ ထားခဲ့ပြီး ဒီအခန်းထဲကို သာမန် မိန်းကလေး တစ်ယောက်ရဲ့ ဘဝနဲ့ ဝင်လာခဲ့တဲ့ ကျွန်မကို ဒီ လို မဆီးကြိုသင့်ပါဘူး အစ်ကိုရယ်"

ကေသရီက တုန်ယင် လှိုက်လှဲသော အသံလေးဖြင့် ပြောလိုက်လေသည်။

"လောကမှာ အခြေအနေအရ ဖြစ်ပေါ်လာတဲ့ အ ဆင့်အတန်းတွေကို လက်မခံချင်လည်း ဥပေက္ခာပြုလို့ မရပါ ဘူး ကေသရီ၊ မင်းဟာ သာမန် အကျဉ်းစံ မင်းသမီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မဟုတ်တော့ပါ၊ အနုရာဓရဲ့ အမြင့်မြတ်ဆုံး အရှင်သခင် တစ်ယောက် ဘဝကို ရောက်နေပြီဆိုတာကို မမေ့ပါနဲ့ ကေသရီ. . .”

“လောကမှာ ပကာသန အဆောင်အယောင်ဆိုတာ တဒင်္ဂ အခိုက်အတန့် အသုံးဝင်တာက လွဲပြီး ဘဝအတွက် ထာဝရ ခိုင်မြဲတဲ့အရာတစ်ခုတော့ မဟုတ်ပါဘူး၊ ဘဝခရီးကို လျှောက်လှမ်းဖို့ဆိုတာ အဲဒါတွေထက် အရေးကြီးတဲ့အရာတွေ အများကြီး ရှိပါတယ်၊ ကျွန်မ ဘဝအတွက်၊ ကျွန်မ အသည်းနှလုံးအတွက် စစ်မှန်တဲ့ အဖော်ဆိုတာ လိုအပ်လှပါတယ်. . .”

“မင်းဘဝမှာ အဆင့်အတန်းချင်း တူညီတဲ့ ဘဝလက်တွဲဖော် ဆိုတာ တစ်နေ့ကျရင် တွေ့လာရမှာပါ၊ ဘဝဆိုတာ ကိုယ် ဖြစ်စေချင်သလို စိတ်ကူးယဉ်လို့ မရနိုင်ပါဘူးလေ”

“အသည်းနှလုံးရဲ့ လိုအပ်ချက်ကို ဘာနဲ့မှ အစားထိုးလို့ မရနိုင်ပါဘူး၊ ဘယ်အရာနဲ့မှလည်း မလဲချင်ပါဘူး၊ လောကမှာ အရေးကြီးဆုံးက စိတ်ချမ်းသာ ပျော်ရွှင်နေဖို့ပဲ၊ စိတ်နှလုံး ညှိုးနွမ်းနေတာကို ပကာသန အဆောင်အယောင်တွေက ပျော်ရွှင်အောင် လုပ်မပေးနိုင်ကြပါဘူး၊ ကျွန်မကို ဒီလိုဘဝမျိုးနဲ့ တစ်ယောက်တည်း အစ်ကို ထားရက်နိုင်မလားဟင်”





ဟု ကေသရီက ကျော်စွာ၏ လက်မောင်းတစ်ဖက်ကို ကိုင်လှုပ်ကာ မေးလိုက်လေသည်။

“မင်းဟာ အရင်လို မဟုတ်တော့ဘူး၊ ဆုံးဖြတ်ချက်တစ်ခုကို လွယ်လွယ်နဲ့ တစ်ယောက်တည်း ဆုံးဖြတ်လို့ မရတော့ဘူး၊ လောကရဲ့ သစ္စာတရားကို ဆောင်ရွက်ရမယ့်ဘဝမှာ အသည်းနှလုံးက တောင်းဆိုမှုတွေကို အလိုမလိုက်သင့်တော့ပါဘူးကွယ်”

ကျော်စွာက ဖျောင်းဖျ ပြောဆိုနေရသော်လည်း သူ့ရင်ထဲမှာလည်း မကောင်းလှပေ. . .။

“အစ်ကိုက ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေကို လွယ်လွယ်လေးနဲ့ ဆုံးဖြတ်နေတယ်လို့ ထင်နေလို့လား၊ တကယ်လို့ ကျွန်မ ဘဝအတွက် စိတ်ချမ်းသာမယ်ဆိုရင် ဘယ်အရာမဆို စွန့်လွှတ်ဝံ့ပါတယ် အစ်ကိုရယ်”

“အချိန်ဆိုတာ ဘဝအတွက် အကောင်းဆုံး ကုစားပေးတဲ့ သမားတော်ပါပဲ၊ မင်းဘဝမှာ မျိုးဆက်ကြွေးနဲ့ သမိုင်းက ပေးလာမယ့် တာဝန်တွေကို ထမ်းဆောင်ရဦးမယ် ကေသရီ မင်းဟာ အခုဆိုရင် အနုရာဓရဲ့ အရှင်သခင် တစ်ယောက်ရဲ့ ဘဝကို ရောက်နေတဲ့အခါ အညတြတစ်ယောက်လို ကိုယ့်သဘောနဲ့ကိုယ် ရွေးချယ်ပိုင်ခွင့် မရှိတော့ဘူး၊ မင်းက အနုရာဓနဲ့ ပြည်သူတွေကို မင်းက ပိုင်သလို ပြည်သူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပိုင်ကြတယ်၊ တစ်နေ့ကျရင် မင်းဘဝရဲ့ လိုအပ်ချက်တွေ၊ နှလုံးသားရဲ့ လိုအင်ဆန္ဒတွေ ပြည့်စုံပါစေလို့ ကိုယ်ဆုတောင်းပေးခဲ့ပါ့မယ်"

ဟု ပြောလိုက်သောအခါ ကေသရီက မျက်ရည်ဝေ့သော မျက်လုံးဖြင့် ကျော်စွာကို တစ်ချက် ကြည့်လိုက်ပြီးနောက် ခန်းမဆောင်အတွင်းမှ ပြန်ထွက်သွားလေတော့သည်။ ကျော်စွာအနေနှင့်လည်း အသည်းနှလုံးကို နှုတ်ယူခံလိုက်ရသည့်နှယ် ရင်ထဲမှာ ဆွေးမြေ့ ကြေကွဲလျက် ရှိနေသည်။

"ယခုအချိန်မှာ မင်းဟာ သာမန် မိန်းကလေး တစ်ယောက် ဆိုရင် ကိုယ့်ဘဝ လက်တွဲဖော်အဖြစ် ရွေးချယ်မိမှာ အမှန်ပါပဲ၊ အခုတော့. . ."

ကောင်းကင်ပြင်မှာ နက္ခတ်တာရာများက အစွမ်းကုန် ထွန်းလင်း တောက်ပလျက် ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အအေးဓါတ်က ထွေးပတ်လျက် ရှိနေသော်လည်း ကျော်စွာ ရင်ထဲမှ အပူကိုတော့ အေးမြအောင် မစွမ်းသာနိုင်ကြပေ။

...ဖြုးဖြူ...





အခန်း (၁၅)

## ကောလာသမှ ပုတ္တရအမွေ

ကျော်စွာနှင့် လူပုလေး မိတ္တတို့ ခွန်လွန်တောင်တန်းသို့ ပြန်ကြသောအခါ အနုရာဓ ဘုရင်မ၏ ကိုယ်ရံတော်နှင့် အတိုင်ပင်ခံ ဖြစ်နေကြသည့် ပါဝဏနှင့် ရောဟဏီတို့က မြို့တံခါး အပေါက်ဝအထိ လိုက်ပို့ပေးကြလေသည်။

စစ်သည် ရဲမက်များနှင့် မြို့သူမြို့သားများက သစ္စာပါလ သူရဲကောင်းကို အော်ဟစ် နှုတ်ဆက်ကြသည်။

"သစ္စာပါလ သူရဲကောင်း သက်တော်ရာကျော် ရှည်ပါစေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာပါလ သူရဲကောင်း သက်တော်ရာကျော် ရှည်ပါစေ. . .

ကျော်စွာတို့ကလည်း မြင်းပေါ်မှ လက်ပြ နှုတ်ဆက်ကြလေသည်။ ကေသရီကတော့ နန်းမဆောင် လေသာ ပြတင်းပေါက်မှ ထွက်ကာ ကျော်စွာတို့တွေ နန်းဆောင်အတွင်းမှ ထွက်သွားကြသည်ကို လှမ်းမျှော် ကြည့်ရှုနေလေသည်။

နန်းဆောင် အပြင်ဘက်သို့ ရောက်သောအခါ ကျော်စွာတို့က လက်ပြ နှုတ်ဆက်ကြသောအခါ ကေသရီကလည်း ပြန်လည်၍ ပုဝါဖြူလေးနှင့် ဝှေ့ယမ်း နှုတ်ဆက်နေသည်။ ထိုအချိန်တွင် ကေသရီ မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာလေသည်။

"အခြေအနေ မပေးတော့လည်း ဝေးကြရဦးပါပေါ့ ချစ်သူရေ. . ."

ဟု တိုးတိုးလေး ရေရွတ်နေမိသည်။

ကျော်စွာတို့တတွေ မြို့အဝင် တံခါးပေါက်နားသို့ ရောက်ကြသောအခါ အသီးသီး မြင်းပေါ်မှ ဆင်းလိုက်ကြသည်။ ပါဝဏနှင့် ရောဟဏီတို့က ကျော်စွာရှေ့တွင် ဒူးထောက် ထိုင်ကာ အရိုအသေ ပြုကြလေသည်။

"သခင်နဲ့အတူ ပြန်မလိုက်နိုင်တော့တဲ့အတွက် ကျွန်ုပ်ကို ခွင့်လွှတ်ပါ၊ ကျွန်ုပ်မှာ သခင်ရဲ့ကျေးဇူးတွေ ဆပ်လို့မကုန်





အောင် ရှိနေပါတယ်၊ တစ်နေ့ကျလို့ အခွင့်သင့်တဲ့အခါကျရင် သခင်ရဲ့ကျေးဇူးတွေကို ပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်"

ဟု ပါဝဏက ဝမ်းနည်း တုန်ရင်နေသည့် အသံဖြင့် ပြောသည်။ ရောဟဏီကလည်း သူမ၏ တုတ်ရှည်ကြီးအား မြေသို့ ထောက်၍ အရိုအသေ ပြုကာ. .

"တကယ်ဆိုရင် ကျွန်ုပ်ကလည်း သခင်နဲ့ပဲ အတူ ပြန်လိုက်လိုပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ မင်းသမီးလေးကို စောင့်ရှောက်ပေးရမှာမို့ အခုလို နေရစ်ခဲ့ရတာ စိတ်မကောင်းပါဘူး"

ထိုအချိန်တွင် မိန်းမကြမ်းကြီး ရောဟဏီ၏ အစဉ်သဖြင့် ကြမ်းတမ်း တင်းမာနေသည့် မျက်နှာပေါ်မှာ မျက်ရည်များ စီးကျလျက် ရှိသည်။

"မင်းတို့ ကေသရီကိုသာ စောင့်ရှောက်ရစ်ကြပါ. ."

ဟု ကျော်စွာက ပြောပြီး မြင်းပေါ် ပြန်တက်ရန် ဟန်ပြင်သောအခါ ပါဝဏက ရှေ့သို့ တိုးလာလေသည်။

"အခုအချိန်မှာတော့ သခင်ကို ပြောစရာရှိတာ ပြောလိုက်ပါရစေ"

ဟု ပြောလေသည်။ အမူအယာ အနည်းငယ် ထူးခြားနေသော ပါဝဏကို ကြည့်ပြီး ကျော်စွာက အံ့သြသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိတာ ပြောပါ ပါဝဏ"

"သခင်က ကျွန်ုပ်ကို သာမန် တိဗက်တောင်တန်းသား တစ်ယောက်လို့ ထင်နေမယ်၊ တကယ်တော့ ကျွန်ုပ်က သာမန်လူတစ်ယောက် မဟုတ်ပါဘူး၊ ပုတ္တရမြို့က လျှို့ဝှက်အထောက်တော် တစ်ယောက် ဖြစ်ပါတယ်"

ထိုစကားကြောင့် ကျော်စွာ စိတ်ထဲမှ အနည်းငယ်တော့ အံ့သြသွားလေသည်။ ပုတ္တရ ဟူသော အသံကို ကြားလိုက်ရုံမျှဖြင့် နှလုံးသွေးတို့ ဆူဝေ တက်ကြွလာသည်။ အာရုံထဲမှာလည်း အတိတ်က ပုံရိပ်ဟောင်းများက လျှပ်တပြက်ဆိုသလို ဝင်ရောက်လာလေသည်။

"မင်းက ဘာကိစ္စနဲ့ ဒီနယ်ဘက်ကို ရောက်လာတာလဲ"

"သခင်တို့ရဲ့ သတင်းကို လိုက်ပြီး စုံစမ်းနေတာပါ"

"ဘာအတွက်လဲ"

"အခုဆိုရင် ပုတ္တရမှာ အုပ်ချုပ်မယ့်ဘုရင် မရှိတော့ပါဘူး၊ ဒါကြောင့် ပုတ္တရရဲ့ မျိုးဆက် အစစ်အမှန်ကို လိုက်ရှာနေတာပါ၊ ပုတ္တရရဲ့ မျိုးဆက်ကလည်း သခင်တစ်ယောက်ပဲ ရှိပါတော့တယ်၊ သခင် ပုတ္တရကို ပြန်ဖို့ အချိန်ရောက်ပါပြီ"

"ဒီကိစ္စက ငါတစ်ယောက်တည်း ဆုံးဖြတ်လို့ မဖြစ်သေးဘူး၊ ခွန်လွန်တောင်တန်း ပြန်ရောက်မှ အဘိုးတို့ စီမံတဲ့





အတိုင်း ဆောင်ရွက်ရမှာပါ၊ ကဲ. . . ငါသွားတော့မယ်"

ဟု ပြောဆိုပြီး မြင်းပေါ် တက်သည်။

"ပါဝဏ. . . မင်း ငါ့ကို တစ်ခုတော့ ကတိပေးပါ"

"ဘာများလဲ သခင်"

"ငါရဲ့အကြောင်းတွေကို မင်းတို့ သခင်မ ကေသရီ မသိအောင် စောင့်ထိန်းထားပါ"

"စိတ်ချပါ သခင်၊ ဒီအကြောင်းတွေကို သခင်မလေး မသိအောင် လျှို့ဝှက်ထားပါ့မယ်"

ထို့နောက် ကျော်စွာနှင့် လူပုလေး မိတ္တသည် မြင်းကိုယ်စီနှင့် ခွန်လွန်တောင်တန်းသို့ ပြန်ခဲ့ကြလေတော့သည်။

တကယ်တော့. . .

ခွန်လွန်တောင်တန်းကြီးသည် အေးချမ်းသာယာသော နေရာဖြစ်ပြီး လူ့ဘဝအတွက် မှီခိုအားထားရာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ကောင်းလှသော နေရာတစ်ခု ဖြစ်ပေတော့သည်။ ခွန်လွန်တောင်တန်းသို့ ရောက်သောအခါ မိခင်ဖြစ်သူအား ရှိသေစွာ ကန်တော့လေသည်။

"ငါ့သား ဘေးမသီ ရန်မခဘဲ ပြန်ရောက်လာပြီလား"

"ပြန်ရောက်ပါပြီ မယ်မယ်၊ ဖခင်အတွက် သွေးကြွေးဆပ်ပြီး ပုတ္တရကို ဖျက်ဆီးခဲ့သူကို သုတ်သင် ရှင်းလင်းနိုင်ခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားသောအခါ မိခင်ဖြစ်သူက အေးချမ်းသော အပြုံးကို တစ်ချက်ပြုံးလိုက်ရင်း. . .

“ငါ့သား နောက်ထပ် တာဝန်ထမ်းဆောင်စရာတွေ အများကြီး ကျန်သေးတယ်၊ မင်းဖခင်ရဲ့ သွေးကြွေးကို ဆပ်ခဲ့ပြီးတဲ့နောက်မှာ ပုတ္တရအမွေကို ရအောင် ပြန်ကြိုးစားရဦးမယ်၊ မိဘရဲ့အမွေကို ဆက်ခံနိုင်မှ သားကောင်းရတနာရဲ့ တာဝန်ကျေပြွန်မယ်”

ဟု ပြောကြားလေသည်။

“စိတ်ချပါ မယ်မယ်၊ သား ပုတ္တရရဲ့ ထီးနန်းအမွေကို ပြန်ရအောင် ကြိုးစားပါ့မယ်”

“အေးကွယ်၊ သာဓု သာဓု၊ ငါ့သား ဘေးမသီ ရန်မခဘဲနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေကွယ်. . .”

ထို့နောက် သူတော်စင်အဘိုး ရှိရာသို့ လိုက်သွားလေသည်။ အဘိုးက နေရောင်ခြည် ကောင်းစွာ ရသော ကျောက်တောင်ထိပ်ပေါ်မှာ တရားထိုင်နေလေသည်။ တောက်ပနေသော နေရောင်ခြည်သည် မြူနှင်းများကို ဖောက်ထွင်းလျက် တောင်စွန်းပေါ်မှတဆင့် သူတော်စင်ကြီး မျက်နှာပေါ်သို့ ရောင်ပြန်ဟပ်လျက် ရှိနေသည်။

နေရောင်၏ အရိပ်များက စွမ်းအားတစ်ခုကို သယ်ဆောင်လာသကဲ့သို့ ရှိနေသည်။ တောင်တန်းများဘက်မှ





ကျေးငှက်အော်သံများက လေနှင့်အတူ ပြန်လွင့်ပါလာလေသည်။ ကျော်စွာက မနီးမဝေး နေရာမှ ထိုင်ပြီး အဘိုးအားကန်တော့လိုက်လေသည်။ အဘိုးက မှိတ်ထားသော မျက်လုံးများ ဖျက်ကနဲ ပွင့်လာလေသည်။

“ငါ့မြေး ပြန်ရောက်လာပြီလား”

“ရောက်ပါပြီ အဘိုး၊ တာဝန်များ ကျေပွန်အောင် ဆောင်ရွက်ပြီးခဲ့ပါပြီ”

အဘိုးက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

“ပျားရည်ကို အလိုရှိတဲ့ပျားတွေက မိုင်ပေါင်း ထောင်ချီ ဝေးတဲ့အရပ်မှာ ရှိတဲ့ ပန်းပွင့်တွေ ရှိတဲ့နေရာကို မရပ်မနားပျံသန်းသွားကြရသလိုပဲ၊ ရည်ရွယ်ချက် ရှိသူတွေကလည်း ဘယ်လောက် ကြမ်းတမ်းတဲ့ အခက်အခဲတွေနဲ့ တွေ့ရပေမယ့် မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ကျော်ဖြတ်ကြရတယ်”

“ဟုတ်ကဲ့”

“အခု တာဝန်တစ်ခု ပြီးတဲ့အခါမှာ ငါမြေးရဲ့ဘဝမှာ အရေးကြီးဆုံး တာဝန်တစ်ခု ထမ်းဆောင်ဖို့ ကျန်နေသေးတယ်၊ အဲဒီ တာဝန်ကို အခု ဆက်ပြီး ဆောင်ရွက်ရတော့မယ်”

“ဟုတ်ကဲ့”

“ရှေ့မှာ မင်းအတွက် ပန်းခင်းလမ်း မဟုတ်တဲ့ အခက်အခဲတွေကတော့ အများကြီး တွေ့ရလိမ့်မယ်၊ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်နိုင်မှ လိုရာ ပန်းတိုင်ကို ရောက်နိုင်လိမ့်မယ် ငါ့မြေး"

"ဟုတ်ကဲ့ပါ အဘိုး"

"မိုးချုန်းသံတွေကို ကြောက်လန့်ပြီး အပြင်မထွက်ဝံ့တဲ့ သူဟာ မိုးရေရဲ့ အေးမြမှု အရသာကို ဘယ်တော့မှ ထိတွေ့ ခွင့် ရမှာ မဟုတ်ဘူး၊ မိုးချုန်းသံဆိုတဲ့ ထိတ်လန့်ဖွယ်ရာတွေ ဟာ မိုးရေဆိုတဲ့ အေးမြခြင်းရဲ့ ရှေ့က လာတဲ့ အနှောင့် အ ယှက်တွေပဲ၊ ဒီလိုပဲ ငါ့မြေး၊ အောင်မြင်မှုတစ်ခုကို လိုချင်တဲ့လူ ဟာ လမ်းခရီးတစ်လျှောက်မှာ တွေ့ရမယ်၊ အခက်အခဲ အ နှောင့်အယှက်တွေကို မကျော်လွှားဘဲနဲ့တော့ မရနိုင်ဘူး၊ မိခင်တွေအတွက် သားကောင်းရတနာကို လိုချင်ရင် အသက် စွန့်ပြီး မွေးဖွားရတဲ့ အလုပ်ကိုတော့ ရှောင်သွားလို့ မရဘူး၊ လက်ခံရမှာပဲ. . ."

အဘိုးသည် သူ့ကို ဆုံးမစကား ပြောတာ သည်တစ် ခါ အကြာဆုံးလို့ စိတ်ထဲမှ ထင်မိသည်။

"အချိန်နဲ့ အခွင့်အရေးဆိုတာ ထိုင်စောင့်နေသူ အ တွက် နှေးကွေးသလို ကြောက်လန့်နေသူတွေအတွက်က တော့ အတော်မြန်ဆန်တယ်၊ ပူဆွေးသောကနဲ့ ကြုံတွေ့နေရ သူအတွက် အချိန်ဆိုတာ အလွန် ကြာညောင်းတတ်ပေမယ့် ပျော်ရွှင်နေသူ အတွက်ကတော့ အချိန်ကုန်တာ မြန်နေတတ် ပါတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်ရဲ့ လှည့်စားမှုကို ခံနေရတာနဲ့





စာရင် အချိန်ကို အသုံးချနိုင်မှုတွေအတွက်ကတော့ လိုချင်တဲ့ ပန်းတိုင်ကို ရောက်ကြတာပါပဲ"

"အဘိုး ပြောတာကို နားထောင်ပြီး အဘိုး စေခိုင်း သမျှ အလုပ်ကို အောင်မြင်အောင် ဆောင်ရွက်ပါ့မယ်အဘိုး"

အဘိုးက ကျော်စွာကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ငါ့မြေးဟာ ပုတ္တရရဲ့ မျိုးဆက်သွေးပဲ၊ မင်းရဲ့ဖခင်ဟာ ဥတ္တရာဘုရင်၊ မိခင်က စန္ဒာဒေဝီ မိဖုရားပဲ၊ အခု အချိန်အခါ ဟာ ငါ့မြေးအတွက် ကောင်းသော အချိန်အခါ ဖြစ်ပြီး အခွင့် အရေးတွေကလည်း ပေါ်လာပြီ"

"ဟုတ်ကဲ့ အဘိုး"

"အနုရာဓ ဘုရင် စိတြ ပျက်စီးသွားခဲ့တဲ့နောက်မှာ ပုတ္တရမှာ သူ ထားခဲ့တဲ့ လက်ပါးစေ ဘုရင်ကိုလည်း ပြည်သူ တွေက သုတ်သင်ပစ်လိုက်ကြပြီ"

"ဟင်. . ."

"ပုတ္တရပြည်သူတွေရဲ့ အဓိက လိုအပ်ချက်ကတော့ ပုတ္တရသွေး အစစ်ကိုပဲ၊ သူတို့ရဲ့ အရှင်သခင်ဟာ ပုတ္တရသွေး ရှိတဲ့သူကိုပဲ လိုလားကြတယ်၊ ဒါကြောင့် ပုတ္တရ နန်းရင်ပြင်မှာ သူရဲကောင်းရွေးပွဲ ကျင်းပတော့မယ်"

ထိုစကား ကြားသောအခါ ကျော်စွာ ရင်ထဲမှ နွေး သွေးများ ဆူဝေတက်လာသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ငါ့မြေးကို အတတ်ပညာတွေ ပေးထားခဲ့တယ်၊ စွမ်းအားတွေ ထည့်ပေးထားခဲ့တယ်၊ သစ္စာပါလ လောကရဲ့ အကျိုးကို သစ္စာတရားနဲ့ အောင်မြင်အောင် ဆောင်ရွက်ပေတော့ ငါ့မြေး. . ."

"ကျွန်တော် အဘိုး ပြောတဲ့အတိုင်း ပုတ္တာရအမွေကို ပြန်ရအောင် အစွမ်းကုန် ကြိုးစားပါ့မယ်၊ ဘယ်လို ဆောင်ရွက်ရမယ် ဆိုတာ ညွှန်ကြားပေးပါ အဘိုး. ."

"မင်း အခု ကေလာသ တောင်တော်ကို အရောက် သွားရလိမ့်မယ်၊ ကေလာသ တောင်ထိပ်ရဲ့ တစ်နေရာမှာ ထူးခြားတဲ့ ကျောက်နံရံကြီးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီ ကျောက်နံရံကြီးဟာ မေတ္တာစက်ကွင်း အဆက်အသွယ် ရှိသူတွေ၊ ပဋ္ဌာန်းဆက် ရှိသူတွေကို အကြောင်းတိုက်ဆိုက်လာရင် တစ်ခါတစ်ရံမှာ တံခါးဖွင့်ပေးလေ့ ရှိတယ်၊ ငါမြေး အဲဒီ ကျောက်နံရံကြီး အနားကို သွားပြီး အဘိုး လေ့ကျင့်ပေးထားတဲ့ မေတ္တာစွမ်းအားကို အသုံးချပြီး အထဲရောက်အောင် ဝင်ပေတော့"

"ဟုတ်ကဲ့"

"အတွင်းရောက်တဲ့အခါ တရားကျင့်နေတဲ့ အဘိုးအိုတစ်ဦး တွေ့ရလိမ့်မယ်၊ သူ့ဆီမှာ ပုတ္တာရနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ ပစ္စည်းတွေ အပ်နှံထားတာ ရှိတယ်၊ အဲဒီပစ္စည်း





တွေဟာ မင်းဘဝအတွက် အရေးအကြီးဆုံး ပစ္စည်းတွေပဲ၊ အဲဒါတွေ ရတဲ့အခါ ပုတ္တာရက သူ့ရဲ့ကောင်း ရွေးချယ်ပွဲကို အမီသွားပေတော့ လူကလေး"

"ကောင်းပါပြီ၊ ဒါထက် ကေလာသ တောင်ပေါ်က ကျောက်နံရံကြီး ရှိတဲ့နေရာက ဘယ်နေရာလဲဟင်. . ."

"လူတွေက ရှမ်ဗဲလားလို့ သတ်မှတ်ကြတဲ့ ရှမ်ဗဲလားကို ရောက်နိုင်တဲ့ ဝင်ပေါက်တစ်ခုပဲပေါ့ကွယ်"


ထိုသို့ ပြောလိုက်သောအခါ ကျော်စွာသည် အဘိုးသူတော်စင်အား ရိုသေစွာ ကန်တော့၍ ထိုနေရာမှ ပြန်ဆင်းလာခဲ့သည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၆)

# ပုတ္တရအမွေနှင့် သားကောင်းရတနာ

ဟိမဝန္တာတောင်တန်းပေါ်၌ တောင်ထွတ်ပေါင်း (၄၀)ကျော် ရှိရာ ၎င်းတို့အနက် အမြင့်ဆုံး တောင်ထွတ်များထဲမှာ ကေလာသ တောင်လည်း တစ်တောင် အပါအဝင် ဖြစ်သည်။ ကေလာသတောင်သည် ဗုဒ္ဓဘာသာဝင်နှင့် သူတော်စင်တို့ အလေးအမြတ် ထားရာ နေရာတစ်ခု ဖြစ်သည်။

ဟိမဝန္တာ (အချို့စာပေများ၌ ဟီမာလီယာ ဟုလည်း ရေးသား ဖော်ပြကြသည်) အကြောင်းကို ရှေးဟောင်း ကျမ်းစာများနှင့် ပါဠိစာပေများတွင် တခမ်းတနား ရေးသား ဖော်ပြကြလေသည်။ အချို့က ဟိမဝန္တာတောင်မင်းသည် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်သို့ ယူဇနာ ငါးရာမျှ ထိုးထွက်နေသည်ဟု ဆိုသည်။

ယူဇနာ သုံးထောင် ပြန့်ပြူး တည်ရှိနေ၏။ တောင်ထွတ် တောင်ထိပ် ရှစ်သောင်း လေးထောင်တို့ဖြင့် တန်ဆာဆင်ထား၏။ မြစ်ကြီးငါးရာ စီးဆင်း၏။ ဘားရ်တိရစ္ဆာန်ကြီးတို့၏ နေထိုင်ပျော်မွေ့ရာ အိမ်ဂေဟာသဖွယ် ဖြစ်၏။ အမျိုးမျိုး အပြားပြားသော ပန်းများ၊ ဂမုန်းများ၊ ဆေးဖက်ဝင် အပင်၊ သစ်ပင် အစရှိသည်တို့မှ အမွှေးနံ့သာများက ကြိုင်လှိုင်လျက် ရှိပေသည်။ ဟိမဝန္တာတောင်ပေါ်၌ နတ်ဆေး ဩသဓများပင် ရှိ၏။

ထို့ပြင် . . .

ဟိမဝန္တာတောင်သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ် ထားရာ နေရာလည်း ဖြစ်သည်။ ရှမ်ဗဲလားသို့ ဝင်နိုင်သော တံခါးပေါက်များသည် ဟိမဝန္တာတောင် တစ်နေရာ၌ ရှိသည်ဟု ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ရှမ်ဗဲလား၏ ဝင်ပေါက်ဟု သတ်မှတ်ကြသော ဂင်္ဂါမြစ်၏ ရေဝေကုန်းတန်းသည် ကေလာသ တောင်အနီး၌ ရှိသည်ဟု ယူဆထားကြသောကြောင့် ဖြစ်သည်။

ကျော်စွာသည် ဓါးတစ်လက်၊ မြင်းတစ်စီး၊ ရိက္ခာ အနည်းငယ်ဖြင့် ခွန်လွန်တောင်တန်းမှ ကေလာသ တောင်တော် ရှိရာသို့ ခရီးဆက်ခဲ့လေသည်။ တောအထပ်ထပ် တောင်





အသွယ်သွယ်ကို မနားတမ်း ကျော်ဖြတ်ခဲ့ရလေသည်။

ကေလာသ တောင်တဝိုက် ရောက်တော့ ဘုရားဖူးရန် အဖွဲ့လိုက် လာရောက်ကြသူများကို တွေ့ရသည်။ မနုဿရောဝ ရေကန်ဘက်မှာလည်း အလံများ လွှင့်၍ အဖွဲ့လိုက် မေတ္တာစက်ကွင်း ဖြန့်ဝေနေသူများက တွေ့ခဲ့ကြရသေးသည်။

ကေလာသ တောင်စွန်း တစ်နေရာသို့ ရောက်သောအခါ ထူးခြားသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို လှမ်းမြင်ရလေသည်။ ထိုဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေကြသော ဘုန်းတော်ကြီးများမှာ အသက် မည်ရွေ့ မည်မျှ ရှိသည်ကို ခန့်မှန်းရန် ခက်လှသည်။ ကျော်စွာနှင့် လူပုလေး မိတ္တာတို့သည် ထိုကျောင်းတော်ကြီးမှာ ခရီးတစ်ထောက် ဝင်ရောက် နားကြလေသည်။

ဘုန်းတော်ကြီးများက သူတို့အား တကူးတက ဧည့်ခံမနေဘဲ သူတို့အလုပ် သူတို့ လုပ်နေရင်းမှ လိုအပ်သော အစားအသောက်နှင့် နေရာထိုင်ခင်းများ စီစဉ်ပေးကြသည်။ ထိုကျောင်း၌ သစ်သီးသစ်ရွက်၊ စွပ်ပြုတ်ရည်များကိုသာ သောက်ရသော်လည်း အားရှိလှပေသည်။

ကျောင်းတော်ကြီးထဲမှာ နားနေစဉ် အချို့နေရာများကို ပိတ်ပင်ထားသော်လည်း အချို့နေရာများကိုတော့ ဝင်ရောက် ကြည့်ရှုခွင့် ပြုထားလေသည်။ ကျောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ပိဋကတ်တိုက်ကဲ့သို့ စာအုပ်နှင့် ပုရပိုဒ်ပေါင်းများစွာ ထားသော အခန်းကြီး ရှိသည်။ ဗုဒ္ဓတရားတော် ကျမ်းစာများ၊ လျှို့ဝှက်ဆန်းကြယ်သော ပညာရပ်များ၊ ဗေဒင်ပညာကျမ်းများ၊ အဂ္ဂိရတ်ပညာကျမ်းများ၊ ဆေးကျမ်းများ၊ အစီအရင်ကျမ်းများတို့လည်း ရှိလေသည်။

ထိုကျောင်းတော်ကြီး၏ အထက်ဘက် ကျောက်နံရံပေါ်မှာ ကြီးမားလှသော စကြာအမှတ်အသားကြီးတစ်ခု ထွင်းထုထားလေသည်။ ထိုအမှတ်အသားကြီးမှာ လွန်စွာ ကြီးမားသောကြောင့် ဝေးလံလှသော အရပ်ကပင် လှမ်းမြင်နိုင်လေသည်။

ကျော်စွာသည် ကျောင်းတော်ကြီး၌ တစ်ည တည်းခိုခွင့် ရစဉ် ဂူတစ်ဂူထဲသို့ ဝင်ရောက်ကာ မေတ္တာစွမ်းအင်နှင့် ကျင့်စဉ်အချို့ကို စတင် ကျင့်လေတော့သည်။ သူ အားထုတ်သော ကျင့်စဉ်မှာ ဘတ္တတိ ယောဂ ကျင့်စဉ် ဖြစ်သည်။ ဘတ္တတိ ကျင့်စဉ်မှာ မြတ်စွာဘုရားအား ယုံကြည်ကိုးကွယ်ခြင်းနှင့် သစ္စာပြုခြင်းအတွက် အားထုတ်သော ကျင့်စဉ်တစ်ခု ဖြစ်ပေသည်။

ထိုကျင့်စဉ်မှာ မြတ်စွာဘုရားအပေါ် ရိုသေ ဝတ်ပြုခြင်းနှင့် သဒ္ဓါစိတ်ကို ပွားများစေသော ကျင့်စဉ်တစ်ခု ဖြစ်သည်။ ဘတ္တတိ ကျင့်စဉ်ထဲမှာ စိတ်အာရုံ နစ်မြုပ်သွားသည်





နှင့် ပတ်ဝန်းကျင်နှင့် လောကကြီးတစ်ခုလုံး မေ့လျော့သွားလေတော့သည်။

အချိန်မည်မျှကြာအောင် နစ်မျောသွားသည် မသိပေ. . .။ သူ့အာရုံထဲမှာ ဘုန်းတော်ကြီးတစ်ပါး ကြွလာသည်ကို မြင်နေရသည်။ ဘုန်းကြီးက သူ့အနီးသို့ ရောက်သည်နှင့် ဤသို့ ပြောလေသည်။

"ကျုပ်တို့က တရားအလုပ်ကိုပဲ အာရုံစိုက်ပြီး အလုပ်လုပ်နေကြတာဆိုတော့ သာမန် ပုဂ္ဂိုလ်တွေနဲ့ စကားထိုင်ပြောနေဖို့ အချိန်မရနိုင်ပါ၊ ယခု သင်က တရားအလုပ် လုပ်နေပြီဆိုတော့ တရားကျင့်ဖော်ကျင့်ဖက်ချင်း ဆက်သွယ်လို့ ရတာပဲ ဖြစ်တယ်"

"ယခု ဒီကို ဘာကိစ္စရှိလို့ လာတာလဲ ဆရာတော်"

"သင့်ကို အကူအညီ ပေးဖို့ပါ၊ သင်က ကေလာသတောင် တစ်နေရာမှာ ရှိတဲ့ ကျောက်နံရံကြီး ရှိတဲ့နေရာကို သွားချင်တာ မဟုတ်လား၊ ကျုပ် ညွှန်ပြပေးပါ့မယ်၊ ဒီမှာကြည့်ပါ"

ဟု ကျောင်းတော်ကြီး အပြင်ဘက်သို့ လက်ညှိုးထိုးပြလေရာ သူ လက်ညှိုးထိုးပြရာ တလျှောက်မှာ မီးမောင်း ထိုးပြနေသကဲ့သို့ ရှိပြီး လမ်းများ၊ အရာဝတ္ထုများကို ကောင်းစွာ မြင်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတဆင့် ကေလာသ တောင်တော်သို့ ရောက်သောအခါ တောင်၏တစ်နေရာမှာ ထူးခြားသော ကျောက်တောင် နံရံကြီးတစ်ခုကို လှမ်းမြင်ရလေသည်။ ထိုသို့ပြပေးပြီးနောက် ဘုန်းတော်ကြီးက တဖြည်းဖြည်းနှင့် ပြန်လည် ပျောက်ကွယ်သွားလေတော့သည်။

ထိုနေ့ညက တစ်ညလုံး တရားအလုပ် လုပ်ပြီးနောက်တစ်နေ့ နံနက်လင်းသောအခါ ဘုန်းတော်ကြီးတစ်ပါးသူ ရှိရာ ရောက်လာပြီး စွပ်ပြုတ်ရည်တစ်ပွဲနှင့် ဆေးရည်တစ်ခွက် လာပို့ပေးရင်း ဤသို့ မေးသည်။

"ညက သင် ဆရာတော်ကြီးကို ဖူးတွေ့ခွင့် ရလိုက်တယ် မဟုတ်လား. . ."

ကျော်စွာက အတန်ငယ် စဉ်းစားလိုက်ပြီး. . .

"မှန်ပါတယ်၊ ဖူးတွေ့လိုက်ရပါတယ်"

ဟု ပြန်ပြောလိုက်သည်။

"သင်အား အလွန် ကံထူးသူ တစ်ယောက်ပဲ၊ ဆရာတော်ကြီးကို ဒီကျောင်းတော်မှာ ရှိတဲ့ ကိုယ်တော်တွေတောင် အစုံမတွေ့ဖူးကြသေးဘူး"

ဟု ပြောကာ ပြန်သွားလေသည်။ စွပ်ပြုတ်ရည်နှင့် ဆေးရည်ကို သောက်ပြီးသောအခါ ကုန်ဆုံးသွားသော ခွန်အားများ ပြန်လည် ပြည့်ဖြိုးလာသလို ခံစားရလေသည်။ ထို





ဘုန်းတော်ကြီးကျောင်းတွင် နောက်ထပ် တစ်ည နေသော်လည်း အိပ်မက်ထဲမှာ တွေ့လိုက်ရသော ဘုန်းတော်ကြီးကိုတော့ နောက်တစ်ကြိမ် မတွေ့ရတော့ပေ။

ဤသို့ဖြင့် နောက်တစ်နေ့ နံနက်လင်းသောအခါ ထိုကျောင်းတော်ကြီးမှ ထွက်ခဲ့ကြလေသည်။ သူ့မျက်စိထဲမှာ ဘုန်းတော်ကြီး ညွှန်ပြပေးခဲ့သော လမ်းများကို ကောင်းစွာမှတ်မိနေလေသည်။ သို့ကြောင့် ထိုလမ်းအတိုင်း ခရီးဆက်ခဲ့ကြလေသည်။

နောက်ထပ် တစ်နေ့နှင့် တစ်ည ခရီးဆက်သောအခါ ဘုန်းတော်ကြီး ညွှန်ပြပေးခဲ့သောအခါ အထက်သို့ တက်သော လမ်းကြောင်းတစ်ခုကို တွေ့ရသဖြင့် မိတ္တကို တောင်ခြေမှာ ထားခဲ့ပြီး သူတစ်ယောက်တည်း အပေါ်သို့ တက်လာခဲ့သည်။ လမ်းဟုသာ ဆိုရသော်လည်း ကျောက်တုံးကျောက်ခဲများ စီချထားသော လမ်းကြမ်းတစ်ခုသာ ဖြစ်ပေသည်။

သူသည် တောင်တက်လမ်းများကို တက်ရာတွင် အလေ့ အကျင့် ရှိထား၍ တော်ရှေ့သည်။ တောင်မှာ အတော်မြင့်လေသည်။ ပေပေါင်း အတော်မြင့်လာသောအခါ ပတ်ဝန်းကျင်၌ မည်သည့် အရာဝတ္ထုကိုမျှ မတွေ့ရတော့ဘဲ မြူနှင်းတိမ်တိုက်များသာ တွေ့မြင်ရတော့သည်။

တစ်ခါတစ်ခါမှာ တိမ်တိုက်ထဲမှာ လမ်းလျှောက်နေရ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ထင်မိလေသည်။ ကေလာသတောင်သည် ပေ ပေါင်း သောင်းကျော် မြင့်သော တောင်များထဲမှာ ပါဝင်လေ သည်။ အောက်သို့ ငုံ့ကြည့်တော့လည်း မြူနှင်းတိမ်တိုက်များ မှ လွဲ၍ ဘာတစ်ခုမှ မတွေ့ရတော့ပေ။

ခံနိုင်ရည်နှင့် အလေ့အကျင့် ရှိသူမို့သာ တော်ရော့ သည်။ သာမန်လူ ဆိုလျှင်တော့ ရာသီဥတုဒဏ် မခံနိုင်သော ကြောင့် လမ်းခုလတ်မှာတင် အသက်ပျောက်လောက်သည်။ ဤသို့ဖြင့် တဖြည်းဖြည်း တက်လာရာ နောက်ဆုံးတော့ လမ်း ဆုံးသွားပြီး ရှေ့ဆက်သွား၍ မရနိုင်တော့ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

သူ့ရှေ့၌ အဘယ်မျှ မြင့်မှန်း မခန့်မှန်းနိုင်သော ကျောက်နံရံကြီးမှာ ကျောက်ပြားတစ်ချပ် ထောင်ထားသကဲ့ သို့ မတ်မတ်ကြီး ဖြစ်ကာ ထိပ်ပိုင်းကတော့ တိမ်တိုက်ထဲ ရောက်နေသောကြောင့် မမြင်ရပေ။ သို့ကြောင့်. . . ဘယ် လောက် မြင့်သည်ကို မခန့်မှန်းနိုင်ပေ၊

"အင်း. . . အိပ်မက်ထဲမှာ ဆရာတော်ကြီးက ညွှန်ပြ ပေးလိုက်တဲ့နေရာတော့ ရောက်ပြီ၊ အဘိုး ပြောလိုက်တာလဲ ဒီနေရာပဲ ဖြစ်ရမယ်၊ အဘိုး မှာလိုက်သလို ကျောက်နံရံကြီး ပွင့်တဲ့အထိ စိတ်ရှည်လက်ရှည် စောင့်ရမှာပဲ. . . ဒီလောက် အေးတဲ့နေရာမှာ ဒီအတိုင်း စောင့်နေလို့ကတော့ မဖြစ်ဘူး၊





ဒါတောင် ခရီးမထွက်ခင်က ဘုန်းကြီးတွေ တိုက်လိုက်တဲ့ ဆေးကြောင့် ဒီလောက်ခံနိုင်နေတာ ဖြစ်မလဲ၊ ဘာပဲဖြစ်ဖြစ် အဘိုး ပြောတဲ့ စကားထဲမှာ အချိန်ဆိုတာ ဒီအတိုင်း စောင့်နေ ရင် အလွန်နှေးတယ်တဲ့၊ ဒီတော့ ငါ့အတွက် အကျိုးရှိမယ့် အလုပ်တစ်ခုခု လုပ်ရင်း စောင့်ရတာ ပိုကောင်းမယ်"

ဟု တွေးကာ ကျောက်နံရံကြီးရှေ့၌ ရှိသော ကျောက် ပြားပေါ်မှာ ထိုင်ရင်း စိတ်စွမ်းအင် လေ့ကျင့်မှုကို လုပ်လေ တော့သည်။

ထိုသို့ ပြုလုပ်လေရာ အချိန်မည်မျှ ကြာသွားသည် မသိပေ။ မိမိအာရုံထဲမှာ ရှေ့မှ ကျောက်နံရံကြီး ပွင့်နေသည် ဟု မြင်ရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့မျက်စိ ကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားလေတော့သည်။ သူ့ ရှေ့မှာ ရှိသော ကျောက်နံရံကြီးမှာ လူတစ်ယောက် ဝင်သာ လောက်အောင် ထက်ခြမ်းကွဲကာ ဟလျက် ရှိနေသည်။ အ တွင်းသို့ လှမ်းကြည့်လိုက်တော့ လယ်ကွင်းများ၊ သီးနှံစိုက်ခင်း များ၊ ဥယျာဉ်ခြံများ၊ တရားကျောင်းကလေးအချို့ကို လှမ်းမြင် ရသည်။

သူ နေရာမှ ထကာ ထိုအက်ကြောင်းကြီးထဲမှ အ တွင်းသို့ ဝင်သွားလေသည်။ အတွင်းသို့ ရောက်သောအခါ ဥယျာဉ်ခြံအတွင်းမှ အဖြူရောင်ဝတ်စုံဖြင့် အဘိုးအိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလေသည်။ အဘိုးအို၏ အသက်ကို ခန့်မှန်းရ ခက်လှသော်လည်း ကျန်းမာ သွက်လက်နေဆဲပင်. . .။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာ ဆွတ်ဆွတ်ဖြူလျက် ရှိသည်။ အဘိုးအိုက ကျော်စွာကို မြင်သောအခါ အေးချမ်းစွာ ပြုံးပြလေသည်။ ကျော်စွာက အဘိုးအို အနီးသို့ ရောက်သွားကာ ရိုသေစွာ ကန်တော့လိုက်သည်။

"ငါ့မြေးက ခွန်လွန်တောင်တန်းက အဘိုး လွှတ်လိုက်တာ မဟုတ်လား၊ တို့တတွေက တရားကျင့်ဖော်ကျင့်ဖက်တွေပဲကွယ့်၊ သူက အပ်ထားလို့ ငါ့မြေး ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အဘိုး သိမ်းထားခဲ့တာ နှစ်ပေါင်း အတော်ကြာပြီ၊ အခုတော့ ပြန်ပေးဖို့ အချိန်ရောက်လာပြီ. . . လာလာ ငါ့မြေး၊ အဘိုး နောက်ကို လိုက်ခဲ့ပေတော့. . ."

ဟု ခေါ်သွားလေရာ ကျော်စွာက နောက်မှ လိုက်သွားလေသည်။ တောင်ပေါ် တစ်နေရာသို့ ရောက်သောအခါ နံ့သာဖြူပင်ကြီးတစ်ပင် ပေါက်နေသောနေရာတွင် ဂူပေါက်ဝတစ်ခုကို တွေ့ရသည်။ အဘိုးအိုက ထိုဂူအတွင်းသို့ ဝင်သွားလေရာ ကျော်စွာကလည်း နောက်မှ လိုက်လေသည်။

ကျောက်ဂူတစ်နေရာမှာတော့ ကျောက်စင်ပေါ်မှာ တင်ထားသော သေတ္တာကြီးတစ်လုံး ရှိသည်။ ကျောက်ဂူကြီးမှာ မဟော်ဂနီရောင် တောက်ပလျက် ရှိသည်။ အဘိုးအိုက သေတ္တာကြီးအား အဖုံးဖွင့်၍ အထဲမှာ ထည့်ထားသော ပစ္စည်းများကို တစ်ခုချင်း ထုတ်ပေးလေသည်။

ထိုပစ္စည်းများမှာ. . . ရွှေဖြင့် ပြုလုပ်ထားသော လည်ဆွဲတစ်ခု၊ ဆွဲပြား၏တဖက်တွင် သူရဋ္ဌ နေမင်း၏ အမှတ်အသားတစ်ခု ပါပြီး ကျန်တစ်ဖက်မှာတော့ 'ပုတ္တရ' ဟူသော စာလုံးများကို ရေးထိုးထားသည်။ နောက်တစ်ခုက ရတနာပစ္စည်းများ စီခြယ်ထားသော မကိုဋ် သရဖူတစ်ခုနှင့် ကျောက်စီ ဓါးတစ်လက်တို့ပင် ဖြစ်လေသည်။

"အဲဒါတွေဟာ ပုတ္တရဘုရင် ဥတ္တရရဲ့ ပစ္စည်းတွေပဲ ငါ့မြေး၊ ဒါတွေဟာ မင်းရဲ့အမွေပစ္စည်းတွေပဲ၊ ဒီပစ္စည်းတွေကို အဘိုး ထိန်းသိမ်း စောင့်ရှောက်ထားခဲ့တာ နှစ်ပေါင်းနှစ်ဆယ် ကျော်ခဲ့ပြီ၊ အခုတော့ ငါ့မြေးလက်ကို အပ်လိုက်တော့မယ်၊ သာသနာရဲ့အကျိုး၊ လောကရဲ့အကျိုးကို ထမ်းရွက်နိုင်တဲ့ သားကောင်းရတနာ ဖြစ်ပါစေကွယ်"


ဟု မှာကြားလေရာ ကျော်စွာက အဘိုးအိုအား ရိုသေစွာ ကန်တော့ပြီးနောက် ကျောက်နံရံအတွင်းမှ ပြန်ထွက်ခဲ့လေတော့သည်။

...ပြီးပါပြီ...




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁၇)

# သူရဲကောင်းတို့၏ မျိုးဆက်တိုက်ပွဲ

ဟိမဝန္တာ တောင်တန်းကြီးပေါ်မှ တောင်ဘက် ယွန်းယွန်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ဗြဟ္မပုတ္တရ မြစ်ကြီးအား အတိုင်းသား လှမ်းမြင်နိုင်လေသည်။ ဗြဟ္မပုတ္တရ မြစ်ကြီးသည် ဟိမဝန္တာတောင်ဘက်မှ အရှေ့ဘက်သို့ မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ် ကွေ့ကောက်ကာ စီးဆင်းသွားလေသည်။

ပုတ္တရမြို့သည် ဗြဟ္မပုတ္တရမြစ်၏ မြစ်ကမ်းပေါ်တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ၌ တည်ရှိလေသည်။ ဗြဟ္မပုတ္တရ မြစ်အမည်ကို အစွဲပြုကာ ပုတ္တရမြို့ဟု အမည်နာမ ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။ သူတို့သည် ကေလာသတောင်မှ ပြန်ဆင်းခဲ့ကြပြီး ဗြဟ္မပုတ္တရမြစ်အတိုင်း ခရီးဆက်ခဲ့ကြရာ ရက်အတန်ကြာသောအခါ ပုတ္တရ မြို့တော်သို့ ရောက်ကြလေသည်။

မြင်းများဖြင့် ခရီးဆက်ခဲ့ကြရာ ပုတ္တရမြို့သို့ အဝေးမှ လှမ်းမြင်ကတည်းက ကျော်စွာ ရင်တွေ ခုန်လာသည်။ နှစ်ပေါင်း များစွာ ကိုယ်ခန္ဓာအတွင်းမှာ ငြိမ်သက်နေသည့် မသိစိတ်အချို့က နိုးလာသည်။

"ငါရဲ့အမွေ ငါရဲ့ဌာနေပါလား"

ဟူသော အသိကြောင့် စိတ်ထဲမှာ တက်ကြွမှုတွေ ဖြစ်လာသည်။ ငယ်စဉ် ကလေးဘဝက ရွှေထီးရွှေနန်းစံ ဘဝဖြင့် ပျော်ရွှင်ခဲ့ရသော အဖြစ်များအား ရေးရေးမျှ ပြန်လည် မြင်ယောင်လာမိသည်။

ပုတ္တရသည် မြစ်ကမ်းယံ တလျှောက် တည်ထားသောကြောင့် လယ်ယာ ဥယျာဉ်မြေများ ကောင်းမွန်လှပြီး အနီးဝန်းကျင်ရှိ တောင်တန်းများတွင် အဖိုးတန် ကျောက်မျက်ရတနာနှင့် မြစ်ကမ်းတလျှောက်မှာ ရွှေများစွာ ထွက်လေရာ သယံဇာတ ပေါ်များလှသောကြောင့် ရွှေမြို့တော်ဟု တင်စား ခေါ်ဝေါ်ထိုက်သော မြို့တော် ဖြစ်သည်။





သူတို့ ရောက်သွားတော့ မြို့အနီးမှာရော မြို့တွင်းမှာပါ လူအများ စည်ကားစွာ သွားလာ လှုပ်ရှားနေသည်ကို တွေ့ရသဖြင့် စုံစမ်းကြည့်တော့ 'ပုတ္တရမြို့ သူရဲကောင်းရွေးပွဲများ ကျင်းပနေကြောင်း' သိရလေသည်။

ပြိုင်ပွဲ ကျင်းပနေသော နေရာမှာ နန်းရင်ပြင်ရှေ့၌ရှိသော ကွက်လပ်ကြီးတွင် ဖြစ်သည်။ မှူးကြီးမတ်ရာ သေနာပတိများ၊ စစ်သည်ရဲမက်များ၊ ပုတ္တရ မြို့သူမြို့သားများ ရာပေါင်း ထောင်ပေါင်းများစွာ ရှိနေပြီး အော်ဟစ် အားပေးသံများကလည်း ဆူညံလျက် ရှိနေတော့သည်။

ထိုပွဲ၌ နောက်ဆုံး အနိုင်ရသူသည် ပုတ္တရ ထီးနန်းကို သိမ်းပိုက်ရမည် ဖြစ်သောကြောင့် အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်လေသည်။ ပြိုင်ပွဲသို့ အနယ်နယ် အရပ်ရပ်မှ သူရဲကောင်းများ လာရောက် ယှဉ်ပြိုင်ကြလေသည်။

အိန္ဒိယဘက်မှ လာသော သူရဲကောင်းများ၊ တိဗက်တောင်တန်းများပေါ်မှ လာသော သူရဲကောင်းများ၊ ခွန်လွှန်တောင်တန်းဘက်မှ ရှောင်လင် သူရဲကောင်းများ၊ ကသည်း တုတ်သိုင်းသမားများ၊ မွန်ဂိုလီးယား၊ မန်ချူးရီးယားဘက်မှ သူရဲကောင်းများပင် ဝင်ရောက် ယှဉ်ပြိုင်ကြသောကြောင့် ကြိတ်ကြိတ်တိုး စည်ကားလှပေသည်။ ပြိုင်ပွဲ၏ အနိုင်ရရှိုး အဆုံးအဖြတ်မှာ ရှုံးသူက အသက်ပေးရခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲကို ပုတ္တရ နန်းရင်းဝန် အမတ်ကြီးနှင့် မှူးကြီးမတ်ကြီးများက ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ ပြိုင်ပွဲစည်းကမ်းအရ သူရဲကောင်းရွေးပွဲ ဝင်ရောက် ယှဉ်ပြိုင်သူသည် စင်မြင့်ပေါ်၌ မိမိနှစ်သက်ရာ လက်နက်ကို စိတ်ကြိုက်အသုံးပြုခွင့် ရှိသောကြောင့် တုတ်၊ ဓါး၊ လှံ၊ ကြိုး၊ ရဲဒင်းအစရှိသည်တို့ကို ကိုင်ဆောင်ပြီး အစွမ်းကုန် တိုက်ခိုက်ကြလေသည်။ တိုက်ပွဲဝင်သူတိုင်း၏ မျက်နှာပေါ်မှာ စစ်သွေးစစ်မာန်တို့ဖြင့် တက်ကြွလျက် ရှိနေကြသည်။

တိုက်ပွဲတွင် ပြိုင်ဖက်နှစ်ယောက်စလုံး ကျန်နေခြင်းမရှိဘဲ တစ်ယောက်ကတော့ ပြိုင်ပွဲမှရော လူလောက အပြင်ဘက်သို့ပါ ထွက်ပေးကြရလေသောကြောင့် နောက်ဆုံး မွန်ဂိုလီးယားဘက်မှ လာရောက် ယှဉ်ပြိုင်သော သူရဲကောင်းကြီးတစ်ဦးသာ ကျန်ခဲ့တော့သည်။ ထိုသူရဲကောင်းကြီးမှာ အရပ်အမောင်းက (၆)ပေကျော် မြင့်၍ ခန္ဓာကိုယ်ကလည်း ကြီးမားတုတ်ခိုင်လှသည်။

သတ္တုတစ်မျိုးဖြင့် စီမံ ပြုလုပ်ထားသော ကိုယ်ကြပ်အင်္ကျီနှင့် ခေါင်းစွပ်ကို ဝတ်ဆင်ထားပြီး ၎င်းအသုံးပြုသောလက်နက်မှာ အသွားထက်လှသည့် ကပ်ပါးကြီး ဖြစ်သည်။ ၎င်းကပ်ပါးချက် ထိပါက လူမဆိုထားနှင့်၊ မည်သည့်အရာမဆို တိကနဲ ပြတ်ကျသွားလောက်သည်။ ၎င်းကပ်ပါးချက်





ကြောင့် အသက်ပေး၍ ပြိုင်ပွဲမှ ထွက်သွားခဲ့ရသော သူရဲကောင်းတို့က မနည်းလှပြီ။

နေရောင်ခြည် ဖြန်းပက်ထားသော သတ်ကွင်းစင်ပေါ်မှာတော့ သွေးစက်တို့ဖြင့် ရဲရဲနီကာ ဝင်းလက် တောက်ပလျက် ရှိနေတော့သည်။ စင်ပေါ်မှာတော့ နောက်ဆုံး ကျန်နေသော မွန်ဂိုလီးယား သူရဲကောင်းသည် ၎င်း၏ ကပ်ပါးကြီးကိုမြှောက်ကာ မြှောက်ကာဖြင့် အော်ဟစ် ကြွေးကြော်ကာအောင်ပွဲခံနေလေသည်။

ထိုအချိန်တွင် စင်မြင့်တစ်နေရာမှာ နေရာယူထားသော နန်းရင်းဝန် အမတ်ကြီးက နေရာမှ ထရပ်ကာ. . .

"အနယ်နယ် အရပ်ရပ်က သူရဲကောင်းရွေးပွဲကိုရောက်လာကြတဲ့ သူရဲကောင်းအပေါင်းတို့၊ ယခု စင်ပေါ်မှာနောက်ဆုံး အနိုင်ရထားသူကတော့ မွန်ဂိုလီးယား သူရဲကောင်း ယက္ခ ဆိုသူ ဖြစ်ပါတယ်၊ ၎င်းအား ယှဉ်ပြိုင် တိုက်ခိုက်မည့်သူ ရှိပါက စင်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်အပ်ပါတယ်. . ."

နန်းရင်းဝန် အမတ်ကြီးက အော်ဟစ် မေးမြန်းသော်လည်း စင်ပေါ်သို့ တက်ဝံ့မည့်သူ မရှိတော့ပေ. . .။ ထိုအခါကျော်စွာက ပစ္စည်းများ ထည့်ထားသော အိတ်ကို ဆုလေးမိတ္တကို ပေးကာ စင်ပေါ်သို့ တက်ရန် ပြင်ဆင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင် သတိထားပြီး တိုက်နော်၊ သူ့ကြည့်ရတာ လူတစ်ယောက်နဲ့ မတူလှဘူး၊ နာမည်နဲ့ လိုက်အောင် ဘီလူး တစ်ကောင်နဲ့ တူလှတယ်"

"ငါ့အတွက် ဘာမှ စိတ်မပူနဲ့ မိတ္တ၊ ဒီကနေ့ ငါ့မိဘ တွေရဲ့အမွေ၊ ငါ့ရဲ့အမွေကို ပြန်ရအောင် ယူရမယ့်နေ့ပဲ. . ."

ဟု ပြောဆိုကာ သစ္စာပါလဓါးကို ကိုင်ကာ နန်းရင်း ဝန် အမတ်ကြီး ရှိရာသို့ တက်သွားလေသည်။ သူ တက်လာ သည်ကို မြင်သောအခါ ပရိသတ်များက. . .

"ဟေး သူရဲကောင်း ပေါ်လာပြီကွ. . ."

ဟု ဝိုင်းဝန်း အော်ဟစ်ကြလေသည်။ ယက္ခကြီးက တော့ ကျော်စွာ တက်လာသည်ကို မြင်သောအခါ သား ကောင်ကို တွေ့သော မုဆိုးတစ်ဦးပမာ ကျယ်လောင်စွာ အော်ဟစ် ရယ်မောနေလေသည်။

သူက နန်းရင်းဝန် အမတ်ကြီးများ ရှိသောနေရာသို့ သွားကာ အရိုအသေ ပေးလိုက်၏။ အမတ်ကြီးများက သူ့ ကို အကဲခတ်ကာ အံ့ဩနေကြသည်။ ယက္ခကြီးကဲ့သို့ ဘီလူး တစ်ကောင်ကဲ့သို့ ကြမ်းတမ်း ခက်ထန်လှသော လူကြမ်းကြီး ကို ဓါးတစ်လက်ထဲနှင့် တက်ရောက် ယှဉ်ပြိုင်ဝံ့သော သတ္တိကို အံ့ဩနေကြခြင်း ဖြစ်သည်။

"သူရဲကောင်းရဲ့ အမည်ကို ပြောပါ"





"ကျော်စွာ. . ."

"ဘယ်အရပ်ဒေသက လာရောက် ယှဉ်ပြိုင်တာလဲ"

"ခွန်လွန်တောင်တန်းကပါ"

"ဟင်. . ."

ထိုစကားကြောင့် အားလုံး တအံ့တဩ ဖြစ်သွားကြ သည်။ ကျော်စွာကို အသေအချာ အကဲခတ်ကြည့်ရင်း တစ်စုံ တစ်ခုကို သတိရလာကြသည်။

"သင်ရဲ့ မျိုးနွယ်ကို ပြောပါ"

"ယခု မပြောလိုပါ. . . အောင်ပွဲခံပြီးမှသာ ပြောလိုပါ ၏"

"ကောင်းပါပြီ၊ သင်ဟာ နက္ခတ်တာရာများကို စောင့် ရှောက်တော်မူသော နတ်ဒေဝတာတို့က စေလွှတ်လိုက်တဲ့ ကျွန်ုပ်တို့ စောင့်စားနေသည့် သူရဲကောင်း ဖြစ်မည်ဟု ယုံ ကြည်ပါတယ်. . . ယခုပွဲမှာ သင် အောင်ပွဲ ခံနိုင်ပါစေလို့ ကျွန်ုပ်တို့က ဆုတောင်းပေးပါ့မယ်"

ကျော်စွာက ခေါင်းတစ်ချက် ညိတ်ပြပြီး ဓါးကို ကိုင် ကာ သတ်ကွင်းစင်ပေါ် သို့ ခုန်တက်သွားလေတော့သည်။ တိုက်ပွဲ စသည်နှင့် ယက္ခကြီးက ၎င်းကိုင်ဆောင်သော ကပ်ပါး ကြီးကို အသုံးပြုလျက် တရကြမ်း ဝင်ရောက် တိုက်ခိုက်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂင်းသည် အရပ်အမောင်းရော ခွန်အားဗလပါ ကျော်စွာထက် များစွာ သာသူ ဖြစ်သောကြောင့် ခွန်အားဗလကို အားပြုကာ တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်ရန် ကြိုးစားဟန် ရှိလေသည်။ ဂင်းအသုံးပြုသော ကပ်ပါးကြီးမှာ ကြောက်စရာ ကောင်းလှသလို တိုက်ခိုက်ရေး ပညာမှာလည်း ကျွမ်းကျင်လှပေသည်။

သူ့ကိုယ်နှင့် ဦးခေါင်း၌ ဝတ်ဆင်ထားသည့် ကိုယ်ကြပ် အင်္ကျီနှင့် ခေါင်းဆောင်းမှာ ခါးလုံ့များ ထိုးခုတ်၍ မရနိုင်သောကြောင့် တစ်ဖက်လူကို ရဲရဲတင်းတင်းပင် ဝင်ရောက်တိုက်ခိုက်ဝံ့လေသည်။

သို့ကြောင့်လည်း သူ့လက်ချက်ကြောင့် တစ်ယောက်ပြီး တစ်ယောက် အသက်ပျောက်သွားခြင်း ဖြစ်သည်။ ကျော်စွာက ဂင်း၏ ကပ်ပါးချက်များကို ကျွမ်းကျင်စွာ ရှောင်တိမ်းရင်း ချက်ကောင်းကို စောင့်နေလေ၏။

"ငါ့မြေး. . . အပူ အပူချင်း၊ အအေးကို အအေးချင်း တွေ့လို့မရဘူး၊ အအေးလာရင် အပူနဲ့ တွေ့၊ အပူလာရင် အအေးနဲ့ တွေ့မှ နိုင်မယ်၊ ကျောက်ခဲတစ်လုံး လာတာကို ကျောက်ခဲတစ်လုံးနဲ့ ဆီးခံရင် မီးပွင့်ထွက်မယ်၊ နှစ်ခုစလုံး ကွဲကြေသွားမယ်၊ ကျောက်ခဲ ရေထဲ ကျသွားရင် အလွယ်တကူ နှစ်မြှုတ်ပစ်လိုက်လို့ ရသလို ပြင်းထန် မာကြောလှတဲ့ တိုက်





ကွက်တွေကို ပျော့ပြောင်းနူးညံ့တဲ့ တိုက်ကွက်တွေနဲ့ တိုက်ခိုက်မှ နိုင်မယ်. . ."

ခွန်လွန်တောင်တန်းမှ အဘိုး သူတော်စင် သင်ကြားပေးလိုက်သော စကားများကို သတိရသဖြင့် ယက္ခကြီး၏ ပြင်းထန်သော တိုက်ခိုက်မှုများကို ရင်ဆိုင် တိုက်ခိုက်ခြင်း မပြုတော့ဘဲ အလွယ်တကူ ရှောင်တိမ်း၍ လျှပ်တပြက် ပြန်လည် တိုက်ခိုက်လေရာ ယက္ခကြီးမှာ တစ်ချက်ပြီးတစ်ချက် အထိနာလေတော့သည်။ ကိုယ်ကြပ်အင်္ကျီ ရှိနေသောကြောင့်သာ အသက်မသေခြင်း ဖြစ်ပေသည်။

တစ်ကြိမ်တွင် ယက္ခကြီး၏ ကပ်ပါးချက်ကို ရှောင်လိုက်ရင်း သွေးကွက်ကို နင်းမိကာ လဲကျသွားသည်။ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ယက္ခကြီးက အပေါ်မှ ကပ်ပါးနှင့် မိုးခုတ်ချလိုက်သည်။ အဝေးမှ လှမ်းကြည့်နေသူများမှာ မျက်လုံးများ ပြာဝေသွားလောက်အောင် အထိတ်တလန့် ဖြစ်သွားကြသည်။ လူပုလေး မိတ္တာပင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အပေါ်မှ ကျလာသော ကပ်ပါးချက်ကို လွတ်ရုံကလေး လှိမ့်ရှောင်ပေးလိုက်ရာ အင်အားပြင်းလှသည့် ကပ်ပါးချက်က ကြမ်းပေါ်သို့ ဒိုးကနဲ စိုက်ဝင်သွားတော့သည်။ အောက်ဖက်မှ ကျော်စွာက ကပ်ပါး ကိုင်ထားသော လက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်စလုံးကို သစ္စာပါလ ဓါးဖြင့် ပိုင်းဖြတ်ပစ်လိုက်လေသည်။

"ဒုတ် . . ."

"အားး . ."

ယက္ခကြီးမှာ ကျယ်လောင်စွာ အော်ဟစ်၍ နောက်ဖက်သို့ ယိုင်ထွက်သွားစဉ် ကျော်စွာက လွှားကနဲ ခုန်တက်သွားပြီး ဦးခေါင်း တည့်တည့်မှ ပိုင်းချလိုက်တော့သည်။

"အဲဒါ ပုတ္တရ အမွေအတွက် သစ္စာပါလ ဓါးချက်ပဲဟေ့"

"ဟေး . . ."

ပရိသတ်ကြီး၏ အော်သံများက တခဲနက် ပေါ်ထွက်လာလေတော့သည်။

"ခွန်လွန်တောင်တန်းက သူရဲကောင်း"

"ခွန်လွန်တောင်တန်းက သူရဲကောင်း"

"ခွန်လွန်တောင်တန်းက သူရဲကောင်း"

ဟု သံပြိုင် အော်ဟစ်ကြလေသည်။ ကျော်စွာကလည်း သွေးစွန်းနေသော ဓါးကို မြှောက်ကာ အောင်ပွဲခံလေတော့သည်။ နေရောင်ခြည်အောက်မှာ ချွေးတို့သွေးတို့ဖြင့် တောက်ပလျက် ရှိသော အမူအရာမှာ ရွှင်လန်း တက်ကြွလျက် ရှိနေတော့သည်။

သူ ရှိရာသို့ နန်းရင်းဝန် အမတ်ကြီးနှင့် မှူးမတ် ဗိုလ်ပါ





များရော၊ လူပုလေး မိတ္တာပါ ရောက်လာလေတော့သည်။

"ခွန်လွန်တောင်တန်းက သူရဲကောင်း၊ သင်ရဲ့ အမျိုးအနွယ်ကို ပြောပါလော့"

နန်းရင်ဝန်ကြီးက မေးလိုက်လေသည်။

"ကျွန်ုပ်သည် ပုတ္တရရဲ့ မျိုးဆက်သွေး ဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့ဖခင်မှာ ဥတ္တရာဘုရင် ဖြစ်ပြီး မယ်တော်မှာ စန္ဒာဒေဝီ ဖြစ်ပါတယ်"

"အလို့ . . . ပျောက်ဆုံးနေတဲ့ သားတော်လေး ပြန်ရောက်လာပါရော့လား"

ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်ကြလေသည်။ ကျော်စွာက လူပုလေး မိတ္တာထံမှ ရွှေဒေါင်းခွက်၊ မကိုဋ်သရဖူနှင့် ကျောက်စီဓါးကို ပြသောအခါ ပုတ္တရာဘုရင်၏ မျိုးဆက်သွေး အမှန်ဖြစ်ကြောင်း ယုံကြည်ကြလေတော့သည်။

"အရှင့်သား . . . ကျွန်တော်မျိုးကြီးတို့ သတင်းစုံစမ်းပြီး ရှာဖွေနေတာ ကြာပါပြီ၊ အနယ်နယ် အရပ်ရပ်သို့ အထောက်တော်များလည်း လွှတ်ထားပါတယ်၊ ယခုလို ပြန်လည် ရောက်ရှိလာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်၊ ဥတ္တရာဘုရင်ရဲ့ အမွေ ဖြစ်သော ပုတ္တရမြည်ကို သိမ်းပိုက်ပါတော့ အရှင့်သား"

ဟု အပ်နှံကြလေရာ ကျော်စွာအနေနှင့် မျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com



အမွေအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပြီ ဖြစ်ပေတော့သည်။

...ဗုဒ္ဓဓာ...





အခန်း (၁၈)

# သစ္စာထုံးသည့် မေတ္တာဆုံတဲ့ပွဲ

အနုရာဓ၏ ရွှေနန်းဆောင်အတွင်း၌ ဖြစ်သည်။ ဘုရင်မ ကေသရီ ရှေ့တော်မှောက်သို့ ကိုယ်ရံတော်မှူး ရောဟဏီ ဝင်ရောက်လာပြီး ရွှေပေလွှာတစ်ချပ်ကို ပေးလေသည်။

"ဘယ်က ပို့တဲ့ ရွှေပေလွှာလဲ ရောဟဏီ"

"ပုတ္တာရပြည်က အထောက်တော်တွေ ရောက်နေပါတယ် သခင်မ၊ ဤရွှေပေလွှာက ပုတ္တာရဘုရင် ပို့လိုက်တဲ့ရွှေပေလွှာ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေသရီက ထိုရွှေပေလွှာကို မယူဘဲ. . .

"အကြောင်းကိစ္စက ဘာတဲ့လဲ. . ."

ဟု မေးလိုက်သည်။

"အကြောင်းကတော့ ပုတ္တာရဘုရင်က သခင်မလေးကို လက်ဆက်လိုတဲ့ အကြောင်း ရွှေပေလွှာ ပါးတာ ဖြစ်ကြောင်း အထောက်တော်များထံမှ ကြားသိရပါတယ်. . ."

ကေသရီက နန်းဆောင် ပြတင်းပေါက် အဝေးသို့ မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"သခင်မလေး အဲဒီကိစ္စတွေကို ဘယ်လိုမှ စိတ်မဝင်စားသေးပါဘူး ရောဟဏီရယ်. . . ဒါကြောင့် မဖြစ်နိုင်သေးတဲ့ အကြောင်းသာ ရွှေပေလွှာ ပြန်ပါးလိုက်ပါ. . ."

"ပုတ္တာရဘုရင်က ဒီလိုနဲ့တော့ အလျှော့ပေးလိုဟန် မရှိပါ သခင်မလေး. . . အနုနည်းနဲ့ မရရင် အကြမ်းနည်း သုံးပြီး သိမ်းပိုက်ဖို့ အစီအစဉ် ရှိကြောင်း အထောက်တော်များထံမှ ကြားသိရပါတယ်. . ."

"ဒီလိုဆိုတော့လည်း ကိုယ့်ဘက်က ပြင်ဆင်စရာ ရှိတာတွေ ကြိုတင် ပြင်ဆင်ထားရမှာပေါ့. . . ရောဟဏီ မင်းပါဝဏာကိုပါ ခေါ်ပြီး ခွန်လွန်တောင်တန်းမှာ ရှိတဲ့ သူရဲကောင်းကို သခင်မ အမိန့်တော်နဲ့ အမြန်ဆုံး ခေါ်လာခဲ့ပေတော့"

"ကောင်းပါပြီ သခင်မ. . ."





နောက်တစ်ပတ်ခန့် ကြာသောအခါ ခွန်လွန်တောင်တန်းကို သွားကြသော ပါဝဏာနှင့် ရောဟဏီတို့အဖွဲ့ ပြန်ရောက်လာသည်။

"သခင်မလေး. . . ခွန်လွန်တောင်တန်းမှာ သူတော်စင် အဘိုး၊ သခင်လေး မိခင်နှင့် သခင်လေးတို့ သုံးယောက်စလုံးကို မတွေ့ခဲ့ရပါ"

"သူတို့ ဘယ်ရောက်သွားကြပြီလဲ. . ."

ထိုအခါ ပါဝဏာက. . .

"ဟိုတစ်လောက ပုတ္တာရ တိုင်းပြည်မှာ သူရဲကောင်းရွေးပွဲတွေ ကျင်းပနေပါတယ်. . . သခင်လေးဟာ အဲဒီကို သွားမယ်လို့ ထင်မိပါတယ်. . ."

ဟု ပြောလေသည်။

"ဟင်. . . သူက ဘုရင်ရွေးပွဲကို သွားရောက် ယှဉ်ပြိုင်တယ်၊ ဟုတ်လား ပါဝဏာ. . ."

"မှန်ပါတယ် သခင်မလေး၊ သခင်လေးဟာ သာမန်အညတြတစ်ယောက် မဟုတ်ပါဘူး၊ ပုတ္တာရဘုရင်ရဲ့ သားတော် ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ဖခင်ရဲ့အမွေကို ပြန်လည်သိမ်းပိုက်နိုင်ဖို့အတွက် သွားရောက် ယှဉ်ပြိုင်တာ ဖြစ်ပါတယ် သခင်မလေး. . ."

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကေသရီမှာ အံ့ဩဝမ်းသာ ဖြစ်သွားမိလေသည်။ စိတ်ထဲမှာလည်း. . .

"ဒါကြောင့် အဆင့်အတန်းတူတဲ့ တစ်နေ့မှာ သူ ပြန်လာမယ်လို့ ပြောသွားတာကိုး. . ."

ဟု တွေးလိုက်မိလေသည်။

"ဒါဖြင့် ပုတ္တရမှာ သူရဲကောင်းရွေးပွဲတွေ ကျင်းပပြီးပြီပေါ့နော်. . ."

"ပြီးပါပြီ သခင်မလေး၊ ဒါကြောင့် ပုတ္တရရဲ့ ဘုရင်လေးက သခင်မလေးကို လက်ဆက်ဖို့ ကမ်းလှမ်းလာတာဖြစ်ပါတယ်. . ."

ထိုစကား ကြားသောအခါ ကေသရီ ရင်ထဲမှာ ဝမ်းသာစိတ်ကြောင့် လှုပ်ရှားလာမိလေသည်။

တစ်နေ့သောအခါ ပုတ္တရမှ အထောက်တော် တစ်ယောက် ရောက်လာပြီး ဘုရင်မ ကေသရီအား တွေ့ခွင့်တောင်းလာသည်။

"သခင်မလေး. . . အပြင်ဆောင်မှာ ပုတ္တရက အထောက်တော် ရောက်နေပါတယ်. . ."

ဟု ပါဝဏ လာပြောသဖြင့် ထွက်သွားသောအခါ မမျှော်လင့်သူ တစ်ယောက်ကို တွေ့ရလေသည်။ ထိုသူကို မြင်သောအခါ ကေသရီ ရင်ထဲမှာ ဖော်မပြတတ်လောက်





အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်။

ပုတ္တရမှ လာသော အထောက်တော်မှာ အခြားသူ မဟုတ်ပေ။ ကျော်စွာပင် ဖြစ်ပေသည်။ ကျော်စွာကတော့ ကေသရီကို မြင်တော့ ဦးညွတ်၍ အရိုအသေ ပြုလေရာ ကေသရီ ပြုံးလိုက်သည်။

"ပုတ္တရရဲ့ အရှင်သခင်ကို မထေမဲ့မြင် ပြုမိတာ ခွင့်လွှတ်တော်မူပါ အရှင်. . ."

ကေသရီက ခနဲ့သောလေသံဖြင့် ပြောလိုက်ရာ ကျော်စွာက ပြုံးလိုက်လေသည်။

"ကေသရီ ကိုယ့်အကြောင်းတွေကို သိပြီးပြီပေါ့နော်"

"သိပြီးပါပြီ အစ်ကိုရယ်. . . အခုလို အစ်ကိုရဲ့ ဘဝမှန်ကို ပြန်ရောက်သွားတာ ကျွန်မဖြင့် သိပ်ပြီး ဝမ်းသာတာပဲ"

"ကိုယ်ကလည်း ကေသရီရဲ့ လေးစားလောက်တဲ့ စိတ်ထားကို သိရလို့ ဝမ်းသာမိပါတယ်. . . တကယ်တော့ ကေသရီဟာ နှလုံးသား ဖြူစင်လှတဲ့ မိန်းကလေးတစ်ယောက်ပါပဲ. . ."

"မိန်းမသားတစ်ယောက်အဖို့ ဦးခေါင်းပေါ်က မကိုဋ်သရဖူထက် နှလုံးသားက သစ္စာတရားကို ပိုပြီး အလေးထားရပါတယ်. . . ကျွန်မတစ်သက်မှာ တစ်ခါသာ ပွင့်တဲ့မေတ္တာပန်းကို ဘယ်အရာတွေနဲ့မှ မလဲနိုင်ပါဘူး၊ ဒါဟာ ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ သစ္စာစကားပါပဲ. . .”

“ကိုယ် ယုံကြည်ပါပြီ ကေသရီရယ်. . . မေတ္တာတရားကို တန်ဖိုးထားလွန်းတဲ့ ကေသရီကို မထေမဲ့မြင် မပြုတော့ပါဘူး၊ ဒါကြောင့် တစ်သက်လုံး လက်တွဲသွားဖို့အတွက် ဆုံးဖြတ်ပြီး ကေသရီ ရှိရာကို လိုက်လာခဲ့တာပါ. . .”

“ကျွန်မဘဝမှာ အလိုအပ်ဆုံးက ရွှေထီးရွှေနန်းနဲ့ မကိုင်ရှိသရဖူ မဟုတ်ဘူး၊ အစ်ကို့ဆီက နွေးထွေးကြင်နာတဲ့ မေတ္တာစကားပဲ. . . ဒီစကားတစ်ခွန်းနဲ့တင်. . . ရင်ထဲမှာ ရော. . . ဘဝတစ်ခုလုံးပါ ပြည့်စုံခြင်းသို့ ရောက်သွားခဲ့ပါပြီ ပုတ္တာရချစ်သူရယ်. .”

ဟု ပြောလိုက်သောအခါ ကျော်စွာက. . .

“အော်. . . ကေသရီရယ်. . .”

ဟု ရေရွတ်ကာ ကေသရီ၏ ကိုယ်လေးကို ကြင်နာစွာ ထွေးဖက်လိုက်လေသည်။

တကယ်ဆိုမူ. . .

ချစ်သူနှစ်ယောက်အတွက်. . .

ဂုဏ်ပကာသန မလို. . .

ရွှေငွေရတနာ မလို. . .

တစ်ကယ် လိုအပ်သည်က. . . သစ္စာတရားဖြင့် ထုံမွှမ်းသော အကြင်နာရနံ့ သင်းသည့် ချစ်ခြင်းမေတ္တာ ဖြစ်ပေ





တော့သည်။

ချစ်ခြင်းရနံ့ဖြင့် ထုံသင်းသော လောကတရားသည်လည်း အစဉ်သဖြင့် လှပပါစေဟု ဆန္ဒပြုမိရင်း ကျွန်ုပ် ရေးသားသော (သစ္စာပါလစ်) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း ဤနေရာတွင် နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။။


အနိယာ ဟောတု သဗ္ဗေ အတ္တာနံ ပရိဟရန္တု။

တြိစက္က

စာပြီးချိန်။ ။ ၂၀၀၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်၊
တနင်္ဂနွေနေ့၊ ည(၁၂)နာရီ။



BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com
အောင်မြင်စာပေ
တြိစက္က
(၂)
သစ္စာပါလသား
ဂမ္ဘီရဆန်းကြယ် လုံးချင်း ဝတ္ထု
BURMESE CLASSIC .com
www.burmeseclassic.com